www.burmeseclassic.com



# မြင်းကလေး

ချစ်သူပဲလိုတယ်



DESIGN THEIN SHWE KYI

www.burmeseclassic.com

www.burmeseclassic.com

# မိန်းကလေး

## ချစ်သူပဲလိုတယ်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## အခန်း(၁)

လိမ္မော်ရောင်စဥ့် ဖြန်းပက်ထားသော သည်းဆောညနေခင်းအလှ သွေးလှုပ်ပြချိန်မယ်။

ညိုညာပြန့်ဖြူးသောမြက်ခင်းစပ်မှာ ဂေါက်သီးလုံးဖြူဖြူ ကလေးများစီတန်းလျှက်ရှိနေပါသည်။

ဆယ်ပေသာသာမျှဝေးသော မြက်ခင်းလယ်ရှိ ကျင်းထဲဝင်အောင် ဂေါက်တံနဲ့လက်စေမှန်မှန်ရိုက်ကစားနေတဲ့ ခေတ်သမီး။

ဆယ်လုံးမက ရိုက်ပြီးသွားသော်လည်း တစ်လုံးမှကျင်းပေါက်ထဲ မဝင်သေးပါ။တစ်လုံးကကျော်သွားလိုက်။ တစ်လုံးက ကျင်းနားရောက် ခါနီးမှာ တန့်သွားလိုက်။ တစ်လုံးက စောင်းပြီး မြက်ခင်းအစပ်ဆီလိမ့်ဆင်း သွားလိုက်နဲ့။

www.burmeseclassic.com

www.burmeseclassic.com



ကျင်းထဲမဝင်နိုင်တဲ့ဂေါက်သီးဆယ်လုံးမက မြက်ခင်းမှာဖြန့်ကျဲနေပါသည်။

တစ်လုံးမှ မဝင်သေးသော်လည်း ခေတ်သမီး စိတ်ဓါတ်မကျပါ။

ဒီတစ်လုံးလွဲရင် နောက်တစ်လုံးတော့ ဝင်ချင်ဝင်မှာပဲ။

တဖြည်းဖြည်းကျင့်နေရင်း လက်ဆမှန်လာမှာ သေချာသောကြောင့် စိတ်အားထက်သန်စွာ၊ ခေတ်သမီးလေ့ကျင့်ကောင်းနေဆဲဖြစ်သည်။

တော့လွဲသွားရင်

ဟာခနဲအော်မိတာရှိသလို လွန်သွားတာဆိုရင် 'ဟင်' ခနဲ လည်းဖြစ်ကာ တစ်ယောက်တည်း သံစုံဖြည့်ရေရွက်ရင်း

ဂေါက်သီးလုံးသုံးဆယ်စီ တန်းချထားတာ၊ နောက်ဆုံးတစ်လုံးဟည်းကျန်လေသည်။

ဂေါက်တံထောက်လျက် ခြေတစ်ဖက်ခေါက်ပြီး ခေတ်သမီးထိုင်ချသည်။ ဂေါက်သီးနဲ့ကျင်းကို ကိုယ်လုံးလေး နိမ့်ချကာ ဝင်သာနိုင်တဲ့လမ်းကြောင်းကို တစ်ဖြောင့်တည်းကြည့်၏။ ကျင်းနဲ့ဂေါက်သီးက တန်းနေသည်။

အင် ... ။

ဒီတစ်လုံးတော့ ဝင်အောင်ရိုက်ဦးမှ။

ထိုင်ရာမှ ထကာ ခေတ်သမီးလက်ဆချိန်သည်။ ခြေခွဲရပ်၍ဂေါက်တံကို မြဲအောင်ကိုင်သည်။

ခုဏက ကြည့်ထားတဲ့လမ်းကြောင်းအတိုင်း မှန်းဆကာ ခေါက်တုန့် ခေါက်ပြန်ကြည့်လျက်။

ပြီးနောက်



ဂေါက်သီးနဲ့ဂေါက်တံလေးခွါကာ အားအသင့်ထည့်ရိုက်လျှင်ထောင့်ခနဲ့ အသံမြည်သွား၏။

မြည်သံနောက်မှာ ဂေါက်သီးက အားထည့်ထားတဲ့အချိန်အဆအတိုင်းမြက်ခင်းပေါ်လျှပ်တိုက်ပြေးလွှားကာ ကျင်ထဲတန်းခနဲ့ဝင်သွား၏။

"ဟေး ၊ ဒါမှ"ဟု

ခေတ်သမီး အားရဝမ်းသာအော်ဟစ်ကာ။ ဂေါက်တံကို မြှောက်ကစားရင်း မြက်ခင်းစိမ်းပေါ် ခုန်ပေါက်မြူးတူးနေလေသည်။

တစ်ကြိမ်မမှန်သော်လည်း အကြိမ်သုံးဆယ်မြောက်မှာ လက်ဆမှန်သွားကာ.... ။

ကျင်းပေါက်ထဲဝင်သွားတဲ့ ဂေါက်သီးကို အားရပါးရ ပြေးနှိုက်လျှင်...

"တီ တီ တီ "

မြက်ခင်းစပ်ရှိ စားသောက်စရာစားပွဲဝိုင်းပေါ်တင်ထားတဲ့လက်ကိုင်ဖုန်း ထမြည်လေသည်။

ဖုန်းမြည်သံကြောင့် ခေတ်သမီး လက်တုန့်ခနဲ့ ဖြစ်သွား၏။

"တီ တီ တီ"

ဖုန်းကမြည်နေဆဲ။

ခေတ်သမီး တွန့်သွားတဲ့လက်ကို ပြန်မရုပ်ဖြစ်၊ ရှေ့ဆက်တိုးကာကျင်းပေါက်ထဲက ဂေါက်သီးနှိုက်ယူပြီးမှ စားပွဲဆီလျှောက်လာသည်။

လက်ထဲက ဂေါက်သီးဖြူဖြူစွတ်စွတ်ကို စားပွဲပေါ်တယုတယတင်ကာ မြည်နေဆဲ လက်ကိုင်ဖုန်းကောက်ကိုင်လေသည်။

"ဟဲလို"

www.burmeseclassic.com

www.burmeseclassic.com



"အမလေး မီးရယ်၊ ခေါ်လိုက်ရတာ။ ရာစုတစ်စုလောက် ကြာတယ်။ တကလည်း ဘာဖြစ်လို့ ဖုန်းမကိုင်ရတာလဲ။ မုန်းချင်လာပြီ ၊ ဟင့်။"

ခေတ်သမီး ဖုန်းထူးလိုက်သည်နှင့် တစ်ဖက်က ရန်တွေ့သံအရှည်ကြီး ကြားရလေသည်။

ခေတ်သမီးပြုံးမိပြီး.... ။

"မုန်းချင်လဲ မုန်းလိုက် ပေါ့ ပပ... ရဲ့။"လို့

မီး နောက်ချင်စိတ်နဲ့ ပြောလိုက်သည်။

မမြင်ရပေမယ့် ပပ မျက်စောင်းထိုးပြောလာမှာ သေချာသည်။ တကယ်လည်း ဆင်းပပရဲ့ စူးရှရှ အသံချက်ချင်းထွက်လာ၏။

"အမလေး၊ မုန်းမရလို့ပေါ့ဟဲ့။"

"ကဲ မုန်းမရရင်လဲ ပြော၊ ဘာကိစ်။"

ခေတ်သမီး စားပွဲရှေ့က ထိုင်ခုံမှာ ဝင်ထိုင်လိုက်သည်။

ဆင်းပပက သူမရဲ့မူဟန်အတိုင်း သွက်သွက်ကလေးပြောလေပြီး။

"ဟဲ့ မီး၊ ဒီည အင်ကြင်းနီတို့ခြံမှာ 'လဝန်း ပွဲတော်'လုပ်မလို့တဲ့ "

"လဝန်းပွဲတော်"

ခေတ်သမီး နားမလည်။ သံယောင်လိုက်ရွက်ပြီး ဆက်မေး၏။

"လဝန်းပွဲတော် ဆိုတာ ဘာပွဲလဲ ဟ"

"ဟယ်။ မီး တုံးလှချည်းလား။ ဒါလေးတောင် မသိဘူးတဲ့



အံ့ပါ့"

"ပပရယ် ၊ တကယ်မသိလို့ပါ ၊ရှင်းပါဦး ၊ဘာလဲဆိုတာ"

"လဝန်းပွဲတော်ဆိုတာက နှစ်သစ်ကူးပြီးလို့ ပထမဦးဆုံး လပြည့်ဝန်းကိုကြည့်ကြတဲ့ပွဲ၊ ကိုးရီးယားတွေရဲ့ပွဲတော်တစ်ခုဟဲ့၊ တစ်နှစ်လုံး ငြိမ်းချမ်းပြည့်ဝတဲ့မင်္ဂလာအပေါင်း ပြည့်ပါစေလို့ မျှော်လင့်ခံစားကြတဲ့ စိတ်ကူးယဉ်ခံစားပွဲပေါ့ဟယ်"

"ဟွန်း၊ မီးတို့က ကိုးရီးယားမှမဟုတ်တာ"

"ဟုတ်တယ် ၊ကိုးရီးယားမဟုတ်ဘူး။ ဒါပေမဲ့ အင်ကြင်းစံ အစ်မ မမရွှက်ရိပ်စံ သိတယ်မဟုတ်လား"

"အင်း"

ခေတ်သမီး စိတ်ဝင်တစား စကားထောက်ပေးသည်။ ဆင်းပပကလည်းသိသမျှ ဆရာကြီးလေသံနဲ့ဆိုသည်။

"မမရွှက်ရိပ်စံက ကိုးရီးယားမှာနေလာတော့ ကိုးရီးယားဆန်လာတယ် ဆိုပါတော့ဟယ်၊လဝန်းပွဲတော်က တို့ဆီမှာ ဘယ်သူမှ မလုပ်ကြဘူးဆိုတော့ 'သူ'က ဦးဦးဖျားဖျားလုပ်မယ်ပေါ့ဟယ်၊ အဲဒါနဲ့ အင်ကြင်းစံက ပပ တို့သူငယ်ချင်း အားလုံးကို လာဖို့ဖိတ်လိုက်တယ်"

"အဟယ် ပျော်စရာကြီးနေရမှာနော့ ... ပပ"

"အေးပေါ့ဟယ် ထူးထူးခြားခြားနွဲရမယ့်ပွဲလေ၊နှစ်သ စ်ကူးပွဲ Happy New Year ပွဲတို့ဆိုတာ ရိုးနေပြီ မဟုတ်လား။ မမရွှက်ရိပ်စံ လုပ်ပေးမယ့် ဒီလဝန်းပွဲတော်က၊ ပွဲဆန်း တယ်လေ။ အားလုံးကလည်း စိတ်အားထက်သန်နေကြတယ်။ ပြီးတော့လေ အဲဒီ 'လဝန်းပွဲတော်'မှာ လပြည့်ဝန်းကြီးကို ကြည့်ပြီး ၊ ကိုယ့်စိတ်ထဲက လိုရာကို စိတ်ကူးယဉ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ဆုတောင်းရင်၊ ပြည့်တာတဲ့"

"ဘယ်လို"

ဆင်းပပ ပြောတာ၊ ခေတ်သမီး သိပ်နားမရှင်းပါ။ ဖုန်းကို တစ်ဖက်နားပြောင်းကိုင်ရင်း မေးသည်။

ဆင်းပပကလည်း သိထားသမျှ ပြောချင်တာနဲ့ အံကိုက်ဖြစ်လို့နေသည်။

"ဥပမာ ဟယ်၊ မီးကတစ်ခုခု လိုချင်တယ်ပေါ့၊ လိုချင်တဲ့စိတ်နဲ့ လပြည့်ဝန်းကြီးကိုစိုက်ကြည့်ပြီး၊ စိတ်ကူး ယဉ်ခံစားလိုက်ရင် ၊ အဲဒီခံစားမှုက ပြည့်ရောတဲ့"

"ဟုတ်ရဲ့လား ပပရယ်"

"အဲဒါတော့ ပပလည်း မသိဘူးလေ။ မမရွက်ရိပ်စံပြောတာ၊ ဟုတ် မဟုတ် စမ်းကြည့်လို့ရတယ်"

"ပပ က ဘယ်လိုစမ်းကြည့်မှာလဲ။"

"အင်း .. ဟိုလေ၊ ပပလိုချင်တဲ့ ချစ်သူပုံစံလေး စိတ်ကူးယဉ်ကြည့်မလို့"

"အဲ"

ပပအသံလေးကလည်း ရှက်ရိပ်ပါနေသလို .. အဲခနဲ ထွက်သွားတဲ့ ခေတ်သမီးအသံကလဲ ရှက်လို့ပဲထွက်ကာ။

"အဲ လုပ်မနေနဲ့၊ မမရွက်ရိပ်စံတောင် အဲလိုစိတ်ကူးယဉ်လိုက်တာ တကယ်ချစ်သူရသွားတာတဲ့။"

ဆင်းပပစကားနောက်မှာ ခေတ်သမီးရင်ခုန်သလို ဖြစ်သွားသည်။

"မီး လဲ။ စိတ်ကူးယဉ်စရာအကြောင်းရင်း ကြိုရှာပေးတော့။



ဒါပဲနော် လဝန်းပွဲတော်မှာ ဒီညဆုံကြမယ် ဘိုင် ဘိုင်။"

ဆင်းပပက သူမပြောချင်တဲ့အကြောင်းအရာစုံသွားပြီ ဖြစ်သည်။

ဦးစွာ ဆင်းပပဖုန်းချသွားသော်လည်း ခေတ်သမီး ဖုန်းမချနိုင်သေး။အတန်ကြာမှ နားကဖုန်းကို ခွါကြည့်ရင်းအံ့ဩသလို ရင်ခုန်စွာလဲ ပြုံးရမလိုဖြစ်လို့နေသည်။

ဆင်းပပ ပြောသလို ဒီပွဲက ထူးခြားမှာ သေချာသည်။

ဒီပွဲက စိတ်ကူးယဉ်ခံစားချက်တို့ပြည့်သည်တဲ့။ ခေတ်သမီးကရော ဘာအကြောင်းအရာကို စိတ်ကူးယဉ်ခံစားရမှာလဲ။ မမရွက်ရိပ်စံနဲ့ ဆင်းပပလို စိတ်ကူးယဉ်ပြီး ချစ်သူရှာရမှာလား။

ခေတ်သမီးမှာ ချစ်သူမရှိသေးပါ။

ဆယ်ကျော်သက်မိန်းကလေးမို့ ရင်ခုန်စရာတော့ မြည်းစမ်းချင်ရဲ့။

ကျင်းစိမ်လို့ဝင်သွားတဲ့ စားပွဲပေါ်က ဂေါက်သီးဖြူဖြူလေးကို စိုက်ကြည့်ရင်း၊ ရင်ခုန်စရာတစ်ခုခုကို တကယ်စိတ်ကူးယဉ်ချင်လာသည်။

ဟုတ်ပြီ ။

ပပလိုပဲ၊ ချစ်သူရအောင်စိတ်ကူယဉ်ခံစားချက် မွေးဖွားပြီး လဝန်းပွဲတော်ကို ခံစားကြည့်ရင်း။

မမရွက်ရိပ်စံ ပြောသလို ဖြစ်မဖြစ် ဆန်းစစ်ကြည့်လို့ရပေမည်။

အင်း ... ။

ခေတ်သမီး အားတက်ကာ လက်ချောင်းတွေဖျစ်ဆုပ်မိ၏။

စိတ်ကူးယဉ်ခံစားမှုအတိုင်းသာချစ်သူရလျှင်။

ထိုအတွေး နောက်မှာ ညနေဆည်းဆာက ခေတ်သမီး မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



လှလှလေးလို ရှက်သွေးဖြာလျက် လှပလို့နေပေပြီ။

## အခန်း(၂)

"မမီး ‥ ။ ဘွားဘွားခေါ်နေတယ်။"

အိမ်ဖော်ကောင်မလေး မခင်ရီရောက်လာပြီး ပြောသည်။

"အင်း လာခဲ့မယ်"

ခေတ်သမီးပြန်ပြောရင်းအလှဆက်ပြင်နေပါသည်။

မခင်ရီက ချက်ချင်းပြန်ထွက်သွား၏။မျက်ရစ်ကို မရမ်းပြာရောင်ခြယ်လိုက်သဖြင့် ခေတ်သမီးမျက်နှာလေး ပိုတောက်ပသွားတဲ့အပြင် အမြင်လည်း ဆန်းကာ၊အများအားရုံကို ဖမ်းစားနိုင်မယ့်မျက်လုံးတစ်စုံ ဖြစ်လို့သွားသည်။

မျက်လုံးညှို့လေးလှပသွားမှ ခေတ်သမီးစိတ်တိုင်းကျ၏။

လှိုင်းတွန့်များကြောင့် လှုပ်ရှားလိုက်တိုင်း အလိုက်သင့်ရွေ့ပြီး

www.burmeseclassic.com

www.burmeseclassic.com



နေတဲ့ ခေတ်သမီးဆံပင်ပုံက အဖျားအလိပ်ခွေလေးတွေနဲ့မို့ ပုံကျပြီးသား။

မှန်ရှေ့မှာ မတ်တပ်ရပ်၍ ခေတ်သမီးကိုယ်ကို မှန်ထဲမှာ ပြန်ကြည့်၏။ ဆန့်မီပိုးအောက်ခံထားပြီး ကျော်ဂျက်ရောင်ပြောင်လေးကို နှစ်ထပ်ချုပ်ထားတဲ့ ဖြူစွပ်စွပ်ဂါဝန်ခါးပတ်ပြားကြီးမှာ ပုလဲလုံးတွေ စီးကွန့်တွေနဲ့မို့ တအားလှကာ သွယ်လျက်ဖြူဝင်းသော ခေတ်သမီးကိုယ်မှာ ပွကြွကြွလေး ဖြစ်လို့နေသည်။

ဖန်သီးလုံးတွေနဲ့ အလှဆင်ထားတဲ့လက်ဆွဲအိတ်ကလေးဆွဲကိုင်၊ ဒေါင့်ဖိနပ်အသံမြည်အောင်စီးပြီး အောက်ထပ်ဆင်းလာတဲ့ ခေတ်သမီး။

"ဟင်း ... မီး"

ညဖြစ်တာတောင် ကြော့မော့နေအောင်အလှပြင်ပြီးဆင်းလာတဲ့ မြေးမ။

ဒေါ်ရွှေအိမ်ကြည့်ပြီး အံ့သြနေသည်။စိပ်လက်စပုတီးလုံးကို ဆုပ်ကိုင်ရင်းကြည့်နေဆဲ ... ။

"ဘွား ခေါ်တယ် ဆို။"

မြူးမြူးကြွကြွ ခေါ်ရင်း အနားရောက်လာတဲ့ ခေတ်သမီး။

"အေးလေ၊ မြေး ဖေဖေနဲ့မေမေ တော်ကြာဖုန်းခေါ်လာမယ်။ အနားမှာ လာနေမှပေါ့"

"ဟွန်း၊ ဘွား ရှိနေတာပဲ ပြီးပြီးပေါ့"

"အိုး ရမတဲ့လား မြေးမရဲ့။ နေပါဦး ပြင်ဆင်ထားလိုက်တာ ညည့်ခံပွဲသွားတော့မယ့်အတိုင်းပါလား မီးရယ်"

မြင်တာနဲ့ ခန့်မှန်းတတ်တဲ့ ဘွားဘွားက တော်ပါပေသည်။

ခေတ်သမီး ပခုံးတွန့်ပြုံး၏။ ဘွားဘွားနားမှာ ကပ်ထိုင်လျက်



ဘွားဘွားရင်ခွင်ထဲ ခေါင်းတိုးဝင်သည်။

ဒေါ်ရွှေအိမ်စံ ခေါင်းတညိတ်ညိတ်နဲ့ ကြည့်နူးကာ။

မြေးမအထာကို သဘောပေါက်လေသည်။

"ပြင်ဆင်ပြီး လာချွဲနေတာ မီး သွားစရာရှိလို့မဟုတ်လား။"

"အဲဒါကြောင့် ဘွားဘွားကို ချစ်ရတာ။"

"အမယ်"

"တကယ်ပြောတာ ဘွားဘွားရဲ့"

ချိုချွဲနေတဲ့ မြေးမအသံသာသာက ဒေါ်ရွှေအိမ်မျက်နှာမှာ အပြုံးပန်းတို့ပွင့်လေသည်။ ခေတ်သမီးက ဘွား ပခုံးကို ခေါင်းမှေးတင်လျှင်

"ဒါမျိုးတွေပဲ ပြောပြီး .... ချွဲနေကျမဟုတ်လား မီးရယ်။"

"ချွဲတာမဟုတ်ဘူး ဘွားရဲ့ ချစ်တာ ... ချစ်တာ။"

"အေး ဟုတ်ပါပြီး ... ။ ဘယ်သွားမလို့လဲ မီးရဲ့။"

"မမရွက်ရိုပ်စံ ကိုးရီးယားက ပြန်ရောက်နေတယ်လေ။"

ဒေါ်ရွှေအိမ် ပြုံးလျက် ခေါင်းဆက်သည်။ ရွက်ရိပ်စံတို့ ညီအစ်မတွေနဲ့ ဒေါ်ရွှေအိမ် ခင်မင်ရင်းနှီးစွာ သိနေသည်မဟုတ်လား။

"အင် ... အဲဒီတော့"

"မမရွက်ရိပ်စံက "လဝန်းပွဲတော်"နဲ့ ညည့်ခံမလို့တဲ့လေ။"

ဒေါ်ရွှေအိမ်သက်မချသည်။

ယနေ့ခေတ်လူငယ်တွေများ ဟိုပွဲလုပ်လိုက်။ ဒီပွဲနဲ့ ညည့်ခံလိုက်နဲ့ လုပ်လို့ ညည့်ခံလို့ပဲ မပြီးနိုင်ဘူး။

ဒီကမြီးကောင်ပေါက်မကလဲ။ သူများဖိတ်တော့သွားဖို့ နန့်နန့်တက်ခုမှလာပြောရလားဘာလားဆိုပြီးဘွားအေပါဝါနဲ့ဆူဖို့လဲ စိတ်မပြ

www.burmeseclassic.com

www.burmeseclassic.com



နိုင်တော့ပါ။ ခေတ်လူငယ်တွေက ဒီလိုအထာမျိုးတွေဖြစ်မှန်း ဒေါ်ရွှေအိမ် သိတာ နှောကြာနေပါပြီ။

ဒါကြောင့် ခေါင်းပဲညိတ်လျက်

''မြေး တစ်ယောက်တည်းရယ်''

''ဆင်းပပလဲ သွားမယ် ဘွားဘွားရဲ့။ အင်ကြင်းနီကလည်း မလာရင် စိတ်ဆိုးမတဲ့။ မမရွက်ရိပ်စံလည်း လာစေချင်တယ်လေ။''

''ဟုတ်ပါပြီ။ သွားတာတော့ သွား။ ဒါပေမဲ့ ဘွားဘွားစိတ်ပူအောင် မလုပ်ရဘူးနော်။''

''စိတ်ချပါ ဘွားရဲ့''

ခေတ်သမီး ဘွားပခုံးပေါ်က ခေါင်းလေးထောင်ကာ ပြောသည်။ ဘွားဘွားက ပခုံးကို ပုတ်၍

''အေး သွား သွားပေါ့။''

''ဟေး''

ခေတ်သမီးအားရဝမ်းသာ ထခုန်လျှင်

''ခြော် နေဦး။ သမီး မေမေနဲ့ဖေဖေ ဖုန်းဆက်တာစောင့်ဦး။ သူတို့မြေးလေးနဲ့စကားပြောချင်နေတာ။''

''နောက်ကျသွားမယ် ဘွားရဲ့''

''မကျပါဘူး ခုမှ ရှစ်နာရီကျော်ရုံလေး ရှိသေးတယ်။''

ဘွားဘွား နာရီမှော်ကြည့်ရင်း ပြောသည်။ခေတ်သမီး မစောင့်ချင်။ နှုတ်ခမ်းလေး ဆူနေလိုက်သည်။

ဘွားဘွား ချော့ချော့မော့မော့ ပြောရသည်။ ခေတ်သမီး မစောင့်ချင်ပေမယ်လဲး 'ဘွား' နားမှာ ပြန်ထိုင်ချရသည်။



ဒီတော့မှဘွားဘွား မျက်ဝန်းကချစ်ရိပ်နဲ့ အရောင်လက်သွားသည်။

''ဒါမှ ဘွား မြေး အလိမ္မာလေး''

''ကလင် ကလင် ကလင်''

ဘွားဘွားပြောလို့ပင် မဆုံးသေး ဖုန်းမြည်လာသည်။ တွေလား ဆိုတဲ့ မျက်လုံးနဲ့ ကြည့်ရင်း ဘွားဘွား ဖုန်းခွက်ကိုင်သည်။

''ဟဲလို''

ဘွားဘွားဖုန်းထူးတော့ ခေတ်သမီး အကြံရသွားသည်။

ဟုတ်ပြီ။

ဖုန်းဘက်အာရုံရောက်နေတဲ့ ဘွားဘွားက ခေတ်သမီးကို ကြော ပေးအနေအထား။ ဒါက ခေတ်သမီးအတွက်အခွင့်အရေးပဲ။

''အေး ကောင်းတယ် မာလာရယ်။ အမေ နေကောင်း ပါတယ်။''

မေမေနဲ့စကားပြောနေတဲ့ ဘွားဘွား။ ခေတ်သမီးကို အာရုံမထား မှာ သေချာနေသည်။ ဒါကြောင့် ကိုယ်လေးပုကာ ဆက်ခနဲ့ ထလျက် ။ ဧည့်ခန်းထဲက ပြေးထွက်၏။။

မလှမ်းမကမ်းမှာရှိနေတဲ့ အိမ်ဖော်မလေးမြင်သွားသည်။

''မမမီး''ဟု

ခေါ်မလို့ ပါးစပ်ပြင်မှန်းသိတာကြောင့်၊ ခေတ်သမီး လက်ဟန်၍ ကြိုတင်တားလေသည်။ မခင်ရီ တားခွင့်မသာတော့။

ဖုန်းစကားပြောနေတဲ့ ဘွားဘွားကိုပဲ ကြည့်နေရှာသည်။

''ရှိတယ်။ ရှိနေတယ်။ အနားမှာခေါ်ထားပါတယ်တော်။ ညဦး သမီးကိုညဦးပြောယူအေ၊ အမေတော့ ညဦးတို့စီစဉ်တဲ့ကိစ္စ မဖျောင်းဖျ

www.burmeseclassic.com

www.burmeseclassic.com



ချင်ဘူး။ မြေးလက်ခံရင် ညဉ်းတို့လင်မယားသဘောကျစိစဉ်ကြ။ အေး မြေးနဲ့ပြော၊ မြေး၊ မြေး မေမေနဲ့ပြောဦး ရော့။''

ဘွားဘွား တစ်ယောက်တည်းပြောရင်း ခေတ်သမီးဆီက ဖုန်းခွက် ထိုးပေး၏။ ဒီတော့မှ အနားမှ မြေးမမလေးမရှိမှန်းသိကာ

''ဟင်း''ခနဲ

ဖြစ်လေသည်။

တစ်ဆက်တည်းလဲ ဝူးခနဲကားသံကြားရသည်။

ကြည့်လိုက်တော့မှ

ကားမောင်းသူနေရာမှ ပြုံးပြုံးချည်း ကားမောင်းသွားတဲ့ မြေးမ။ ဒေါ်ရွှေအိမ်စိတ်ဆိုးရအခက်၊ ဒေါသဖြစ်ရအခက်နဲ့ကြိုကာ

''ကျွတ် ဒီမြေးမတော့လေ''ဟု

ရေရွက်၏။

ခေတ်သမီးကတော့ နောက်ကြောင်းပြန်လှည့်မကြည့်တော့ပါ။

ဘွားဘွားတော့ ဟင်းခနဲဖြစ်ပြီး နောက်ကျရင် ကြိတ်ပြုံးနေမှာ သေချာသည်။

ဘွားဘွားပြုံးနေရင်ပဲ ရပါပြီ။

မေမေနဲ့ဖေဖေပြစ်တင်သမျှ ဘွားဘွား ကက်ကက်လန် တုန့်ပြန် မှာက ခေတ်သမီးကို ချစ်လွန်းလို့ပဲဖြစ်သည်။

မီး ကြိုတင်သိနှင့်၏။

ဒါကြောင့် လစ်ထွက်ခဲ့ခြင်းပါ။

ဘွားဘွားရေ ... တာတာ။

♛♛♛♛♛

## အခန်း(၃)

''လာ၊ မီး ''

'' မီးကို မျှော်နေကြတာ၊ ခုမှပဲ ပေါ်တော်မူလာတယ်။ တကယ်''

ဆင်းပပခေါ်သံနောက်မှ အင်ကြင်းနီအသံပေါ်လာသည်။

သူငယ်ချင်းနှစ်ယောက်အနားရောက်လာတော့ ခေတ်သမီးကား ပေါ်ကဆင်းပြီး

''ဘွားဘွား ရစ်နေလို့ဟ''

''ဆင်ခြေတွေ ပေးနေပြန်ပြီ''

ပပ မျက်စောင်းလှလှထိုးရင်းပြောသည်။

''တကယ်ပြောတာ''

''အောင်မယ် ကြည့်ပါလား။ ကြော့နေတာပဲပြင်ထားလိုက်တာ။

www.burmeseclassic.com

www.burmeseclassic.com



အလှပြင်နေလို့ နောက်ကျတယ်ဆိုလဲ ကျတယ်ပေါ့၊ မဟုတ်ဘူးလား"

အင်ကြင်းနီ မျက်လုံးက မီးတစ်ကိုယ်လုံးကို ဖြန်းကြည့်ရင်း ဆိုသည်။ အင်ကြင်းနီနဲ့ ဆင်းပပ ကိုယ်စီပြင်ထားကြသော်လည်း ခေတ်သမီးအလှကို မမှီမှန်းသိ၏။

ခေတ်သမီးပြုံးလိုက်ပြီး

"ပြင်တာတော့ ပြင်ရတာပေါ့ ဟယ်"

"သိပါတယ် ဒါကြောင့် နောက်ကြတယ်ဆိုတာလို့ကို"

ဆင်းပပတို့က ဒီလိုပဲ။

သူမမြင်တဲ့အတိုင်း ပြောရမယ်ဆိုရင် ဘယ်တော့မှ အရှိန်လျော့မရှိပါ။

"ကဲ နောက်ကျပြီးမှ ဘာထူးမလဲ၊ ကျတဲ့အတိုင်းပေါ့။ မမရွှက်ရိပ်စံတို့အဖွဲ့တွေ စုံနေပြီ။ နီတို့ပဲ လူမစုံဖြစ်နေသေးတယ် လာသွားမယ်"

အင်ကြင်းနီပြောရင်း ခေတ်သမီးလက်ကို ဆွဲယူသည်။

ခေတ်သမီးအလိုက်သင့်ပဲ သူငယ်ချင်းတွေနဲ့ပါသွားကာ

"ဟဲ့ မီး ၊ မီး ဘာအကြောင်းအရာနဲ့ စိတ်ကူးယဉ်မှာလဲ"

လဝန်းပွဲတော်ကျင်းပရာ အင်ကြင်းနီတို့ တိုက်ကြီးရဲ့အနောက်ခြံဝင်းကျယ်ဆီသို့ယောက်သား သွားနေလျှင် ဆင်းပပ စိတ်ဝင်တစားမေး၏။

ခေတ်သမီး မျက်နှာလေးက သာနေတဲ့လလို အလင်းရောင်တွေ ကွန့်မြူးသွားကာ

"ပပ လိုပဲပေါ့"ဟု



ဖြေလျှင် ဆင်းပပ ပခုံးတွန့်ပြုံးကာ ရယ်ချသည်။

"ဟယ်... စိတ်ဝင်စားတယ်ပေါ့။"

အင်ကြင်းနီက ပခုံးတိုက်ရင်းမြူးမြူးလေးမေးသည်။ ခေတ်သမီး ရှက်သွားသော်လည်း ခေါင်းညိတ်လျှင် သူငယ်ချင်းသုံးယောက် ပြိုင်တူရယ်မိလေသည်။

"ဒါလဲ ပျော်စရာပဲ... နော့။"

ပပရယ်ရင်းပြောသည်။

"ဟုတ်ပါ့ ... ။ စိတ်ကူးယဉ်ဇာတ်လမ်းကိုယ်စီနဲ့ဆိုတော့။ မမလုပ်ပေးတဲ့ လဝန်းပွဲတော်က တစ်မျိုးရင်ခုန်စရာကောင်းမှာပဲ။"

"ပျော်စရာလဲ ကောင်းမယ်။ ပပတော့ အရမ်းသဘောကျတာပဲ။ ဟိုမှာ ကြည့်လေ.... "

ဆင်းပပဖြေရင်း လက်ညှိုးလေးညွှန်သည်။

ခေတ်သမီး ကြည့်လိုက်တော့ ရင်ထဲ တကယ်ပျော်စေသည့် မြင်ကွင်းရယ်။

ကုန်းမြင့်မြင့်ပေါ်မှာ စားပွဲဝိုင်းဆယ်ဝိုင်းမက။ ဝိုင်းတိုင်းမှာ မမရွှက်ရိပ်စံရဲ့ သူငယ်ချင်းတွေအပြည့်ရောက်နေကြသည်။

မီးပုံကြီးကလည်း တဟူးဟူးတောက်နေသလို။

အသားကင် မီးဖိုမှာလဲ မီးတွေရဲလို့။

သူငယ်ချင်းတွေ အလုအယက်ကင်စားကြ၊ ဩကြီးတို့ ဘီယာတို့ သောက်ကြနဲ့ မြူးနေကြ၏။

သစ်ပင်သစ်ကိုင်းတွေမှာ ရောင်စုံမီးပုံတွေလည်း ချိတ်ဆွဲလျက် ကုန်းအမြင့်ဝိုင်းမှာ ထိုပွဲလေးခင်းကျင်းထားသည်က ပြာရီလဲ့သော

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်ကြီးနဲ့ ပိုနီးသယောင်ထင်ရသည်။

ကြယ်ပွင့်တွေလည်း သူ့ထက်ငါအပြိုင်ပြူးထွက်ကာ။

လမင်းကို ပူးဖော်သော အလင်းရောင်များဆက်သနေဟန်တူသည်။

လကတော့ တရိပ်ရိပ်နဲ့ ပြည့်ဝိုင်းလာအောင် သာနေခဲ့ဖြစ်သည်။

ရှင်းဝင်းသော လရောင်အောက်မှ ထိုမြင်ကွင်းက ကြည့်တိုင်းလှလို့ နေသည်။

နှင်းမှုန်ကလေးများလဲ တဖွားဖွားလွင့်ကြွေလျက်။

လေပြည်ငြိမ့်ငြိမ့်သုတ်ဖြူးတဲ့အထဲ ပန်းရနံ့ပေါင်းစုံက ချိုမွှေးစွာ ရှူရှူလေးပါလာသည်။

ခေတ်သမီး တစ်ရှိုက်ရှူမိလျှင် ရင်မှာကြည်နူးခြင်းတို့ ငြိမ်းစီးသွားလေပြီ။ ငြိမ့်ညောင်းသော တေးဂီတသံကလည်း နှလုံးသားကို မြူးကြွနေစေတာအမှန်။

"လာ နီနီတို့လာကြ။ ပပ နဲ့ မီးမီး တို့ အရမ်းနောက်ကျတာပဲ"

"မီး"တို့သုံးယောက်မြူးမြူးလေးလာနေကြတာကို မြင်သွားတဲ့ ရွက်ရိပ်စံ၊ သွက်သွက်လေး လှမ်းခေါ်ပါသည်။

"ဟောဒီက မီးမီး ကို စောင့်နေရလို့ မမရဲ့"

အင်ကြင်းစံက ပြန်ပြောသည်။

"လာ၊ ဒီမှာ လာထိုင်ကြ။ ညီမတို့ တစ်ဝိုင်းပေါ့။ မမတို့ဝိုင်းနဲ့ရောထိုင်ရင်လဲ ရတယ်နော်"

"ရတယ် မမ။ မီး တို့ တစ်ဝိုင်း သက်သက်ထိုင်မယ်"



"အေး အဲဒါကောင်းတယ်"

ဆင်းပပက ထောက်ခံသည်။

ခေတ်သမီးတို့သူငယ်ချင်းသုံးယောက်တစ်ဝိုင်းထိုင်ကြသည်။ ရွက်ရိပ်စံကခုပဲကင်ပြီးတဲ့အသားကင်အစုံကိုကြွေဘန်းကြီးနဲ့လာချပေးသည်။

မမရွက်ရိပ်စံရဲ့ချစ်သူက ဘီယာဘူးနဲ့ ဩကြီးဖျော်ရည်တွေလာချခဲ့။

ပပက ဗန်းတိုက်၍ မျက်ရိပ်နဲ့ပြသည်။

ထိုအခါ ခေတ်သမီးတို့ သုံးယောက်သဘောတကျရယ်လေသည်။

မမရွက်ရိပ်စံ ညွှန်ခဲ့ တဲ့အကင်စုံနဲ့ ဘီယာတွေသောက်ရင်း လဝန်းပွဲတော် ဆင်နွဲမယ့်သူအားလုံး မူးရီရီနဲ့ ဖီလင်တက်လို့နေသည်။

ခေတ်သမီးကတော့ မူးရီးမနေပါ။

ဘီယားလဲ မသောက်၊ ဩကြီးလဲ မမြည်း။

မမရွက်ရိပ်စံရဲ့ ချစ်သူက အလိုက်သိသိနဲ့ အချိုရည်ဘူးတွေလာကမ်းပေးသည်။

"ကျေးဇူးပဲ"လို့

ခေတ်သမီးပြောလျှင် ရွက်ရိပ်စံရဲ့ချစ်သူ မိုးသားသစ် ပြုံးလျက်

"ကိုယ့်ကို ကျေးဇူးတင်ရမှာ မဟုတ်ဘူး"

"ရှင် ဘာဖြစ်လို့"

ခေတ်သမီး နားမရှင်း။ မိုးသားသစ်ကို မော့ကြည့်ရင်းမေးတော့။

"မီး ကို အချိုရည်ဘူး ကိုယ်လာပေးတာ မှန်ပေမယ့်၊ ပေးခိုင်းတာက တစ်ယောက်"

"ဟင် ပေးခိုင်းတာတစ်ယောက်။"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်။"

"ဘယ်သူလဲ။"

မိုးသားသစ် လက်ညှိုးနဲ့ ညွှန်ပြသည်။

မိုးသားသစ်လက်ညှိုးနောက် ခေတ်သမီးမျက်လုံးပါသွားသည်။ ကြည့်လိုက်တော့ ရောင်စုံမီးပုံးတွေ ချိတ်ဆွဲထားတဲ့အနီးကပ်ဆုံးစားပွဲမှာ ထိုင်နေတဲ့ တစ်ယောက်။

အဖြူရောင်ဝတ်စုံနဲ့ဖွေးသန့်နေသည်။

"သူ"

"ဟုတ်တယ် 'မီး' ။ 'မီး' ဘီယာဘူးတွေ ဘာတွေ မသောက်တာ သတိထားမိလို့ ကိုယ့်ကိုလာပေးခိုင်းတာ။"

"မီး နဲ့လဲ မသိဘဲနဲ့။"

"ဘယ်သိမလဲ ၊ ကိုယ့်သူငယ်ချင်း"

"ဟင်"

"ဟုတ်တယ်။ ကဲ အကင်ချည်းစားနေတာ နင်နေဦးမယ်။ အချိုရည်သောက်လိုက်ဦး"

မိုးသားသစ်ပြောပြီး ထွက်သွား၏။

ခေတ်သမီး အချိုရည်ဘူးကိုင်လျက်သားနဲ့ 'သူ' ကိုပြန်ကြည့်သည်။ ဒီတစ်ခါကြည့်မိတော့ လှည့်ကြည့်နေတဲ့ သူ့မျက်ဝန်းနဲ့ ဒိုင်းခနဲဆုံလျှင်၊ အလင်းတန်းတွေ ကွန့်မြူးသွားလေသည်။

"ဟော့ လဝန်းကြီးပြည့်တော့မယ် ဟော့။"

ကောင်းကင်ပေါ် မော့ကြည့်ရင်း အော်သံတွေညံစီသွား၏။

ထိုအသံတွေကြောင့် နှစ်ယောက်သားဆုံသွားတဲ့ မျက်ဝန်းက



ကောင်း ကင်ဆီရောက်သွားသည်။

အလင်းတွေ ဖြာထွက်နေတဲ့ လမင်းက မကြာခင်ပြည့်ဝိုင်းလာတော့မည်။

အားလုံးက လမင်းဆီ တွယ်ကပ်လျက်။

လအလင်းပြန်တဲ့ တိမ်တိုက်တွေလဲ ဖြူတလက်လက်နဲ့။

တစ်ချက်တစ်ချက်ပျံ့လွင့်လာတဲ့ ပန်းပေါင်းစုံတို့လည်း တမြမြမွှေးလေသည်။ လေပြည်ကြောင့် ချိပ်ဆွဲထားတဲ့မီးပုံးကလေးများ ငြိမ့်ညောင်းသာယာစွာ ယိမ်းနွဲ့လျက် ကပွဲဝင်နေပြီ။

ညသည် ရင်ခုန်ဖွယ်ကောင်းလောက်အောင် တိတ်ဆိတ်ကာ ညို့အိနေလေသည်။

လဝိုင်းကြီး ပြည့်ဝန်းမယ့်အနေအထားကို စိုက်ကြည့်နေရင်း၊ အားလုံး ကိုယ်စီ ရင်ထဲမှာ စိတ်ကူးယဉ်ခံစားမှုတွေနဲ့ ငြိမ်သက်လျက်ရှိသည်။

မီးရင်မှာ လှုပ်လှုပ်ရှားရှားလေးဖြစ်လာကာ။

ပြည့်လုဆဲလဝန်းဆီမှ 'မီး' မျက်လုံးဖျတ်ခနဲ 'သူ' ထံ ရောက်သွား၏။

"ဟင်"

လရောင်လွှမ်းထားတဲ့ 'သူ' မျက်ဝန်းက 'မီး' ဆီမှာ။

နောက်တစ်ကြိမ် အကြည့်ဆုံပြန်ပြီး ... ။

ခပ်လှမ်းလှမ်းဖြစ်ပေမယ့် နှုတ်ခမ်းလွှာစေ့ပိတ်ကာ ၊ မသိ့တရိ ပြုံးတဲ့ သူ့အပြုံးနဲ့ မျက်ခုံးတန်းလေးပင့်တက်သွားတဲ့ သူ့အမူအယာကို 'မီး' ရှင်းရှင်းချည်းမြင်ရသည်။

သူ.. ထိုင်ရာမှ ထလာတာ မြင်လျှင် 'မီး' ချက်ချင်းအကြည့်ရုပ်သိမ်းကာ မျက်ဝန်းကို အားလုံးနည်းတူ လဝန်းဆီပို့လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရင်ကတော့ တဒိတ်ဒိတ်ခုန်နေဆဲ။

လဝန်းတကယ်ပြည့်သွားလျှင်။ အားလုံး

"ဟေး" ခနဲ

အော်ဟစ်ကာ မီးရှူးမီးပန်းတွေ ဖောက်ပြီး မြူးတူးကြလေသည်။

ထို့နောက်မှာ စိတ်ကူးယဉ်ခံစားမှုတွေ ပြည့်တော့မယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ အားလုံးမျက်နှာပေါ် တူမတူအောင်၊ မြူးကြွ ပျော်ရွှင်လို့ မဆုံးနိုင်ဖြစ်ကာ။

မျက်ဝန်းက လဝန်းလို့ ပြည့်ပြည့်ချည်းတောက်ပနေလေသည်။

မီး မျက်ဝန်းမှာလဲ ... ။

အို့

"သူ"ပါလား။

ကောင်းကင် ပေါ်ရှိ လဝန်းကလည်း 'သူ'။

ပတ်ဝန်းကျင်ကို ပြန်ကြည့်တော့ 'သူ'။

သူ တွေသာ ပြည့်ဝိုင်းကာ... ။

လဝန်းပွဲတော်က ရင်ခုန်ခေါင်းစဉ်တို့နဲ့ ပြည့်လျှမ်းလျက်... ။

ဘာကြောင့်မှန်း မသိပါ။

လဝန်းပွဲတော်ကို အားလုံးထက်နောက်မှရောက်လာတဲ့ ခေတ်သမီး။ ပြန်ထွက်ခဲ့သည်က အားလုံးထက်ဦးစွာ... ။

အဲဒါ သူ့ကြောင့် လား။

မီးကိုယ် မီး ပြန်မေးနေဆဲ။

♛♛♛♛♛

## အခန်း(၄)

"ဘယ်လိုလဲ မီ"

"ဘာကိုလဲ"

အမိကဆီ တကူးတကရောက်လာတဲ့ မိုးသားသစ်။ မထိုင်သေးဘဲ အဆက်စပ်မရှိ မေးလေသည်။

အမိက ကမျက်နှာကျက်အလှဆင်မီးဆိုင်းကြီးကို မှန်ခန်းထဲထည့်မလို့ ပြင်ဆင်နေရာမှ ပြန်မေးသည်။

မိုးသားသစ် ပြုံးပြီး အမိက လက်ထဲကို ဆွဲယူသည်။

"နေဦးလေ။ ဒီမှာ နေရာချဦး မလို့ကွ"

"နောက်မှ ချ။ လာ ကော်ဖီဆိုင်ထိုင်ရအောင်"

"ဒါလေးပြီးအောင် လုပ်ပါရစေကွာ"

www.burmeseclassic.com

www.burmeseclassic.com



"နောက်မှဆက်လုပ် လာကွာ။ ဟိုမှ 'စာချွန်'စောင့်နေတယ်ကွ၊
လာ မင်းကို မေးစရာတွေရှိတယ်။"

သူငယ်ချင်းတွေက ဒီအတိုင်းပဲ။ ချက်ချင်းရောက်လာ။ ခေါ်ထုတ်
ပြီး ကော်ဖီဆိုင်ထိုင်ကြမည်။ ငြင်းလဲ ရမှာ မဟုတ်တာကြောင့် အမိက
ဆက်မငြင်းတော့ပါ။

ပြောပြီး မိုးသား ရှေ့က ဦးဆောင်ထွက်သွားသည်။

"ကိုတာရေ။ ကိုယ် ကော်ဖီဆိုင် သွားဦးမယ်။"

"သွားလေ ကိုမိ။ ကျွန်တော်ရှိနေတာပဲ။"

စိတ်ချရတဲ့ ကိုတာကို ထားပြီး မိုးသားနောက်လိုက်ထွက်ခဲ့ရသည်။
သူပိုင်တဲ့ လျှပ်စစ်ပစ္စည်းအရောင်းဆိုင်က ကြီးကြီးကျယ်ကျယ်မဟုတ်ပေမယ့်
ခန့်ခန့်ညားညားရှိလှသည်။

လျှပ်စစ်ပစ္စည်း အမျိုးအစားစုံလှသည်။

အရောင်းအဝယ်လည်းမဆိုးလှပါ။တာဝန်ခံကိုတာနဲ့အရောင်းစာ
ရေးမလေးသုံးယောက်၊ သူတစ်ယောက်နဲ့ဆိုတော့ ပေါင်းငါးယောက်ရှိသည်။

သူက ပိုင်ရှင်ဆိုပြီး အထက်စီးက မနေပါ။

သူကိုယ်တိုင် ရှေ့က မားမားမတ်မတ်နဲ့လုပ်နေတော့ ဝန်ထမ်း
တွေလဲ 'သူ'နဲ့ တက်ညီလက်ညီလုပ်ကြသည်။

မနိုမကပ်တဲ့အတွက် သူစင်တာလေးက ဖွင့်ပြီး သိပ်မကြာ အောင်
မြင်လာသည်ဟု ဆိုနိုင်သည်။

သူငယ်ချင်းတွေက သူ့စင်တာကို သိပ်သဘောမကျပေ။

သူတို့လို နိုင်ငံခြားထွက်ပြီး စီးပွားရှာစေချင်သည်။ အလုပ်ကြီး
အလုပ်ကိုင်တွေနဲ့ တစ်ခန်းတနားရှိစေလိုသည်။



မိုးသားသစ်က ကိုးရီးယားမှာ ငါးနှစ်တင်းတင်း အလုပ်လုပ်ပြီး
ပြန်လာခဲ့သူ။ ငွေကြေးအတော်စုဆောင်းမိ၏။ ဒီကိုပြန်ရောက်တော့
ဖက်ရှင်ကုမ္ပဏီဖွင့်လိုက်သည်။

"မိုးသား"မိတပိုင်တဲ့အထည်ချုပ်စက်ရုံနဲ့ပေါင်းပြီး ဒီဇိုင်းအသစ်
တွေကိုယ်တိုင်ဖန်တီး ထုတ်လုပ်၏။

ကြော်ငြာအား သုံးပြီး ဈေးကွက်ထဲ အရှိန်နဲ့တိုးဝင်တဲ့အခါ
မိုးသားသစ်ရဲ့ ဖက်ရှင်က ဟုန်းခနဲ ပေါက်၏။

နေရာတိုင်းမှာ မိုးသားရဲ့ 41 အမှတ်တံဆိပ်တွေချည်း။

ကလေး၊ လူကြီး၊ လူငယ်၊ လူရွယ်၊ ယောကျ်ား၊ မိန်းမ မရွေး
41အမှတ်တံဆိပ်ဖက်ရှင်တွေနဲ့။

မင်းသမီးတွေ၊ မော်ဒန်တွေကအစ လက်ခွဲ။ ပြည်ပပို့တာလည်း
အင်နဲ့အားနဲ့။

ဝန်ထမ်းပေါင်းရာနဲ့ချီရှိတဲ့ မိုးသားရဲ့ 41ဖက်ရှင်လုပ်ငန်းကြီးက
ဖက်ရှင်လုပ်ငန်းကြီးတွေထဲမှာ ထိပ်ဆုံးကဖြစ်သည်။

သူ့ကို မိုးသားရဲ့ဖက်ရှင်မှာ တခမ်းတနားလုပ်ဖို့ မရမကခေါ်သေး
သည်။ အမိက စိတ်မဝင်စားလို့ ငြင်းခဲ့သည်။အဲဒီတုန်းက အမိကအပေါ်
မိုးသား စိတ်ဆိုးဖူးသေးသည်။

စာချွန်ကြားဝင်ဖျောင်းဖျလို့ မိုးသားစိတ်ဆိုးပြေကာ။

မိုးသားက ဖက်ရှင်လုပ်ငန်းနဲ့ အောင်မြင်သလို စာချွန်က
ဆောက်လုပ်ရေးလုပ်ငန်းစုကြီးနဲ့ အတော်ကြီးကောင်းစားနေသည်။

သူငယ်ချင်းသုံးယောက်တည်းမှာ အမိက အချာဆုံး။

သူ့အရောင်းစင်တာ အောင်မြင်တယ်ဆိုပေမယ့် အမြတ်အစွန်း

www.burmeseclassic.com

www.burmeseclassic.com



နည်းလှသည်။

အဓိက မိဘက မိုးသားတို့ မိဘတွေလို ရွှေဖွန်းကိုက်မွေးလာတဲ့ မျိုးရိုးမဟုတ်ပါ။ စီးပွားရေးလုပ်ငန်းကြီးတွေလဲ လက်ညှိုးထိုးမလွဲ ပိုင်ဆိုင်ခဲ့ခြင်းလဲမရှိ။

ဖေဖေက ရုံးစာရေးကြီး။ မေမေက အလယ်တန်းပြဆရာမ။

ကိုကြီးက တက္ကသိုလ်က ဆရာ။ အစ်မက ကျောင်းဆရာမ။ အစ်ကိုနဲ့အစ်မနှစ်ယောက်စလုံးက အိမ်ထောင်အသီးသီးကျပြီး မိဘနဲ့ သီးခြားနေကြသည်။

ခုဆို ကိုကြီးက မုံရွာတက္ကသိုလ်မှာ။

အစ်မက သူ့ယောက်ျားတာဝန်ကျတဲ့ တောင်ငူမှာ။

မိဘနဲ့ အနီးကပ်က အဓိက ဖြစ်ကာ၊ မိဘနှစ်ပါးကို တာဝန်ယူနေရသည်။ မိဘနှစ်ပါးဆိုပေမယ့် အဓိက က ဖေဖေနဲ့မေမေရဲ့ မွေးစားသားမျှသာ။

ဒါပေမယ့် တစ်မိသားစုလုံးက "အဓိက"ကို သွေးရင်းသားရင်းလို ချစ်သည်။ အဓိက လည်း သွေးရင်းသားရင်းလိုပဲ ခံစားရပြီး၊ မိဘနှစ်ပါး အပေါ် မေတ္တာမိုးရွာခဲ့သည်။

အဓိကရဲ့ မိဘရင်းက နိုင်ငံခြားမှာ ရှိတာသိသည်။

အဓိက ဆယ်တန်းအောင်တော့ ဟိုမှာနေဖို့လာခေါ်ပေမယ့် အဓိကလိုက်မသွားပါ။ မွေးစားမိဘကတော့ ....

"သား ဘဝရှေ့ရေး ကောင်းစားဖို့ လိုက်သွားပါကွယ်"လို့ တိုက်တွန်းကြသည်။

အဓိက အားမနာတမ်းခေါင်းခါ၏။



မိဘနှစ်ပါးလဲ စိတ်မကောင်းဖြစ်ပြီး ပြန်သွားကြသည်။အဆက်အသွယ်ကတော့ မပြတ်ဘူး။ အဓိက ဘဝရပ်တည်ဖို့ ငွေပို့ပေးကြတာ ထိုကတည်းက။

ထိုငွေကို အဓိက မထိပါ။

မွေးစားမိဘနာမည်နဲ့ ဘဏ်မှာ ထည့်ပေးထားလိုက်သည်။

အဓိက က ကိုယ့်ခွန်အားနဲ့ ကိုယ်ရုန်းထပြီး၊ ဘွဲ့ရအောင် လုပ်သည်။ မိဘကို တတ်နိုင်သမျှ ဖြည့်ဆည်းပေးကာ။

ခုတော့ ဖေဖေနဲ့ မေမေက ပင်စင်စား။

သူတို့ကလည်း အဓိက မိဘရင်းပို့တဲ့ငွေကို ရှိတယ်လို့ မအောက်မေ့ပါ။ သူတို့ရဲ့ပင်စင်လစာ သားကြီးနဲ့သမီး တတ်နိုင်သလောက်ပို့ပေးတဲ့ ငွေလေးနဲ့ ရပ်တည်ကာ တင်းတိမ်နေခဲ့သည်။

အဲဒီအတွက် အဓိက ရင်မှာ မွေးစားမိဘအပေါ် ပို၍တန်ဖိုးထားမြတ်နိုးမိ၏။ ထိုစိတ်ကြောင့် အဓိက မိဘနှစ်ပါးနဲ့ မခွဲနိုင်လို့ မိုးသားနဲ့အတူ ကိုးရီးယားထွက်ပြီး ငွေရှာဖို့ စိတ်မကူးနိုင်ခဲ့ပါ။

ဒီစင်တာလေးကရသမျှ အမြတ်အစွန်းနဲ့ မွေးစားမိဘကို လုပ်ကျွေးပြီး အနီးကပ်နေခွင့်ရတာကိုပဲ ပျော်ရွှင်လျက်ရှိသည်။

♛♛♛♛♛

"ဟိုင်း မိ၊ လာကွ"။

မှန်ချပ်တွေနဲ့ ကာရံထားတဲ့ ကော်ဖီဆိုင်ထဲ မှန်တံခါးတွန်းဖွင့်ပြီး မိုးသားနဲ့ အဓိက ရှေ့ဆင့်နောက်ဆင့်ဝင်လာကြသည်။

စာချွန် လှမ်းမြင်တာနဲ့ လက်မြှောက်နှုတ်ဆက်ရင်း အားတက်သရော ခေါ်သည်။အဓိက လက်ပြရင်း ပြုံးပြနှုတ်ဆက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ထိုင် ကွာ"

စာချွန်အသံနဲ့ မျက်နှာက အတော်ရွှင်နေမှန်း အမိက သတိထားမိသည်။

မိုးသားရောပဲ။

နှစ်ယောက်သား ဒီမျက်နှာမျိုးတွေနဲ့ ဆိုတော့ . . . ။

တစ်ခုခုတော့ တစ်ခုခုပဲ။

ဘာလဲတော့ အမိက မသိပါ။

ဝိုင်းထိုင်မိတာနဲ့ စာချွန်နဲ့ မိုးသားမျက်နှာ နဂိုထက် ပိုပြုံးသွား၏။

"ကဲ ဆိုကွာ။ အလုပ်ချိန်ချည်းရောက်လာပြီး ကော်ဖီဆိုင်ထိုင်ရတာဘာအရေးကြီးလို့လဲ စာချွန်"

"ကြီးလို့ပေါ့ကွ။"

စာချွန် တုံးတိတိပြောသည်။

"ဟုတ်တယ်။ ကိုယ်တို့နှစ်ယောက် သိချင်စိတ်မထိန်းနိုင်လို့ 'မင်း' ကို ခေါ်မေးတာ"

"ဘာလဲ"

"လဝန်းပွဲတော်ရဲ့ ဗီလင်လေကွာ"

စာချွန်အရယ် မျက်နှာနဲ့မေးသည်။ အမိက နှုတ်ခမ်းလွှာစု၍ ပြုံးလျက် ငြိမ်သက်နေလိုက်သည်။

ထိုအချိန်မှာ စာချွန်ကြိုမှာထားတဲ့ကော်ဖီနဲ့ မုန့်တွေ ဝိတ်တာ လာချပေးတာကြောင့် သူငယ်ချင်းသုံးယောက် စကားရှေ့မဆက်ဖြစ်။

ကဖီးလာတေးနဲ့ချိ(စ်)အင်နိတိုမားတိုးဆင်းအဝစ်ရှ် ကို မိုးသားက အမိက ရှေ့ ရွှေ့ချပေးသည်။



သူတို့နှစ်ယောက်က မွန်ကာ ကော်ဖီခွက်ကိုယ်စီဆွဲယူသည်။ ဘလက်(ခ)ဖောရက်စ်ကိတ်တုံးတွေက သူတို့နှစ်ယောက်အကြိုက်။

သူ့အကြိုက် ကိုယ့်အကြိုက် စားသောက်စရာတွေရှေ့ရောက်ပေမယ့်မစားဖြစ်သေး။

ဝိတ်တာလေးခေါင်းငုံ့၍ ဘန်းအလွတ်ကိုင်ပြီး ထွက်သွားသည်နှင့်

"မင်း ရင်ခုန်သွားတယ် မဟုတ်လား" တဲ့။

စာချွန် စမေးသည်။

'မညာနဲ့ကွာ။ အချင်းချင်းတွေ။ ရင်ခုန်တယ်ဆိုလဲ ချိတ်ပေးလို့ရအောင်လို့ ကွ"

မိုးသားလည်း အတည်ပဲ ဝင်ပြောသည်။

အမိကရဲ့ ပြုံးငြိမ်နေတဲ့ နှုတ်ခမ်းလေးလှုပ်ရှားဖွင့်ဟကာ ခေါင်းတစ်ချက် ရမ်း၏။

စာချွန်နဲ့ မိုးသား အံ့ဩကာ

"ရင်ခုန်တာ မဟုတ်ဘူး။ အဲလိုလား"

မိုးသား အားမလို အားမရမေးသည်။

အမိက ကော်ဖီခွက်ကို စိုက်ကြည့်လျှင် ကောင်မလေးမျက်နှာ ဘွားခနဲပေါ်လာသလို ခံစားရ၏။

အဖြူရောင်နတ်သမီးလေးလို လှပမြူးကြွနေသော ကောင်မလေး ပုံရိပ်က လှုပ်လှုပ်ရှားရှား ထပ်ဆင့်မြင်လာပြန်သည်။

ခက်တယ် . . . ။

မြင်ယောင်လာသမျှ ခေါင်းရမ်းရင်း။ ခက်တယ် လို့ အသံတိတ် ရေရွတ်မိသည့် အမိက။

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းနှစ်ယောက် သက်မချသည်က အဓိကကို အားမရစွာ။

"ငါတို့ ကောင်တွေက အပီထင်တာကွ။ ကောင်းမလေးပုံစံက ရင်ခုန်စရာလေး၊ ငါ့မှာ ရွက်ရိုပ်သာမရှိသေးရင်။"

မိုးသားစကားဘာစ်ဝက်နဲ့ ရပ်လိုက်သည်။ စာချွန်ကလည်း ကော်ဖီခွက်ကိုင်မရင်း ပြောသည်။

"ဟုတ်တယ် မိ။ ငါ့မှာလဲ ရတနာမရှိရင် ခေတ်သမီးကို မြူဖြစ်မယ်ကွ။ ပုံစံလေးက လန်းတယ်၊ အမူအယာကလည်း ကြွကြွလေး ကြည့်မိတာနဲ့ ရင်ကို မြူးစေတယ်။ တကယ်ကွ။ ငါတို့မှာ နံပါတ်တွေမရှိရင် ရအောင်ချိတ်တယ်။ နံပါတ်တွေနဲ့မို့ ငြိမ်နေတာ။ 'မင်း'က စလုံးရေးစထားတော့ငါတို့ကောင်တွေတော့ 'မင်း'အပီပဲလို့ တွက်တာထား"

သူလဲး အပီပဲလို့ ရင်ထဲမှာ ခံစားမိပါသည်။

ဒါပေမဲ့

သူ့ရှေ့မတိုးချင်

ဒါကြောင့် တိတ်ဆိတ်နေမိခြင်း။

သူငယ်ချင်းတွေက ဘယ်လိုမှ အားမရနိုင်။

အဓိက ကော်ဖီတစ်ကျိုက်စုပ်သောက်ပြီး

"ကိုယ်ကဘာရယ်မဟုတ်ဘူး။ ဒီလိုပွဲမှာ မိန်းကလေးတိုင်း ဩကြီးလောက်တော့ သောက်တာပဲ။ သူလေးက ဘာမှလဲ မသောက်၊ ရွက်ရိုပ်ကလည်း မသောက်တတ်တဲ့ သူ့အတွက် အချိုရည်လေးတောင် သွားမပို့ဘူး။ အဲဒါနဲ့ အချိုရည်ဘူး ပေးခိုင်းတာ၊ တမင်ဇာတ်လမ်းစသလို ဖြစ်သွားရင်"

"ငါတို့က မင်းကို တကယ်စိတ်ရင်းနဲ့ ငြိချင်တာ ဒါပဲ"

အဓိက စကားမဆုံးခင် မိုးသားသစ် ဖြတ်ပြောသည်။



"ဟုတ်တယ်။ ဒါကြောင့် မင်းဆီ ငါ့တို့ကောင်တွေ အလုပ်တွေပစ်ပြီး လာခဲ့တာ။ ဒီမှာ အဓိက မင်းမျက်လုံးထဲက ကာလာတွေ ငါတို့ကောင်တွေ ဖတ်တတ်ပါတယ် ကွ။ နောက်တွန့်မနေနဲ့၊ ငါတို့ခွင့်မပြုဘူး။ အဓိက မင်းရှေ့တိုးရမယ်။"

စာချွန် အတင်းအကျပ် ဆိုပြန်သည်။

အဓိက ဘာမှပြောခွင့်မသာ။ သူငယ်ချင်းနှစ်ယောက်က လုံးဝ ဖွတ်။ အဓိက ခေါင်းရမ်းဖို့ ပြင်ရုံရှိသေးတယ်။

မိုးသား လက်ကာတားရင်း

"မင်း ခေါင်းခါမနေနဲ့၊ နဖူးပေါ်လက်တင်လိုက်၊ အဲဒါဆို 'မင်း' ရင်ထဲက ဗီလင်ကဘာလဲဆိုတာ သိသွားမယ်။ အိုကေ နော်။ ဒါပဲ ဆက်မပြောနဲ့"

ဘာမှလဲ ပြောခွင့်မရတဲ့ မိုးသားစကားက အတည်ဖြစ်လေသည်။

စာချွန်က လက်ဖြောက်သီးရင်း

"ဟုတ်တယ်၊ မိုးသား ပြောတဲ့အတိုင်း အိုကေ ဆို ကေလိုက်ကွာ" တဲ့

အဲဒါကြည့်တော့၊

အဓိက ဘာတတ်နိုင်မလဲ ။

ပြုံးမိရင် ခေါင်းရမ်းမိသည်က ကြည်နူးစွာ။

♛♛♛♛♛

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၅)

"ခေတ်သမီး ဖေဖေနဲ့မေမေအနားမှာ မရှိတာနဲ့ ထင်တိုင်းကြဲနေတယ်ပေါ့ ဟုတ်လား"

ဖုန်းလိုင်းထဲက တစ်ဆင့် မေမေ့ဆူပူသံ နားထဲ ဒိုင်းခနဲ့ဆောင့်ဝင်လာသည်။

ခေတ်သမီး ဖုန်းခွက်ကိုင်ထားရင်း မသိမသာနှာခေါင်းတွန့်မိသည်။

"ဟုတ်ပါဘူး 'မေ' ရဲ့"

ခေတ်သမီး ချွဲချွဲနွဲ့နွဲ့ပြောပေမယ့် မေမေအသံက မာဆဲ။

"ဘာ မဟုတ်ဘူးလဲ။ ဟိုညှ ဖုန်းဆက်တုန်းက ဘယ်လစ်ပြေးတာလဲ မှန်မှန်ပြောစမ်း"

ခေတ်သမီး စိတ်ပျက်လက်ပျက် ဆံပင်တွေဖွပစ်လျက်



"ဘယ်မှ မပြေးပါဘူး 'မေ' ရဲ့။ ဘွားနဲ့ စိက်မကာက်ပြီး တမင်ဖုန်းမကိုင်တာ"

"အမလေးလေး။ မေ့ အမေနဲ့ စိတ်ကောက်ရတယ်လို့ ကြည့်စမ်း။ မေ့အမေက မေ့သမီးကို ဘာလုပ်လို့တုန်း။ မေ့အမေကို သမီးအနိုင်ကျင့်နေတယ်ပေါ့လေ ဟုတ်လား ခေတ်သမီး။"

မေမေအသံက ဆတ်ဆတ်ထိမခံဖြစ်လို့နေသည်။

မေမေက ဘွားဘွားရဲ့တစ်ဦးတည်းသောသမီး။ မေမေက ဘွားဘွားကိုဆို သိပ်ချစ်၏။ သူမအမေဘက်ကသာ ရပ်လေ့ရှိတဲ့ မေမေ။

ဘွားဘွားနဲ့ စိတ်ကောက်တယ်လို့ ခေတ်သမီး ပြောမိတာက ပြီး ပြီးရောဆိုတဲ့ သဘော။

ခုတော့ မပြီး။

ခေတ်သမီး ပို၍ စိတ်ပျက်သွား၏။

"ပြောလေ သမီး၊ ဘွားဘွားကို စိတ်ညစ်အောင်လုပ်နေတယ်ပေါ့လေ။"

"ဟုတ်ပါဘူး မေ ရယ်။ အလကားနောက်တာ။ ဟို ဟို လေမီးက"

"တော်တော့ ခေတ်သမီး .... ။ မီးအကြောင်း မေမေသိတယ်။ မိဘအနီးကပ်မရှိတာနဲ့ ဘွားအေကို ဖုတ်လေတဲ့ငါးပိ ရှိလေတယ်လို့ မအောက်မေ့ဘူး ဟုတ်လား .. ။နေ .. နေ ကြပ်ကြပ်နေထား။ မေမေပြန်လာရင်ညည်းလေး အစွယ်ကို ရိုက်ချိုးမယ် ဟွန်း"

ဒေါ်ပန်းမာလာ ဒေါသလေးနဲ့ ခပ်ကျိန်းကျိန်းပြောလေသည်။

'မေ ကလည်း ဘာမှမသိဘဲနဲ့ ... "လို့

www.burmeseclassic.com

www.burmeseclassic.com



ခြေဆောင့်ချဲပြောသော်လည်း သမီးလေးရယ်လို့ အဝေးကနေ ချစ်မေတ္တာပွားမယ် မစဉ်းစားဘူး။

ပြောလိုက်တာက ဆူသံ၊ ပူသံတွေချည်း။

"ညည်း အကျင့်တွေပြင်နော် ခေတ်သမီး။ သမီးတစ်ယောက်တည်းရှိတာယ်ဆိုပြီး ထင်တိုင်းကြဲလို့ရမယ် မထင်နဲ့။ မေမေ မခင်ရီကို အသေအချာမေးပြီးပြီ။ လဝန်းပွဲတော်လစ်ထွက်သွားတယ်ဆို ဘာပြောဦးမလဲ။"

"အဟင့်"

ဒက်ခနဲ့ မေမေ မေးချတော့ ခေတ်သမီး ငိုချင်စိတ်ပေါက်၏။ တကယ် အံကြိတ်ရင်းလည်း ညည့်ခန်းမှာ လိုက်ကာစ အသစ်လဲနေတဲ့ မခင်ရီကို ကြည့်ပစ်၏။

တကယ့် စပိုင်လိုပဲ။

ခေတ်သမီးကလည်း မေ့ပဲ မေ့တတ်လွန်းသည်။

မေမေက မခင်ရီကို စပိုင်မွေးထားတာ သိသိချည်းနဲ့။ ဘွားဘွားကတောင် ဒီအကြောင်း ထုတ်မပြောဘဲနဲ့။

ဒင်းက ထုတ်ပြောရတယ်လို့။

ခုတော့ မေမေ အပ်ချမတ်ကျသိကုန်ပြီ။ ဘယ်နှယ့် လုပ်ရမလဲ။ ဖုံးလို့ ဖိလို့လဲ ရမှာမဟုတ်တာ သေချာသည်။

"ပြောလေ ခေတ်သမီး ညာချင်သေးလား"

"ဟိုဟို လေ 'မေမေ' အင်ကြင်းနီတို့ အတင်းခေါ်တာနဲ့ အဲဒါ"

"တော်ပြီ ဘာဆင်ခြေမှမပေးနဲ့ ခေတ်သမီး။ မိဘ အဝေးရောက်တာနဲ့ကိုယ့်စိတ်ကိုယ့်သဘောလုပ်နေတာ မေမေ မကြိုက်ဘူးလို့ ဘယ်နှစ်ခါပြောရမလဲ။ ဒီမှာ သမီး ဖေဖေလဲ သမီးကို အရမ်းစိတ်ဆိုးနေတယ်။



နားထောင်ဦး ...."

"ဟွန်း"

ခေတ်သမီး သေတာသေလိုက်ချင်တယ်။ ခုခါ အနားမှာ ဘွားဘွားရှိနေရင် အကောင်းသား။

ဘွားဘွားဘုန်းကြီးကျောင်းသွားတာကို လိုက်မသွားဘဲ နေရစ်ခဲ့တာကိုက ခေတ်သမီးအမှား။

ခုတော့ မေမေ တလှည့်ဆူလို့အားမရသေးခင် ဖေဖေကပါ ဆူပြန်ပြီ။

"သမီး၊ ခေတ်"

ဖေဖေအသံက နိုကတည်းကမာသော်၏။ ခုတော့ သတ်တောက်တောက်ကြီးဖြစ်ကာ။ ခေါ်ပြီးဆိုတော့ ခေတ်သမီး နှုတ်ဆိတ်နေလို့မရပါ။ နာခံစွာ ထူးရ၏။

"ရှင် ဖေဖေ"

"သမီးအကြောင်းတွေ ဖေဖေကြားတယ်နော်"

"ဟို မီး ကလေ"

"တော်ပြီ"

ခေတ်သမီး ဝမ်းနည်းသံလေးထွက်ပြီး ပြော၏။ ပြောလို့ပင်မဆုံး။ တော်ပြီးဆိုတဲ့ စကား "ဖေဖေ"ဖြတ်ပြောလျက်

"ဒီမှာ သမီး။ သမီးကို ဖေဖေတို့မသိဘဲ ဘာမှလုပ်ခွင့်မပေးတာ ငယ်ငယ်ရွယ်ရွယ်နဲ့သမီးလေး အမှားလုပ်မိမှာစိုးလို့ နားလည်လား။"

"မီးကလေ"

"ဖေဖေသိတယ်။ သူများတွေလို သွားချင်ရာသွား လာချင်ရာလာ။

www.burmeseclassic.com

www.burmeseclassic.com



ရည်းစားတွေထားပြီး ဂလေရိုက်ချင်နေတာ မဟုတ်လား''

''ဖေဖေ''

ဝမ်းနည်းနေရာမှ ခေတ်သမီး စိတ်တိုသွားသည်။

ကြည့်ပါလား။ မသိရင် ဖေဖေပြောပုံက တစ်ခြားဆယ်ကျော်သက် ကောင်မလေးတွေလို ရည်းစားထည့်လဲထား။ မိုးမမြင်လေ မမြင်လျှောက်တွဲပြီး ဂလေရိုက်နေသလို။

ဒါကြောင့် ခေတ်သမီးစိတ်တိုချင်ချင်နဲ့ ဖေဖေကို စိအော်မိ၏။ ကိုယ်ကိုလည်း တောင့်မတ်ထားကာ လက်ထဲက ဖုန်းချပစ်လိုက်ဖို့အထိ စိတ်မှာတင်းခံနေပြီဖြစ်သည်။

ဒါပေမဲ့

ဖေဖေ ဆူနေချိန်မှာ ဖုန်းချသွားရင် ဒါထက်ပိုဆိုးနိုင်သည်။

ခေတ်သမီးကြိုသိနေလို့ သည်းခံပြီး နားထောင်ရလေသည်။ဖေဖေကတော့ စွဲချက်တွေ မလျှော့ဘဲ၊ ဆက်တိုက်ပြောလျက်

''သမီး သမီး ဘွားဘွားကို သမီး တစ်ပတ်ရိုက်ပြီး ထွက်သွားလို့ ရပေမယ့် ဖေဖေတို့ကို တစ်ပတ်ရိုက်လို့မရဘူး။ သမီးကို ဖေဖေတို့ အရိပ်တကြည့်ကြည့်မွေးလာတာ မိဘနောက်ကွယ်ရောက်ရင် ထင်ရာစိုင်းခွင့် ရသွားဖို့မဟုတ်ဘူး။ ဒါနောက်ဆုံးအကြိမ်ဖြစ်ပစေ သမီး။ နောက်တစ်ခါဆို သမီးကို ဖေဖေပြင်းပြင်းထန်ထန် အရေးယူမယ်။ အဲဒါကို မမေ့နဲ့။

''အဟင့်''

ခေတ်သမီး တကယ်ဝမ်းနည်းကာ မျက်ရည်လည်လာသည်။

မခင်ရီက မေမေစပိုင် ဝိသစွာ မသိချင်ဟန်ဆောင်ပြီး အလုပ်တွေ ဆက်တိုက်လုပ်နေသည်။ ဒီပုံအတိုင်းဆို မခင်ရီကိုလည်း ခေတ်သမီး



ဗိုဟောက်ကြိမ်းမောင်းလို့ ရမှာမဟုတ်ဘူး။

တကယ်

ကျွတ်။

လဲချပြီး သေပစ်လိုက်ချင်တယ်။

ခြေဆောင့် နှုတ်ခမ်းဆူနဲ့ ခေတ်သမီး ဘာသာ ခေတ်သမီးဆဲနေပြနေသည်။ မေမေနဲ့ ဖေဖေက မြင်မှာမဟုတ်ဘူး။

ဖေဖေ လက်ထဲက ဖုန်းက မေမေလက်ထဲရောက်သွားပြီ။

မေမေအသံဆက်ကြားရပြန်သည်။

''ကဲ ခေတ်သမီး။ ဒီလောက်ဆို သမီးခြေငြိမ်သင့်ပြီးနော်။''

''ဟင့် ... ဟင့် ... ဟုတ်။''

ငိုသံ ဝဲဝဲလေးနဲ့ ခေါင်းညိတ်ရလေသည်။

''ဘွားဘွားကို ဂျီကျမနေနဲ့နော်။ ဘွားဘွားက အေးအေးချမ်းချမ်းနေရမယ့်အရွယ်။ ဖြစ်နိုင်ရင် သမီးကို ဘွားဘွားလက်ထဲထည့်ပြီး ထိန်းခိုင်းဖို့ မရှိဘူး။ သမီးဖေဖေ ကျန်းမာရေး အရေးကြီးလို့သာ မေမေ သမီးနားမှာ မနေခဲ့တာ။ အခုတော့ စိုးရိမ်စရာမရှိတော့ဘူး။ သမီးဖေဖေ လုပ်ငန်းကိစ္စတွေ ရှိသေးလို့ တစ်လ ထပ်ကြာဦးမယ် .... ။''

ချက်ချင်းရောက်မလားတာပဲ ကံကောင်းသေးရဲ့လို့ ခေတ်သမီး ဆိုရမလိုပင်။

''ဒါပဲနော် သမီး''

''ဟုတ်''

''ဘွားဘွားကို ကရုစိုက်။ မခင်ရီကို ဘာညာကြိမ်းမောင်းဖို့စိတ် မကူးနဲ့။ သမီးဘာပြောချင်သေးလဲ''

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း"

ခေတ်သမီး ခေါင်းရမ်း၏။

"လိမ်လိမ်မာမာနေ။ ဒါပဲ မေမေဖုန်းချလိုက်မယ်"

ပြောပြီး ဖုန်းချသွားတဲ့ မေမေ။

ခေတ်သမီး စိတ်ဆိုး၊ ဒေါသထွက်ထွက်နဲ့၊ ဘယ်သူ့ကိုမှ ပစ်မှတ်ချိန်လို့မရတဲ့ အခြေအနေ။

ဒါကြောင့် ဖုန်းခွက်ကိုသာ ဂျလောက်ခနဲ့ ချပစ်လိုက်သည်။

ခေတ်သမီး ... ။

ညည်းက်ဆိုးရှာတယ်လို့။

ခေတ်သမီးကိုယ် ခေတ်သမီး မှတ်ချက်ပေးကာ။

♛♛♛♛♛

အခန်း(၆)

"ဝယ်စရာ ကျန်သေးလား... မီး"

"ဟင့်အင်း .. ။ နီ ကော"

"မကျန်တော့ဘူး။ သူများကို မေးပြီး ရှင်ပဲ ဟိုဟာမေ့ကျန်၊ ဒီဟာမေ့ကျန် ဖြစ်နေဦးမယ် ပပရယ်"

"စုံပါပြီ ဟဲ့"

လက်ဆွဲအိတ်တွေလက်ထဲအပြည့်ဆွဲထွက်လာရင်း ။ တစ်ယောက်ကို တစ်ယောက် သတိပေးကြမေးကြနဲ့ သုံးယောက်သား ရှုညံလာသည်။

သုံးယောက်သား ကုန်တိုက်ထဲဝင်ပြီး လိုချင်တာ မှန်သမျှ လျှောက် ဝယ်ကြတာ မောကြတယ်လို့ မရှိပါ။

"စုံပြီးဆိုရင် လစ်တော့မှာလား။ ဒါမှ မဟုတ် တစ်နေနေရာဝင်ပြီး

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုစားကြမလား။"

အင်ကြင်းနီအစားပုတ်မက သတိပေးသလိုမေးလာသည်။

ဆင်းပပနဲ့ ခေတ်သမီး အင်ကြင်းနီကို ပြုံင်တူမျက်စနဲ့ ကြည့်ကာ ရယ်လေသည်။

"စားမယ်ဆိုလဲ၊ စားမယ်ပေါ့ နီနီ ရယ်"

"အဟင့် အဖေါ်ညှိရသေးတယ်လေး"

"အမယ်"

"ဘယ်သူမှ မငြင်းဘူးဆိုတော့ Feel မှာ သွားစားကြစို့"

အင်ကြင်းနီပဲ ပြောရင်းဆိုင်ပါ ရွေးပေးလေပြီ။ ခေတ်သမီးနဲ့ ဆင်းပပလည်း ခေါင်းခါဖို့ စိတ်ကူးမရှိပါ။

"သွားကြတာပေါ့"

အားလုံးတက်ညီလက်ညီ ကားပါကင်ဆီအမြန်လျှောက်ခဲ့သည်။ ကားပေါ်သုံးယောက်သား ပစ္စည်းအိတ်တွေတင်သည်။

ဆင်းပပနဲ့ အင်ကြင်းနီ ကားနောက်ခန်းမှာ ဇွေခနဲ့ တက်သည်။

ခေတ်သမီးက ကားရှေ့ခန်းမှာ။

သုံးယောက်သား ဘယ်သွားသွား၊ ဘယ်လာလာ ခေတ်သမီးကားနဲ့ပဲ။ ခေတ်သမီးကလည်း ကိုယ်တိုင်ကားမောင်းရမှ လေ။

သူငယ်ချင်းတွေမို့ ဘက်နေရာဖြစ်ဖြစ် တက်ညီလက်ညီ။

ကုန်တိုက်ဝင်တော့လဲ အတူ။ ရုပ်ရှင်ရုံသွားမယ်ဆိုလဲ မခွဲတမ်း။ စားကြသောက်ကြမယ်ဟေ့ဆိုလဲ ခေါင်းမခါကြ။

ဘယ်တော့မှ သဘောထားမကွဲလွဲတဲ တွဲနိုင်တဲ့သူငယ်ချင်းတွေ။



ခုလည်း Feel ကော်ဖီဆိုင် ဦးတည်လျက်

"ဟဲ့ မီး"

ကော်ဖီဆိုင်ရှေ့ကားထိုးရပ်သည်နှင့် ကားပေါ်က သုံးယောက်သား သွက်သွက်ကလေးဆင်းသည်။ ကော်ဖီဆိုင်ထဲခြေဦးလှည့်ရုံရှိသေးသည်။ ဆင်းပပက တစ်ခုခုကို သတိရဟန်နှင့် ခေတ်သမီးလက်မောင်းကို ဖျတ်ခနဲ ဆုပ်ကိုင်၏။

"ဘာလဲ ပပ အလန့်တကြား။"

"ဟို... လေ ။ မီး ဘွားဘွားဝယ်ခိုင်းလိုက်တာလေ"

"ဟယ်"

ခေတ်သမီး ဟယ်ခနဲ့ဖြစ်သွားသည်က မေ့နေပြီ ဖြစ်ကြောင်း သူငယ်ချင်းနှစ်ယောက်သိလေသည်။

"ကြည့်စမ်း၊ မေ့တော့မလို့ မဟုတ်လား မီးရယ်။ ကံကောင်း ပပ သတိရခင်လို့"

"ဟုတ်ပါရဲ့ နီနီ။ ဒါဘယ်လိုလုပ်မလဲ ။ ကော်ဖီဆိုင်ထိုင်ပြီးမှ သွားဝယ်မလား"

"ဟဲ့ စားရင်းသောက်ရင်းနောက်ထပ်မေ့ရင်၊ ဘယ်နှယ့်လုပ်မလဲ"

ဆင်းပပက စိုးရိမ်စွာပြောသည်။

"ဟုတ်တယ် မေ့သွားလို့မဖြစ်ဘူး။ ဘွားဘွားက ဘုန်းကြီးကျောင်း လှူဖို့ ဥစ္စာ။ အရေးကြီးတယ်"

"ဘာပစ္စည်းလဲ"

"ဆင်းတုတော် နောက်မှာ ကွန့်မြူးနေတဲ့ ရောင်စုံမီးပန်းလေး ဟယ်။ ဒီမှာ ဘုန်းဘုန်းရေးပေးလိုက်တဲ့ မီးလုံးတွေရော ဘာတွေရေး

www.burmeseclassic.com

www.burmeseclassic.com



ခေတ်သမီးပြောရင်း လက်ဆွဲအိတ်ထဲက စာရွက်ခေါက်ဆွဲထုတ်သည်။ ထိုစာရွက်ထဲမှာ ဘုန်းဘုန်းရဲ့ကျောင်းဆောင်သစ်အတွက်လိုအပ်တဲ့ လျှပ်စစ်ပစ္စည်းအမျိုးမျိုးအစား စာရင်းအပြည့်ပါသည်။

သုံးယောက်သား စာရင်းစာရွက်ကြည့်ရင်းခေါင်းတောင်သွား၏။ ခြေလှမ်းတွေလဲ ကော်ဖီဆိုင်မလှည့်တော့ဘဲ ကားဆီပြန်လှည့်လျှင်

"ဟဲ့ နေဦး မီး။ ဟိုမှာကြည့်"

အင်ကြင်းနီက လက်ဆွဲရင်းပြသည်။ ကြည့်လိုက်တော့ ကော်ဖီဆိုင်နဲ့မျက်နှာချင်းဆိုင်မှာတွေ့ရတဲ့ Top လျှပ်စစ်ပစ္စည်းအရောင်းစင်တာ။

မီး လိုက်ခနဲ့ ဝမ်းသာသွား၏။

" Top မှာပဲ ဝယ်လိုက်ရအောင်လား"

"အကောင်းဆုံးပေါ့ မီးရဲ့"

ပပ သွက်သွက်ကလေး ထောက်ခံ၏။

ထိုအခါ သုံးယောက်သား ကားပေါ်မတက်ကြတော့။ လမ်းကူးပြီး Top လျှပ်စစ်ပစ္စည်းအရောင်းဆိုင်ထဲ အားရဝမ်းသာပြေးဝင်ကြသည်။

♛♛♛♛♛

"ဘာအလိုရှိပါသလဲ ရှင်"

Top ထဲရောက်သည်နှင့် အရောင်းစာရေးမလေးပြုံးရွှင်စာ ကြိုဆိုရင်း မေးသည်။

"ဒီမှာလေ"

ခေတ်သမီးက အသင့်ထုတ်ကိုင်ထားတဲ့ ပစ္စည်းစာရင်းစာရွက်ကို ထိုးပေးပြီး

"အဲဒီပစ္စည်းတွေအစုံလိုချင်ပါတယ်"



အရောင်းစာရေးမလေး ပစ္စည်းစာရင်းကိုကြည့်ပြီး ခေါင်းညိတ်၏။

"ရပါမယ် အစ်မ ခဏထိုင်ကြဦး"

အရောင်းစာရေးမလေးထိုင်ခုံတွေကို ညွှန်ပြသည်။ ခေတ်သမီး ခေါင်းညိတ်လိုက်သည်။

ဆင်းပပနဲ့ အင်ကြင်းနီက စင်တာထဲအလှပြထားတဲ့ လျှပ်စစ်ပစ္စည်းတွေလိုက်ငေး နေကြသည်။ ဒါကြောင့် ခေတ်သမီးလဲ မထိုင်ဖြစ်တော့။

ပပတို့လိုပဲ လိုက်ငေးကာ။

မှန်အိမ်ထဲ ချိတ်ဆွဲထားတဲ့ မီးဆိုင်းကြီးတွေက တအားလှနေသည်။ နံရံကပ်မီးကိုင်းတွေကလည်း ပုံစံဆန်း၏။

အိပ်ခန်းမီးသီးတွေက အရောင်အသွေးစုံသလို ပုံသဏ္ဍာန်တွေက အမျိုးစုံသည်။

"ဟယ် ... ဒီမီးပန်းလေးက လှတယ် တော့။"

အင်ကြင်းနီ လွတ်ခနဲ အသံထွက်လေသည်။

ကြည့်လိုက်တော့လဲ အလှသား။

ပန်းပွင့်လို ပွင့်ချပ် အထပ်ထပ်ဖြစ်တဲ့အလယ်မှာ ပန်းဖူးအာအာပုံလေး ... ။ ဘေးပတ်လည်မှာ ဖန်သီးသေးသေးလေးတွေ တွဲလွဲချထားတဲ့ မီးပန်းက မျက်စိကျစရာ။

"အေး နော် ... ချစ်စရာလေး ... "

"မီး ယူဖို့လား"

"ယူမယ်လေ"

မီး ယူမယ်ဆိုတော့ ပပက လက်သွက်၏။ ထိုမီးပန်းလေး အလှ

www.burmeseclassic.com

www.burmeseclassic.com



ပြထားတဲ့ မှန်ဘီရိုထဲက ယူပေးလေသည်။

ခေတ်သမီး လှမ်းယူပြီး

"ဒီ မီးပန်းလေးလဲ ယူမယ်နော်" လို့

အရောင်းစာရေးမကို ပြောရင်း နောက်လှည့်တဲ့အခါ

"ဟင်း"

ကောင်တာမှ စိုက်ကြည့်နေတဲ့ မျက်ဝန်းတစ်စုံနဲ့ တန်းခနဲဆုံလေသည်။ မျက်လုံးချင်း အဆုံမှာ 'သူ' နှုတ်ခမ်းတို့ ပြုံးသွားလျှင်

ခေတ်သမီး မျက်နှာနုနုလေးက အနီသွေးရောင် အလှမီးလုံးလို ရဲရဲချည်းဖြစ်သွားသည်။

ဆင်းပေနဲ့ အင်ကြင်းနီလည်း 'သူ'ကို မြင်တာနဲ့ မှတ်မိသွား၏။

"ကိုအဓိက"

အင်ကြင်းနီက တအံ့တသြခေါ်သည်။

ကောင်တာနားလည်း တိုးသွားလေသည်။

အိုး

ခေတ်သမီး ... ရှက်လိုက်တာ။

"ရော့ မယူတော့ဘူးလို့"

ပါးစပ်ထဲတွေ့ကရာပြောရင်း၊ ပပလက်ထဲ မီးပန်းလေးထိုးပေးမိသည်။

" မီး မီးပဲယူမယ်ဆို"

"ဟင့်အင်း၊ မယူတော့ဘူး"

ဒါပဲပြောပြီး သူငယ်ချင်းတွေနဲ့ ကွယ်ရပ်လျက် 'သူ'မျက်လုံးနဲ့ လွဲအောင် ရှောင်လိုက်သည်က ဘာကြောင့်မှန်းမသိတော့ပါ။



ထို့နောက်

ပပ လက်ထဲ ပိုက်ဆံထိုးထည့်ပေးပြီး၊ Top စင်တာထဲက ချက်ချင်း လှည့်ထွက်လျှင်

"ဟဲ့ မီး၊ နေဦးလေ"

"ဘာဖြစ်သွားတာလဲ" လို့

သူငယ်ချင်းနှစ်ယောက်လှမ်းမေးတာလဲ၊ မဖြေ။ တားတာကိုလဲ လှည့်မကြည့်တော့ပါ။

ရှောင်ထွက်ခဲ့တဲ့ ခြေလှမ်းတိုင်းက ရင်ခုန်နေသည့်အလား။

♛♛♛♛♛

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၇)

"အိုး သွား"

ခေတ်သမီးခေါင်းရမ်းရင်း အကြိမ်ကြိမ်နှင်မိသည်။ ဒါပေမဲ့လဲ 'သူ'ရုပ်ပုံလွှာက ထွက်မသွား။

ဝိုးဝိုးဝါးဝါးမျှသာ မြင်ယောက်ဆဲဖြစ်လို့နေသည်။

ခက်ပါရဲ့နော်။

ဘာကြောင့်မြင်နေရတာလဲ .... ဟင်။

ကြည့်ပါလား .... ။

နှုတ်ခမ်းလွှာစေ့လျက် ပြုံးနေတဲ့ သူ့အသွင်။ ဘယ်ဘက်မျက်ဝန်း အောက်ပါးရိုးအစပ်မှာ ထင်ထင်ရှားရှားနက်ပြောင်နေတဲ့ မှည့်သီးလေးနဲ့။

မျက်ခုံးနှစ်ဖက်ကလည်း ထူခဲနေသည်။



မျက်ဝန်းအိမ်ကျယ်သော်လည်း သွယ်ဝန်းသယောက်ရှိတဲ့ သူ့မျက်နှာပုံနဲ့ အတော်လိုက်ဖက်၏။

ဖြောင့်တန်းတဲ့ နှာတံက ခပ်ပွပွလေးဖြစ်သော်လည်း ကြည့်လို့ကောင်းသည်။

နှုတ်ခမ်းပါးပါးပေမယ့် ဖြည့်ကာပုံပေါ်သည်။ မေးဖျားလေးဝိုင်း၏။

နားသယ်စပ်မှာ ဖြာဆင်းနေသော မွေးညှင်းတွေက ပုံသွင်းရိပ်သင်ထားသည့် နောက်မှာ စိမ်းမြလျက်၊ ယောကျ်ားပီသသောအလှတို့နဲ့ ညှိုင်းခွဲဆောင်နေသယောင်ရှိသည်။

အရပ်မြင့်ပြီး ကိုယ်လုံးဖြည့်သည်က သာမာန်ယောကျ်ားတွေထက် ထင်ပေါ်ပါ၏။ စူးစိုက်ကြည့်တတ်တဲ့ မျက်ဝန်းနောက်မှာ နှုတ်ခမ်းတို့လိုက်ပြုံးနေတတ်သည်က ခေတ်သမီး မျက်လုံးထဲစွဲလို့နေကာ။

အဟင့် .... ။

ဘယ်လိုမှ ဖျောက်ဖျက်လို့မရပါလား သူရယ် လို့ ရေရွတ်နေမိပြီ။

ဒီကြားထဲ သူငယ်ချင်းတွေလည်း အလိုက်မသိကြပါ။

ရှောင်ထွက်ခဲ့တဲ့ ခေတ်သမီး စိတ်ကိုနားမလည်ဘဲ ပေါက်ချလာသည်။

ပြီးတော့

"မီး ရေ .... ရော့"

ဆိုပြီး ပါကင်တစ်ခု ထိုးပေးသည်။

"ဘာလဲ ပပ ရဲ့" လို့

ခေတ်သမီး မေးမိသည်။ ထိုအခါ သူငယ်ချင်းနှစ်ယောက် ပြုံးရယ်ကြသည်။ အင်ကြင်းနီကတော့

www.burmeseclassic.com

www.burmeseclassic.com



"ယူပြီး ဖွင့်ကြည့်လေ" လို့

ပြောသည်။

ခေတ်သမီးလည်း သိချင်လာသည်။

မွေးရာပေါ်လှဲရင်း သူ့ပုံရိပ်ကို ဖျောက်ဖျက် ပစ်ဖို့ကြိုးစားနေတဲ့ ခေတ်သမီး။ မွေ့ရာထက်က ကုန်းရုန်းထ၍ ပပ ကမ်းပေးတဲ့ ပါကင်ကို ဆွဲယူသည်။

ပပက ခုတင်ဘောင်နားရပ်ရင်းကြည့်သည်။

အင်ကြင်းနီက ခေတ်သမီးနားကပ်ထိုင်သည်။

သူတို့ မျက်နှာပေါ်မှာ ကြိုသိနေတဲ့ အရိပ်ပေါ်နေပါသည်။ သို့သော်လည်း ခေတ်သမီးနည်းတူ သူတို့လဲ စိတ်ဝင်းတစားရှိနေကြသည်။ ခေတ်သမီးသိချင်စိတ်လောလောဖြင့် ပါကင်ကာပါ ဆွဲခွာပြီး ပါကင်ဖွင့်ကြည့်လျှင်

"ဟင်"

ခနဲ့ဖြစ်ကာ မျက်ဝန်းရောင်စဉ်လေးကွန့်မြူးသွားသည်။

"ကြည့်စမ်း .... မီးပန်းလေး... "လို့

ရေရွက်ရင်း မဆီမဆိုင် ရှက်သွေးဖြာ၏။

"ဟုတ်တယ် .... ရှင်လိုချင်တဲ့ မီးပန်းလေ။"

ပပက ရယ်ရင်းပြောသည်။

" ဟို ... လေ"

သူငယ်ချင်းနှစ်ယောက်ဝိုင်းဝန်းကြည့်ကြတဲ့နောက်မှာ ခေတ်သမီး အရှက်မပြေ။ ပါကင်ကို ပိတ်လိုက်မလိုလုပ်ရင်း သူငယ်ချင်းနှစ်ယောက်ကို မော့ကြည့်၏။



အင်ကြင်းနီက ခေတ်သမီးပခုံးကို သူ့မပုခုံးနဲ့ပွတ်တိုက်ရင်း ပြောသည်။

"ဟိုလေး ဒီလေးနဲ့ မှုမနေနဲ့။ ရှင်လိုချင်တဲ့ မီးပန်းမို့ ကိုဝိ လက်ဆောင်ပေးခဲ့တဲ့ဟာကို"

"အို "

ခေတ်သမီး ရှက်ပွန်းလို့ မျက်လွှာစင်းချလိုက်သည်။

သူ့ပုံရိပ်ကို ဖျောက်ဖျက်ဖို့ ကြိုးစားနေကာမှ 'သူ'က အမှတ်တရ ဖြစ်အောင် လုပ်လာပြန်ပြီ။

"ဘွားဘွား ဝယ်နိုင်းတဲ့ပစ္စည်းအားလုံးရတယ်။ ဘောက်ချာရော ပစ္စည်းတွေရော ဘွားဘွားကိုအပ်ခဲ့ပြီးပြီ။ ဒါလေးက မီးအတွက် သပ်သပ် ပေးခဲ့တာ"

"ဘာ.... ဘာလို့ ယူခဲ့ရတာလဲ "

"ပေးတဲ့သူက စေတနာနဲ့ပေးတဲ့ ဥစ္စာ"

"ဟွန်း.... ။ သူများဟာ အလကားမလိုချင်ပါဘူး"

"အမယ် .... မှုနေသေးတယ်"

ပပက မထိတထိနောက်၏။ ခေတ်သမီးမျက်နှာလေးဆူလိုက်ပြီး

"မမှုပါဘူး... ။ သူများဥစ္စာအလကားမလိုချင်တာနော်"

"မလိုချင်လဲ ပေး ပပယူမယ်"

"ဟွန်း"

ပပပြောပြီး ဆတ်ခနဲ့ ဆွဲယူလေသည်။ ထိုအခါ ခေတ်သမီး မျက်စောင်းထိုးကာ။ ပပ လက်ထဲက ပါကင်ကို ပြန်ဆွဲယူမိ၏။

"မလိုချင်ရှာဘူး ဟင့် ဟင့် ဟင့်"

အင်ကြင်းနီက ခနဲ့သလို ပြောရင်း ရယ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အိုး မီး လိုချင်တာက ကြိုက်လို့။ တန်ရာတန်ကြေးတော့သွားပေးနိုင်းမယ်။ ရှင်တို့ ပိုက်ဆံသွားပေး ဒါပဲ"

"အမယ် နီ တို့ကိုတော့ မခိုင်းနဲ့"

"ရှင်တို့ပဲ ယူလာပြီးတော့"

"ယူလာတာက ယူလာတာလေ။ ပိုက်ဆံသွားပေးရင် ကိုမိစေတနာကို၊ ထိပါးသလိုဖြစ်မှာပေါ့ဟ။ ပြီးတော့ မမရွှက်ရိပ် မျက်နှာလည်းထောက်ဦး။ ဘာမဟုတ်တဲ့ပိုက်ဆံနဲ့ဟယ်။ ပိုက်ဆံပေးချင်သပဆို မီးဘာမီးသွားပေး"

"ဟုတ်တယ် ပပလည်း အဖော်လိုက်မပေးဘူး"

သူငယ်ချင်းနှစ်ယောက်အတိုင်အဖောက်ညီညီငြင်း၏။ ခေတ်သမီး မျက်နှာငယ်ပြု ဆူပြု ပြုသော်လည်း မရ။

ဒင်းတို့ နှစ်ယောက်က တစ်ဉာဏ်တည်းဖြစ်နေတဲ့ ဥစ္စာ။

"ကဲပါ ... မီးရယ်။ ပေးတာ ယူထားလိုက်။ ဟိုဟို ဒီဒီ နဲ့ဖယားရှုပ်အောင် မလုပ်နဲ့။ ဒီမှာ ကိုမိက စတိုင်မိတယ် ဟ"

"အမယ်"

ခေတ်သမီး နှုတ်ခမ်းကိုက်လိုက်သည်။

အင်ကြင်းနီက မမှုတဲ့မျက်နှာနှင့်။

"တကယ်ပြောတာလေ မီး မြင်သားပဲ။ ကိုမိုးသားလို ပိန်ပိန်သွယ်သွယ်လဲ မဟုတ်ဘူး။ ကိုစာချွန်လို ဝတုတ်တုတ် ဂင်တိုတိုလည်းမဟုတ်ဘူး။ အရပ်ကြီးက တအားလှတာ"

"ဟုတ်ပါ့ အရပ်လှရုံမက ကိုယ်လုံးကလည်း ပြည့်တယ်။ ခွဲဆောင်မှုရှိတဲ့မျက်နှာနဲ့ တကယ်ညှို့အားကောင်းတဲ့ဆီမှာ သာတယ်ဟ၊



ပပကတော့ ကိုမိကို သဘောတော်ကျတယ်။"

"ကြည့်စမ်း ... မိန်းမတွေ။ ရှင်တို့ မရှက်ဘူးလား"

"ရှက်စရာလားလို့ သဘောကျလို့ကျတယ် ပြောတာ။ ရှင်လိုမှမနေဘူး။ ရှင်သာမှုန်ပြနေတာ စိတ်ထဲကဗီလင်တက်နေတယ်မဟုတ်လား"

"အဲ ၊ ပပနဲ့ နီနော်။ ဘာမှန်းလဲ မသိဘူး။ သွားကြသွား"

ခေတ်သမီး မလုံမလဲ ရှက်ကာ။

ရှက်စိတ်နဲ့ဘဲ သူငယ်ချင်းတွေကို အနားကတွန်းတိုး နှင်ထုတ်မိ၏။ သူငယ်ချင်းနှစ်ယောက်ကလည်း မခေ။

ကရော်ကရော် လုပ်ကာ ပြောင်လေပြီး

"သွားပါ့မယ် ရှင်။ သွားပါမယ် ဟင့် ဟင့် ဟင့်"

"မီး တစ်ကိုယ်တည်း ဗီလင်တက်ချင်နေတာမဟုတ်လား။ တက်ပါတော်၊ တက်ပါ တာတာ"

ပပနဲ့ အင်ကြင်းနီ တကယ်နောက်ပြောင်ရင်း အခန်းထဲက ထွက်သွားလေသည်။ ခေတ်သမီး ရှက်မျက်စောင်း တထိုးထိုးနဲ့ မလုံမလဲဖြစ်ကာ

"သွား သူငယ်ချင်း အစုတ်ပလုတ်တွေ"လို့

ရွတ်လျက်။

လက်ထဲမှာ ပွေ့ကိုင်ထားဆဲဖြစ်တဲ့ မီးပန်းလေးကို ငုံ့ကြည့်မိလျှင် ခေတ်သမီး မျက်ဝန်းမှာ မီးပန်းလေးလို အလှသွေးကြွယ်ကာ သူ ... ရုပ်သွင်လေး ပို၍ ပင်ပီပြင်စွာမြင်ယောင်လာသည်။ မီးက သူ့ရုပ်လွှာကို ရှောင်ဖယ်နေကာမှ

သူက ... တစ်မျိုး .... ။

အဲဒါကြောင့်မို့ ...

www.burmeseclassic.com

www.burmeseclassic.com



မီး ရင်မှာ

တော်ပြီးကွယ်။

မပြောချင်တော့ဘူး .... သူရယ်။

## အခန်း(၈)

"မီးမီး.... ရေ"

"ရှင် ဘွားဘွား ... "

ခေတ်သမီး ခြေလှမ်းက ခြံထဲဆင်းဖို့ ဦးတည်နေရာမှဘွားဘွား ခေါ်သံကြောင့် တုန့်ခနဲ ရပ်ကာ ထူးလည်းထူးရင်း၊ တိုက်မျက်နှာစာမှာ အနားယူထိုင်နေရှာတဲ့ ဘွားဘွားဆီဦးလှည့်သွားသည်။

ဘွားဘွားမျက်နှာက သိပ်မသာယာ။

မခင်ရီက ခြေဆန့်ထားတဲ့ ဘွားခြေထောက်ကို ပရုပ်ဆီလိမ်းပေး နေတာ တွေ့ရသည်။

"ဟင် ဘွား ဘာဖြစ်လို့လဲ ... ဒူးနာနေပြန်ပြီးလား"

"အေး .. မြေးရဲ့ နည်းနည်းပြန်နာနေလို့"

www.burmeseclassic.com

www.burmeseclassic.com



"ဆေးခန်း သွားရအောင်လေ ဘွားရဲ့"

"အဲဒါ ပြောမလို့"

ဘွားဘွားက ဒူးဆစ်နားမှာ၊ ဖိလိမ်းပေးဖို့ မခင်ရီကို ပြရင်းဆိုသည်။ ခေတ်သမီး ဘွားနားမှာ ထိုင်ချရင်း။

"ပြောလေ ဘွား"

"ဒေါက်တာ ယုယုမေကို ဘွားဘွား ဖုန်းဆက်ထားပြီး မီးရဲ့။ ဆေးပြတ်သွားလို့ပြန်နာတာတဲ့။ ဘွားကလည်း ကောင်းသွားပြီးဆိုတာနဲ့ ဆေးရပ်လိုက်တာကိုး။ အဲဒါ မီး အနိတ်ယုဆီ သွားပြီး ဘွားသောက်ရမယ့် ဆေးသွားယူခိုင်းမလို့"

"သွားယူပေးမယ်လေ။ အခုလား"

"အေးပေါ့ မီးရဲ့ ။ ဘာလဲ မြေး မသွားချင်ဘူးလား"

"သွားချင်တယ်။ သွားယူပေးရမှာပေါ့ ဘွားကလည်း . . . "

ခေတ်သမီး စိတ်အားထက်သန်စွာ ပြောရင်း ထရပ်သည်။ အလိုက်သိနေတဲ့ မြေးကို ကြည့်ရင်း ဒေါ်ရွှေအိမ်မျက်နှာမှာ ကြည်နူးပြုံးလေးပွင့်ကာ

"ကား ဖြေးဖြေးမောင်းနော်"

"စိတ်ချပါ ဘွား ရဲ့"

ခေတ်သမီး အပေါ်ထပ်ပြန်မတက်တော့။ အဝတ်လည်း မလဲတော့ပါ။အိမ်နေရင်းဖြစ်ပေမယ့် ခေတ်သမီးဝတ်ထားတဲ့ ဂါဝန်ဖွာဖွာလေးက အသစ်စက်စက်လေးပါ။

လက်တွန့်လေးပါတဲ့ ဒူးဖုံးဂါဝန်အပြာလွှင်လွှင်လေးက ခေတ်သမီးကို အလှပိုနေစေသည်။ ပေါ်တီကို အောက်မှာ အသင့်ရှိနေတဲ့ ခေတ်သမီး



စီးနေကျ မာစီးဒီးကားသစ်လေးပေါ် လွှားခနဲ့ တက်၏။

ဘွားကို လက်ပြနှုတ်ဆက်ပြီး လျောခနဲ့ ကားမောင်းထွက်သည်။

ဘွားက အမြင်တဆုံးကြည့်နေမှာ သေချာသည်။ ခြံပြင်ရောက်မှ ကားကို အရှိန်မြင့်ကာ ဒက်ရှ်ဘောက်ပေါ်ရှိနေတဲ့ လက်ကိုင်ဖုန်းယူပြီး ဆင်းပပဆီ ဖုန်းခေါ်လိုက်သည်။

"အနိတ်ယု ဆီ သွားမလို့ဟ လိုက်ခဲ့ပါလား"လို့

အဖော်ခေါ်မိပါသည်။ ဆင်းပပ က ရယ်လျက် ပြောသည်။

"မလိုက်တော့ဘူး . . . မီးရဲ့။ ဒီမှာလေ ပပကို ကြိုချင်နေတဲ့ စစ်နိုင်ကြီးလာလည်မလို့တဲ့။ အဲဒါစောင့်နေတယ် မီးရဲ့ ဟင့် ဟင့် ဟင့်"

"အံမယ် ပပစုတ် အူရှင်နေတယ်ပေါ့လေ"

"ရှင်တာပေါ့၊ ဒါပဲနော်"

ဆင်းပပ ဦးစွာဖုန်းချသွားလေသည်။

ခေတ်သမီး နှုတ်ခမ်းဆူကာ ပွစိပွစိ ရှုတ်လေပြီ။ ကားကို မိန်းလမ်းမကြီးပေါ်ကွေ့တင်ကာ ဆက်မောင်း၏။ ပြီးမှ အင်ကြင်းနီ ဆီ ဖုန်းခေါ်ပြန်သည်။

အင်ကြင်းနီ ဖုန်းက ပိတ်ထားသေး။

ဓရိယာပြင်ပ ရောက်နေသတဲ့။

အင်ကြင်းနီ

ရှင်က ဓရိယာပြင်ပရောက်အောင် ဘယ်သဝေထိုးနေလို့လဲ။ နေဦး တွေ့မှ မေးဦးမယ်။

လိမ်ရင်တော့ အသိပဲ။

www.burmeseclassic.com

www.burmeseclassic.com



ခုတလော ထိုနှစ်ယောက်က မူမမှန်။ ခေတ်သမီးကို 'သူ'နဲ့ စကားစပ်တိုင်း နောက်ပြောင်သလို သူတို့နှစ်ယောက်လဲ ကြိတ်ကြိတ် တွတ်ထိုး ပြုံးရယ်နေကြတာ ကောင်လေးတွေနဲ့ ပတ်သက်နေမှန်း ခေတ်သမီး ရိပ်မိနေသည်။

ဒင်းတို့နှစ်ယောက်က အင်မတန်ချစ်သူလိုချင်နေကြတာလေ။

မသိဘူးအောက်မေ့နေကြတယ်။

နေကြဦး။ တွေ့တော့မှ အပြတ်ကောရမယ်။

သူငယ်ချင်းနှစ်ယောက်ကို စိတ်ထဲက တေးမှတ်ရင်း ကားကို အနိတ်ယုဆေးတိုက်ဆီ အရှိန်မြှင့်မောင်းလျက်။

♛♛♛♛♛

''အိုး''

လိုက်ကာစလေးလှပ်ပြီး အနိတ်ယုထိုင်တဲ့ အထူးကုဆေးခန်းထဲ လှမ်းအဝင်၊ ဘွားခနဲ မြင်ရတဲ့ သူ့မျက်နှာကြောင့် ခေတ်သမီး အာမေဍိတ်သံလေး ထွက်ကာ။

''လာ လေ မီး။''

ဒေါ်ယုယုမေ လူနာစမ်းသပ်နေရာမှ လှမ်းခေါ်လေသည်။ သူ့မျက်နှာအတွေ့မှာ လိုက်ကာစလွတ်ချပြီး ပြန်လှည့်ထွက်သွားဖို့ စိတ်ကူးပေမယ့် အနိတ်ယု လှမ်းခေါ်တာကြောင့် စိတ်ထဲကအတိုင်း ထွက်သွားဖို့ မလွယ်တော့ပါ။

လူနာကုတင်ခြေရင်းနား သူရွေ့ရပ်ရင်း မီးဆီက အကြည့်လွှဲသည်။

တိုက်တိုက်ဆိုင်ဆိုင်ဆုံသည်မို့ ခေတ်သမီး ဘာမှမတတ်နိုင်ပါ။



''ဟုတ်... အနိတ်ယု''လို့

ခေါင်းဆတ်ပြောရင်း လူနာခန်းထဲဝင်ရလေပြီ။

''ခဏထိုင်... မီးလေး''

အနိတ်ယက ပြုံးချိုစွာပြောရင်း လူနာအမျိုးသမီးကြီးကို စမ်းသပ်စစ်ဆေးနေလေသည်။ ခေတ်သမီး အနိတ်ယုပြောတဲ့အတိုင်း ထိုင်ခုံတစ်လုံးမှာ ဝင်ထိုင်လိုက်၏။

သူက အနိတ်ယု စမ်းသပ်နေတဲ့လူနာအမျိုးသမီးကြီးကိုပဲ အာရုံစိုက်လျက်။

လူနာအမျိုးသမီးကြီးက သူ့မိခင်ဖြစ်ဟန်တူသည်။

သူ့မျက်နှာမှာ သားတစ်ယောက်၏ပူပင်မှုမျိုးနဲ့ မိခင်ကို အရိပ်တကြည့်ကြည့်ရှိနေမှန်းသိသာနေသည်။

လူနာက ဝဝဖြိုးဖြိုးရှိလှကာ သူမကိုယ်သူမ ထူထဖို့လေးပင်နေရှာသည်။ သူက တယုတယ ထူထ၍ ထိုင်စေသည်။

အနိတ်ယုမှာကြားသမျှကို သူ ကရုတစိုက် နားထောင်မှတ်သား၏။

ထို့နောက် အနိတ်ယု ရေးပေးတဲ့ဆေးစာရွက်ကို တရိုတသေအိတ်ကပ်ထဲထည့်ပြီး စမ်းသပ်ခ ငွေငါးထောင်ကမ်းပေးသည်။

ပြီးမှ သူ့မိခင်ကိုဖေးမကူတွဲ၍ ဆေးခန်းထဲကထွက်သွားတဲ့ သူ ... ။

ခေတ်သမီးကို နှုတ်ဆက်အကြည့်လေးနဲ့ လှည့်ပြန်ပင်လှည့်ကြည့်မသွားပေ။

ထိုသားမိထွက်သွားကာမှ အနိတ်ယု သက်မလေးချကာ။

''ဒီသူငယ်က သိပ်စာနာတတ်တာကွယ်။ သူ့မွေးစားအမေကို

www.burmeseclassic.com

www.burmeseclassic.com



ကို အမေရင်းထဲ၊ ကရှုစိုက်တယ်လေ။ သားရင်း၊ သမီးရင်းတွေတောင် ဒီအမေနားမှာအတူ မနေနိုင်ဘူး။ အဓိက က မွေးစားအမေနဲ့ ခွဲမနေနိုင်ဘူးလေ။ ဒါကြောင့် မွေးစားမိခင်ကို တယုတယလုပ်ကျွေးနေတာ၊ တော်ပါပေတယ်..... ဒီသူငယ်"

အန်တီယု ပြောပြတဲ့သူ့အကြောင်း။

ခေတ်သမီး စာနာသလို၊ နားလည်ပေးနိုင်သလိုခံစားမိကာ။

သူ့အကြောင်း ပြောပြီးသည်နှင့် အန်တီယုက ဘွားဘွားအကြောင်းဆက်ပြောလျက်၊ သောက်ဆေးကဒ်တွေ ထုတ်ပေးသည်။

အားလုံးတစ်ပတ်စာ.... တဲ့။

ဆေးခန်းက အပြန်မှာ ခေတ်သမီးရင်ထဲ 'သူ' အပေါ် ခံစားမိတဲ့ ရင်ခုန်စိတ် စိတ်အယဉ်ကလေးပါလာမှန်း ခေတ်သမီးကိုယ်တိုင်သိနှင့်လျှင်။

♛♛♛♛♛

## အခန်း(၉)

ည

ခေတ်သမီး.... နှစ်ခြိုက်စွာအိပ်မောကျနေပါသည်။

သံစုံမြည်လက်ကိုင်ဖုန်း ဘယ်အချိန်ကတည်းက ထမြည်နေသည် မသိပါ။ ဖုန်းမြည်သံက အဆက်မပြတ်ဖြစ်ကာ။

ခေတ်သမီး အိပ်ပျော်နေရာမှ နိုးလာ၏။

နိုးပေမယ့် ခေတ်သမီးမျက်လုံးမဖွင့်ချင်ပါ။

ညကြီးမင်းကြီး ဘယ်သူနှောက်ယှက်တာလဲ၊ အိပ်ကောင်းနေတုန်း ဖုန်းခေါ်ပြီး နှောက်ယှက်တတ်ကာ သူငယ်ချင်းနှစ်ယောက်ဖြစ်နိုင်သည်။

ဆင်းပပလား။ အင်ကြင်းနီလား။

သိချင်စိတ်ကြောင့် လက်ခုံနဲ့ပွတ်ပြီး မျက်လုံးဖွင့်ဖို့ ကြိုးစားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းသံစဥ်က မြည်နေဆဲ။

ခေတ်သမီး လက်ဆန့်၍ ခေါင်းရင်းခုတင်အံ့ခွက်ထဲ လက်နှိုက်ဆွဲယူသည်။ လက်ထဲပါလာတဲ့ ဖုန်းကို ဖွင့်ပြီးတဲ့ မျက်ဝန်းနဲ့ စိုက်ကြည့်သည်။

ပေဂျာမှာ ပေါ်နေတဲ့ ဖုန်းနံပါတ်က မီးလဲ မသိပါ။

ဆင်းပပနဲ့ အင်ကြင်းနီရဲ့ ဖုန်းနံပါတ်တွေလည်း မဟုတ်။

အင်ကြင်းနီ ဖုန်းအသစ်လဲမယ်လို့တော့ ပြောသံကြားမိသလိုပဲ။ အခုဖုန်းနံပါတ်က အင်ကြင်းနီအသစ်လဲတဲ့ ဖုန်းနံပါတ်ဖြစ်တန်ကောင်းရဲ့။

အဆက်မပြတ်ခေါ်နေပုံထောက်ရင် တစ်ဖက်က အင်ကြင်းနီပဲဖြစ်ဟန်တူသည်။ ခေတ်သမီး ဘာမှစဥ်းစားမနေတော့။ နားနားကပ်ပြီး ဖုန်းထူးလိုက်၏။

"ဟဲလို"

"ခေတ်သမီး"

"ရှင်"

မီး ထူးရင်း မျက်မှောင်ကြုတ်သွားသည်။ ရင်းနှီးစိတ်နဲ့ ခေါ်တဲ့ယောကျ်ားသံ။ ဘယ်သူပါလိမ့်။ ထူးမိတဲ့ မီးအသံထဲ စူးစမ်းဟန်လဲ ပါသွားကာ။ ခေတ်သမီး ထူးသံနောက်မှာ ပြောသံချက်ချင်းကြားရပြန်သည်။

"ခေတ်သမီး ကိုယ်ပါ"

"ဘယ်သူ"

"အဇိက"

ဘုရားရေ့ . . . ။

ခေတ်သမီးအသံတိတ် ဘုရားတရင်း နှုတ်ခမ်းလေးဖွင့်ဟသွားပါသည်။



သူ . . . တဲ့။

ချိုမြကြည်လင်နေတဲ့ သူ့အသံက ခေတ်သမီး အာရုံကို ဆွဲယူညှို့ငင်တွယ်နေသယောင် ခံစားရစေသည်။

"မီး ကို ပြောစရာရှိလို့"

"ဘာ၊ ဘာလဲ ဟင်"

ခေတ်သမီး လဲလျောင်းနေရာမှ ဝေါက်ခနဲ ထထိုင်ရင်းမေးမိ၏။

"မီး စိတ်ဝင်းစားမှာပါ"

"ဘာကိုလဲ ဟင်"

"လဝန်းပွဲတော်"

ခေတ်သမီးကိုယ်လေးတောင့်မတ်သွား၏။ 'လဝန်းပွဲတော်'လို့ ရေရွက်မိလျှင် သူ့အသံကြားရပြန်သည်။

"ဟုတ်တယ် မီး ။ 'မီး'ကို လဝန်းပွဲတော်ညမှာ ကိုယ်စတွေ့တယ်။ နှစ်သစ်တစ်နှစ်ရဲ့ ပထမဦးဆုံး လပြည့်ညလေ။"

"အင် . . . "

"အခုက နှစ်သစ်တစ်နှစ်ရဲ့ ဒုတိယလပြည့်ည။"

"ဟင်"

"မီး ထွက်ကြည့်လေ။ လမင်းကြီးပြည့်ဝိုင်းတော့မယ်။ ကဗျာဆန်ဆန်ပြောရရင် ဒုတိယလဝန်းပွဲပေါ့။"

"အလို"လေ . . . ။

ဒုတိယလဝန်းပွဲတဲ့ . . . ။

လဝန်းပွဲဆိုတဲ့အသိက "မီး"နှလုံးသားကို သိမ့်မွေ့ယူဆောင်သွားသည့်နှယ်။

www.burmeseclassic.com

www.burmeseclassic.com



ခုတင်ပေါ်က ဝုန်းခနဲ ခုန်ဆင်းလေပြီ။

"တကယ်။ နေဦး 'မီး' ထွက်ကြည့်မယ်။"

လက်ကိုင်ဖုန်းကို နားမှ မခွါ။

ပြောလည်း ပြောရင်း။ အခန်းတံခါးဆွဲဖွင့်ပြီး လသာဆောင်ဆီ ပြေးထွက်လျက် ကောင်းကင်ဆီ မော့ကြည့်၏။

"ဟယ် ... ဟုတ်ပါရဲ့"

မီး ... ရင်ထဲကြည့်နူးချမ်းမြသွားကာ။

ပြည့်လုလုဖြစ်နေတဲ့ လဝန်းကြီးက ဖြူလဲ့တဲ့အလင်းရောင်များ ဖြန့် ကျဲလျက်အေးငြိမ်းသာယာသော အလင်းစွမ်းအားတွေ ထုတ်လွှင့်နေသည်မှာ တကယ်ငေးမောသွားစေသည်။

"ဟုတ်တယ်နော်.... ။ ကျေးဇူးပဲ။"

"ရပါတယ်။ လဝန်းပြည့်သွားရင်း မီးနဲ့ ကိုယ်ပြိုင်တူ ဟေးခနဲ အော်ကြမယ်။"

"အော်မယ်လေ... ။"

"အိုကေ... ။ လဝန်းကို စိုက်ကြည့်နေနော်.. ။"

"အင်"

"ပြည့်တော့မယ်'မီး'ရဲ့ မိနစ်ပိုင်းလောက်ပဲလိုတော့မယ်.. ။"

"ဟုတ်တယ်... နော်... ။"

ကြည်နူးနေတဲ့စိတ်က 'သူ'ပြောနေတဲ့အတိုင်း မီးအလိုက်သင့် မျှောပါသလို ပြောနေမိပြီ။

ကြည့်နေရင်... လင်းဝင်းတောက်ပနေတဲ့ လဝန်းကြီး။

တကယ်ပြည့်ဝိုင်းသွားလျှင်



"ဟေး ... ။"

ခနဲ့ ခုန်ပေါက်အော်ဟစ်မိတဲ့အသံနှစ်သံ။

ဖုန်းလိုင်းထဲက တစ်ဆင့် တစ်ယောက်နားထဲ တစ်ယောက်ပြေးဝင် ရုံမက အပြင်လောကဆီပါ လျှံထွက်သွားလေသည်။

"မီး"

"အင်း"

ပြည့်ဝန်းသွားတဲ့ လမင်းကြီးဆီမှ 'မီး'အကြည့်မခွာရက်သေးပါ။

မြူးကြွသော အသံမြိုင်မြိုင်နှင့် သူလှမ်းခေါ်လျှင် 'မီး'လည်း အလိုက်သင့် ထူးလေသည်။

လသာဆောင်ပေါ်မှ ညအိပ်ဂါဝန်ဖားဖားလေးတလွှားလွှားနဲ့ လဝန်းကြီးကို ငေးမျှော်ကြည့်နေတဲ့ ခေတ်သမီး....

အမိက မျက်ဝန်းမလွှဲစတမ်းငေးစိုက်ကြည့်ရင်း မေးသည်။

"မီး ပျော်လား ... ဟင်"

"ပျော်တာပေါ့။ မီးလေ တစ်ခါဖူးမှ လဝန်းပွဲတော်မနွှဲဖူးဘူး။ အဲဒီညက ပပတို့ခေါ်လို့သွားတာ။ ပထမဆုံးအကြိမ်ပဲ။ သိလား"

"အင် ဆက်ပြော"

"ပြည့်သွားတဲ့ လဝန်းကြီးက တစ်ဆင့် အေးချမ်းသာယာတဲ့ နမိတ်ပုံတွေ ရင်ထဲရောက်လာသလို ခံစားတယ်။"

"အခုကော"

"ပိုပြီး သာသာယာယာနဲ့ ပြည့်ပြည့်စုံစုံ ရှိသလိုပဲ"

"ဟုတ်တာပေါ့။ ကိုးရီးယားတွေက လဝန်းပွဲတော်ကို တစ်နှစ်မှာ တစ်ခါတည်း ကျင်းပတာလေ။ နှစ်သစ်ရဲ့ ဒုတိယလပြည့်ညကို ဘယ်သူမှ

www.burmeseclassic.com

www.burmeseclassic.com



ပွဲတော်ကျင်းပဖို့ သတိရမှာ မဟုတ်ဘူး။ ကိုယ်ပြောရဲတယ်။ တစ်ကမ္ဘာလုံးမှာ ကိုယ်နဲ့ မီးနှစ်ယောက်တည်းရယ်။ ရှားရှားပါးပါး ကျင်းပနေကြတာလေ။ ဟုတ်ဖူးလား။"

"အစစ်ပေါ့ ကိုအမိက ရဲ့"

"အဲဒါဆိုရင် 'ဒီ'အတွက် ကိုယ်ရင်ထဲမှာ ဆုတောင်းထားတဲ့ ခံစားမှု ဖီလင်တစ်ခုရှိတယ်။ မီး နားထောင်မလား။"

"အင်း.... ဘာများလဲ။"

ခေတ်သမီး လသာဆောင်ရဲ့ လက်တန်းဘောင်မှာ ကိုယ်ကို မှေးရပ်ကာ အလင်းရောင်ဖြာဝင်းနေတဲ့ လအလင်းရောင်အောက်က အေးမြလှပသော ညရှုခင်းကို ရင်သပ်ရှုမောငေးကြည့်ရင်း မေးသည်။

အမိက က ကားရှေ့ဖုံးပေါ်ထိုင်နေရာမှ လဝန်းကို တစ်ချက်မော့ ကြည့်သည်။

ပြီးတော့ မီးကို ပြန်လှမ်းကြည့်လျက်

"မီးရင်ထဲမှာ အေးမြသန့်စင်တဲ့ ရင်ခုန်အလင်းရောင်စဉ်၊ ပြည့်လျှမ်းနေတဲ့ ဖီလင်မျိုးရှိပါစေလို့ ..."

"ဘယ်လို ရင်ခုန်အလင်းရောင်စဉ်"

"ဟုတ်တယ်"

"ဘာဖြစ်လို့"

"မီးကို 'ကိုယ်'ချစ်နေလို့"

"ဘုရားရေ ...."

မီး ရင်ထဲက အာမေဋိတ်သံ ကျယ်လောင်စွာ ခုန်ထွက်၏။မျက်တောင်လည်း ပုတ်ခတ်ရင်း ရင်ဘတ်ကိုလည်း လက်တစ်ဖက်နဲ့ဖိသည်။



'မီး'ရင်ထဲ တဒုတ်ဒုတ်ခုန်ကာ။

သူပြောသလို ရင်ခုန်အလင်းရောင်စဉ်ပြည့်လျှမ်းနေတဲ့ဖီလင်လား။

ခေတ်သမီး .... ရင်ခုန်သံကို ခေတ်သမီးဆန်းစစ်နေဆဲမှာ။

" မီး မယုံဘူးလား"

ခေတ်သမီး ဘယ်လိုပြန်ပြောရမှန်း မသိဖြစ်လျက်

မျက်လုံးစုံမှိတ်ကာ အသက်ပြင်းပြင်းရှူမိ၏။ စေ့ပိတ်ထားမိတဲ့ မီး မြင်လွှာထဲမှာ ...

သူရယ်

လဝန်းကြီးရယ်.... ။

ရွှန်းလက်ပြုံးပြက်သော အလင်းရောင်စဉ်တွေရယ်။

အေးမြဖြူစင်နေတဲ့ ,ခံစားမှုတွေ ယစ်ထွေးလွှမ်းခြုံထားတဲ့ ညအလှတွေရယ်။

"ပြောလေ မီး ... ။ကိုယ်ချစ်နေတာ မီး ယုံလား။ ယုံတယ်ဆိုရင် မီးခြေရှေ့ကို လှမ်းကြည့်လိုက် .... "

"ဟင်"

မီးကြည့်လိုက်တော့ တကယ်။

လရောင်အောက်မှာ ရောင်စုံပန်းစည်းလေးလှုပ်ရမ်းပြနေတဲ့သူ၊ ကြည့်စမ်း။ သူက မီး တို့ခြေရှေ့ရောက်နေတာကိုး။

လက်တစ်ဖက်နားမှာ ကပ်၍ ဟမ်းဖုန်းကိုင်ထားသည်။ တစ်ဖက်ကလက်မြှောက်လျက် ပန်းစည်းလေး လှုပ်ပြရင်း ကားရှေ့ဖုံးပေါ် ထိုင်နေရာမှာ ဆင်းသည်။

စေ့ပိတ်ထားတဲ့ ခြိတံခါးရှေ့လျှောက်လာနေသည်။

www.burmeseclassic.com

www.burmeseclassic.com



''မီး''

''ရှ.... ရှန်''

ရင်ခုန်သံမြန်ကာ မီး ထူးသံက လိုက်ဖိုတုန်ခါနေ၏။

''ဒုတိယလဝန်းပွဲတော်အတွက် အမှတ်တရဖြစ်အောင် ကိုယ့်အချစ်တွေ ပေးချင်တယ်။ မီး လက်ခံမလား။''

မီး ရန်ခုန်ငေးမောကာ 'သူ'ကို ကြည့်နေဆဲ။

''လက်ခံရင် ကိုယ်လက်ဆောင်ပေးတဲ့ မီးပန်းလေးဖွင့်ကြည့်။ ပြီးတော့ ပန်းစည်းလေးဆင်းယူလိုက်.... ။ ဘိုင် ဘိုင်း ''

သူ.... ပြောပြီး ခြံတိုင်မှာ ပန်းစည်းလေးတင်ကာ ဖုန်းပိတ်၏

ထို့နောက်

လက်ပြနှုတ်ဆက်၍ ကားမောင်းသွားလေသည်။

လရောင်အောက်မှ တရိပ်ရိပ် ပျောက်ကွက်သွားတဲ့ သူ ကားလေး။ မီး အာရုံထဲမှာ လုံးဝမမြင်ရတော့။

မင်းရင်တွေ ပို၍ခုန်လာသည်။ မီး နားက ဖုန်းကို ခွာမိလေသည်။

ရင်ခုန်သံတွေစေ့ဆော်သောမီး ခြေလှမ်းကလည်း အခန်းထဲသွက်သွက်ပြေးသွားလေသည်။

ပါကင်ထဲက အလှမီးပန်းလေးကို ထုတ်ပြီး နံရံက မီးပလပ်မှာ ထည့်၍ မီးခလုတ်ဖွင့်လိုက်လျှင်

'' ဟယ့်တော်''

မီး .... တကယ်အံ့သြရင်ခုန်လိုက်မြူးသွားသည်မှာ

မီးပန်းပတ်လည်က၊ အပြာရောင်လေးလင်းကာ၊ ကျူးလစ်ပန်းပုံစံ မီးလုံးရဲ့အလယ်မှာရှိတဲ့ မီးချောင်းက စာလုံးပုံဏ္ဍာန်ပန်းရောင်လေး



လင်း၏။

ထိုစာတမ်းက

''ချစ်တယ် ... မီး'' တဲ့။

အို

မီးပန်းလေးကို ပလပ်က ဆွဲဖြုတ်ပြီး ရင်ခွင်မှာ ကပ်မိ၏။

ထိုအခါ

ရင်ခုန်ခြင်းခေါင်းစဉ်အောက်မှာ မီးနှလုံးသား အချစ် ရောင်စဉ်တွေကာ၊သာနေဆဲ လရောင်လို့ ပြည့်ဝိုင်းလင်းဖြာလို့ နေလျှင်

ညက ချစ်ဖီလင်နဲ့ လွှပ်ရှားလို့နေပါပြီ ။

♛♛♛♛♛

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၀)

"ဟယ့်တော်"

အပေါ်ထပ်က နေ မြူးရွှင်စွာ ခုန်ဆွခွဆင်းလာတဲ့ ခေတ်သမီး။ အံ့ဩသံလေးထွက်ကာ ညှော့ခန်းဝမှာ ခြေလှမ်းလေးတန့်သွားပါသည်။

မျက်ဝန်းဝိုင်းလေးကလည်း ပေါ်တီကိုအောက်မှာ ရပ်ထားတဲ့ တက္ကစီပေါ်မှ၊ ဆင်းလာတဲ့ ဖေဖေနဲ့မေမေဆီ။

ဘွားဘွားက ဆီးကြိုကာ။

မခင်ရီက ကားနောက်ခန်းထဲကခရီးဆောင်အိတ်တွေ သယ်ထုတ်နေတဲ့မြင်ကွင်း။

ခေတ်သမီး တကယ်အံ့ဩရပါသည်။

လာမယ့်နေ့ ကြိုတင်ဖုန်းဆက်မယ်ပြောပြီး ဖုန်းလည်းမဆက်၊



အီးမေးလ်နဲ့လည်း အကြောင်းမကြား။ ဝုန်းဒိုင်းပေါက်ချလာတဲ့ မိဘနှစ်ပါး။

"ဟော့ .... မီးလေး။ လာလာ မီး မေမေတို့ရောက်နေပြီးကွယ်။ လာခဲ့လေ လာ"

ဘွားဘွားက မေမေ့လက်ကို တွဲကြိုပြီး ပြန်အလှည့်မှာ "မီး"ကို တွေ့၏။ အားရဝမ်းသာစွာပဲ ဘွားဘွား ခေါ်ပြောလျှင် ခေတ်သမီး အံ့ဩတာတွေ ဘေးဖယ်ရလေပြီ။

"ဟင် ... မေမေနဲ့ ဖေဖေ ဖုန်းလဲ ကြိုမဆက်ဘူး။ မီးလာကြိုမှာပေါ့လို့"

ရှုရှုရှဲ့ရှဲ့လေးပြောရင်းရင်ခွင်ထဲပြေးဝင်လာတဲ့ သမီး။ ခေါ်ပန်းမာလာ ထွေးဖက်ရင်းကြည့်သလို ဖခင်ဖြစ်သူ ဦးသန်းမြင့်ဇော်ကလည်း သမီးချော ကို အလွမ်းပြေရလေ၏။

အတွန့်အထပ်ကလေးများပါတဲ့ ဒူးဖုံးလုစကတ်ပါဝါလေးကို စီးလွှင်တွေနဲ့ အလှဆင်ထားတဲ့ ဆွဲသားအင်္ကျီလက်စက စိမ်းနုရောင်နဲ့ တွဲဝတ်လျက်အဖျားလိမ်ခွေသောဆံပင်ညိုကို နှစ်ဖက်ခွဲစည်းချသည်က ပုခုံး ထက် တိုက်လုတိုက်ခင်။

ကျောပိုးအိတ်လေးလွဲလျက် ကြိုးသိုင်း ဖိနပ်ချွန် အသင့်စီးပြီး ထွက်လာတဲ့ဟန်က အပြင်ထွက်ဖို့ အဆင်သင့်ဖြစ်နေတဲ့ သမီးအလှ။

ပြုံမှုလှုပ်ရှားဟန်လေးက ကိုးရိုးယားမင်းသမီးလေးနှယ် ချစ်စရာ ကောင်းနေသည်က မိဘရင်းကို ခရီးရောက်မဆိုက်အမောပြေစေသလို အလွမ်းလည်းပြေစေပါသည်။

"သမီးရယ်"

ဦးသန်းမြင့်ဇော်က သမီးဆံပင်လေးကို ဖွဖွပွတ်သပ်ရင်းခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေက ကြုံပြီးဖုန်းဆက်မယ်ပြောပြီးတော့။ ခုတော့ ဟုတ်လဲ ဟုတ်တဲ့နဲ့။"

"ဟုတ်ပါ့၊ ခင်းတို့နှစ်ယောက်က တို့မြေးဘွားကို အသိမပေးဘဲ ပေါက်ချလာတာတော့ မကောင်းပါဘူးအေ"

ဘွားဘွားကလည်း မီးဘက်ကဝင်ပြောရင်း ဆိုဖာမှာ ဦးခေါင်း ဝင်ထိုင်သည်။ မေမေကလည်း မီးကိုဖက်ထားရာမှ ပါးကို ဖွဖွမွေး ကြူ၍ အလွမ်းဖြေကာ။

"ပြောပါတော့ အမေရယ်။ ပြောပါတော့ ဟင့် ဟင့် အမေနဲ့အမေ မြေး ဘယ်အခြေအနေရှိနေမလဲ သိချင်လို့ပါ။"

"အလိုလေ"

ဘွားဘွားကမျက်စောင်းထိုးသည်။

ဦးသန့်မြင့်ဖော်က ဘဘောတကျရယ်ရင်း ဆိုဖာပေါ်သက်သောင့် သက်သာထိုင်လေပြီး

"ဟုတ်တယ်အမေ... ။ သမီးက ဘွားအေကိုလှည့်ပတ် ညာ ဖြန်းပြီး အပြင်မှာချည်းဖြစ်နေမလား။ ဘာလားသိချင်လို့တမင်ပဲ အကြောင်း မကြားတာ။ ခုပဲကြည့်လေ သမီးက အပြင်ထွက်တော့ဖို့ မဟုတ်လား။"

"အိုအေ။ ဒါက ကျူရှင်တက်ဖို့ ကိစ္စရှိနေလို့ ငါကိုယ်တိုင်ခွင့်ပြု တာအေ့ ... ။"

"ဟုတ်တယ် ဖေဖေရဲ့ မယုံရင် ပပနဲ့ နီနီကို ဖုန်းဆက်မေးကြည့်"

ဘွားဘွားနောက်မှာ ခေတ်သမီးတစ်ဆက်တည်းပြောသည်။

မေမေက မီးကိုမလွှတ်သေးဘဲ ဆိုဖာခုံရှည်မှာဝင်ထိုင်ကာ။

"ဒါက သမီးအပြောပေါ့။ ဒါပေမဲ့ မေမေတို့က စိတ်ပူပင် ရတာ



တော့ ပူပင်ရတာပါပဲ။ သမီး ဘွားဘွားက သမီးပြောသမျှ ယုံမှာပဲ၊ မဟုတ်ဘူးလား အမေ"

"အမလေး မာလာရယ်။ ငါက ညဉ့်းကို မွေးလာ တာပေါ့အေး။ သမီး အပျိုအရွယ်ကို ဘယ်လိုထိန်းရသလဲဆိုတာ နားလည်ပြီးသားပါ။ မြေးကို ချစ်တာ တစ်ခြား။ မြေးပြောတိုင်း မျက်စိစုံမှိတ်ယုံနေတဲ့ ဘွားအေ မျိုး မဟုတ်ပါဘူး တကတည်း"

ဘွားဘွားက မေမေနဲ့ဖေဖေကို မျက်နှာတခါခါနဲ့ မကျေမနပ်ပြော ၏။ ဖေဖေနဲ့ မေမေက တစ်ယောက်မျက်နှာတစ်ယောက်ကြည့်၍ ပခုံးတွေ ဘာတွေ တွန့်ကာ။

"အမေ.... ကလည်း အမေ့မြေးကို ပြောရင် ဆတ်ဆတ် ထိမခံပဲ"

"မခံဘူးပေါ့.... ။ မခံဘူး။ ညဉ့်းတို့ လင်မယားက တစ်ဆိတ် ရှိရင် ဒါပဲ။ မြေးကို အလိုလိုက်တယ် လိုက်တယ်နဲ့။ အခု ညဉ့်းတို့ပြန်ရောက် လာပြီး မဟုတ်လား။ ညဉ့်းတို့သမီးကို ညဉ့်းတို့ဆက်ထိန်းပါအေ့။ဒါပဲဟွန်း"

ဘွားဘွားအနိုင်ပိုင်းပြောကာ ထိုင်ရာမှ ထထွက်သွားလေသည်။

ဘွားဘွားက အဲသလိုပါပဲ။

ဖေဖေနဲ့ မေမေက သက်မတွေချသည်။

ပြီးတော့ မီးကိုပဲ ပြိုင်တူကြည့်လျှင် ခေတ်သမီးစိတ်ထဲ မလုံ မလဲ ဖြစ်လာပါသည်။

ထို့ကြောင့်

"ဖေဖေနဲ့ မေမေ နားဦးလေ" ဟု

ဆိုမိလျှင်

www.burmeseclassic.com

www.burmeseclassic.com



"နားပါ့မယ်.... သမီးရယ်။ ဒါနဲ့ သမီးကို ပြောရဦးမယ်"

မေမေက ခေတ်သမီးကို စိုက်ကြည့်လျက်။ နားသယ်စပ်မှာ ဖြာကျနေတဲ့ ဆံနုနုလေးများကို ပွတ်သပ်ရင်း ဆိုသည်။

"ဘာများလဲ မေမေ"

"မာလာ နောက်မှပြောကွာ"

ဖေဖေက မေမေထက် အရင်ဝင်ပြောၐ။ ပြောမလို့ပြင်နေတဲ့ မေမေနှုတ်ခမ်းအစုံ ခေတ္တငြိမ်သက်သွားသည်။

ပြီးမှ

"အင်း၊ နောက်မှအေးအေးဆေးဆေးပြောမယ်။ သမီး ကျူရှင်ကိစ္စသွားမှာ မဟုတ်လား၊ သွားလေ၊ သွား။"

"ကိစ္စပြီးရင် အိမ်တန်းပြန်ခဲ့နော် သမီး။ အပြင်မှာ အချိန်ဖြုန်း မနေနဲ့ သွားတော့။ နောက်ကျနေလိမ့်မယ်"

ဖေဖေ ပုံမှန်သံနဲ့ မှာသည်။

"ဟုတ်"

ခေတ်သမီး ခေါင်းညိတ်၍ မေမေအပါးမှ ထလေပြီ။ ဖေဖေနဲ့ မေမေကို အပြုံးနဲ့ပဲ နှုတ်ဆက်ကာ လှည့်ထွက်ခဲ့လေသည်။

မေမေနဲ့ဖေဖေက ဘာပြောမှာလဲ ၊

ခေတ်သမီး နောက်ကြောမလုံတော့ပါ။

ရန်ခုန်သံတွေလည်း မြန်လာကာ။

လှည့်ပြန်တစ်ချက်ငဲ့ကြည့်မိလေသည်။

ဖေဖေနဲ့ မေမေက မျက်နှာချင်းဆိုင်ပြီး တီးတိုးပြောကာ ဆိုဖာပေါ်မှ ထ၍ အခန်းထဲဝင်သွားသည်ကို ခေတ်သမီး အစအဆုံးကြည့်လျက်



သက်မချသည်။

ကားပေါ်တက်သော မီး ခြေလှမ်းတို့ လေးလံကာ။

ဘာအကြောင်းများလဲး မေမေရယ်။

မီး.... ရင်မှာ သောင်ပြင်ကြီးတစ်ခု ထွန်းနေသလို ခြောက်သွေ့ လွန်းလှပြီ ။

တကယ်။

♛♛♛♛♛

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၁)

''သမီးတို့ ဒုတိယနှစ်မှာ Hons: ဝင်အောင်ကြိုးစားကြနော်''

''စိတ်ချပါ တီချယ်.... 'မီး'တို့လည်း Hons:ဝင်အောင်ကြိုးစားချင်လို့ တီချယ်ဆီလာခဲ့တာပါ။''

''ဟုတ်ပြီ သမီးတို့ ကြိုးစားမယ်ဆိုရင် တီချယ်လည်း သင်ပေးရတာ အားရှိတယ် ကွယ်၊ တီချယ်က ကျူရှင်သဘောသင်ပေးမှာမဟုတ်ဘူး။ သမီးတို့ ထူးချွန်ချင်စိတ်ရှိလို့ လာသင်တဲ့အတွက် ထူးချွန်အောင် တီချယ် သင်ပေးမှာ''

''ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် တီချယ်''

သုံးယောက်သား မတိုင်ပင်ပဲ သံပြိုင်ပြောမိလေသည်။

ဆရာမဒေါ်မျိုးမျိုးဦး ပါဝါမျက်မှန်တစ်ချက်ပင့်တင်ရင်း ပြုံးသည်။



''ကောင်းပြီလေ .... ။ကျောင်းဖွင့်တဲ့ရက်ကစပြီး ''တီချယ်'' စသင်ပေးမယ်။ သမီးတို့ မနက်ပိုင်းအားရင် မနက်ပိုင်းလာခဲ့။ ညနေပိုင်းလဲ ဖြစ်တယ်။''

''ညနေဆို ပိုကောင်းတယ် တီချယ်''

အင်ကြင်းနီက သွက်သွက်လေးဝင်ပြောသည်။ ဒေါ်မျိုးမျိုးဦး သဘောကျကာ

''အင်၊ ဟုတ်တယ်။ သမီးအင်ကြင်းနီ ပြောသလိုပဲ၊ ညနေပိုင်းဆိုတော့ အေးအေးဆေးဆေးရှိတာပေါ့။ တီချယ်လည်း အချိန်ရတယ်။ ဖြစ်တယ်။ ညနေပိုင်းလာခဲ့ကြ တီချယ်စောင့်နေမယ်''

''ဟုတ်''

သုံးယောက်သား လက်ပိုက်လျက်သားနဲ့ ခေါင်းညိတ်သည်က မတိုင်ပင်ရပေ။ စိတ်တူ ကိုယ်တူ ညီညွတ်လို့နေသည်။

ဒေါ်မျိုးမျိုးဦး တပည့်သုံးယောက်ကို စေတနာအပြည့်နဲ့ပဲ ကျေနပ်အားရကြည့်လေပြီး .... ။

''ကဲ ဒါပဲဟုတ်လား သမီးတို့''

''ဟုတ် .... ဒါပဲ တီချယ်''

''အဲဒါဆို... 'မီး'တို့ သွားတော့မယ်''

ဆင်းပပနဲ့ မီး တစ်ခွန်းစီပြောလျှင် ဆရာမက ထိုင်နေရာမှ ထရပ်ပြီး တံခါးဆီ ဦးဆောင်ခေါ်သွားသည်။

မီးတို့ သုံးယောက်ခေါင်းလေးငုံ့ကာ။

သုံးယောက်သား ရှိရှိကျိုးကျိုး နှုတ်ဆက်ပြီး ဆရာမအိမ်က ခွာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘူမိဗေဒအထူးပြုဘာသာရပ်နဲ့ပထမနှစ်အောင်ပြီးတဲ့ သူငယ်ချင်းသုံးယောက်စလုံး ဒုတိယနှစ်ကျောင်းပြန်တက်ဖို့ စိတ်အားထက်သန်လို့နေသည်။

ပြီးတော့

ဒုတိယနှစ်မှာ Hons:ဝင်အောင်ကြိုးစားပြီး ဂုဏ်ထူးတန်း ဆက်တက်ဖို့ ရည်ရွယ်ချက်ကြီးမားနေသည်။

ဆရာမ ဒေါ်မျိုးမျိုးဦးဆီမှာ ကျူရှင်တက်မယ်လို့ လာပြောခြင်း။ ဆရာမက ကျူရှင်မသင်ဘူးတဲ့။ ထူးချွန်ချင်ရင် စေတနာအရင်းအတိုင်းနဲ့ သင်ပေးမယ်ပြောလေသည်။

တီချယ်ဒေါ်မျိုးမျိုးဦး၏ စိတ်ရင်းအပေါ် သူငယ်ချင်းသုံးယောက်ပို၍ လေးစားကြည်ညိုကာ။ တကယ်ကြိုးစားမယ်ဆိုတဲ့ စိတ်အားထက်သန်မှုမျိုးနဲ့တက်ကြွနေကြသည်။

"မီး Hons:ဝင်မှ MScဆက်တက်လို့ရမှာနော်"

"အမယ် သိပါတယ် နီနီရဲ့"

"သိတယ်ဆိုပြီးရော... ။"

"ဟဲ့ ... ။ အိမ်မပြန်သေးဘူးလေ"

ဆင်းပပကြားဖြတ်ပြော၏။ အိမ်ဘက်ဦးတည်မယ့်ကားလေးကို"မီး"အရှိန်လျှော့ချရင်း

"ဘယ်သွားစရာရှိလို့လဲ ပပ"

"ဟီး.... ရှိတယ်"

ဆင်းပပ မဆီမဆိုင် ဟီးခနဲ့ ရယ်ချရင်းပြောသည်။

မီး မျက်မှောင်ကြုတ်သွားပြီး .. ။



"ဘယ်လဲ"

"အင်းလျားကန်"

"ဟင်"

"ဟီး ဟီး ဟီး"

မီးက အံ့ဩသွားသည်။ ဆင်းပပနဲ့အင်ကြင်းနီက တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း ပြိုင်တူ တဟီးဟီးရယ်လေသည်။

ထိုရယ်သံက နှစ်ယောက်သား တစ်ခုခုကြိတ်ကြံထားတဲ့အစီစဉ်တစ်ခုခုရှိနေဟန်တူသည်။ ခေတ်သမီး နောက်ဘက်တစ်ချက်လှည့်ကြည့်ပြီး

"ဘာလဲ တိုင်ပင်ပြီး ရယ်နေကြတာ"

"ကဲ အင်းလျားသာ အရောက်မောင်း၊ ဟိုကျတော့ သိရမယ်"

"ဟဲ့ အချိန်အကြာချည်းမရဘူးနော်၊ ဖေဖေနဲ့ မေမေပြန်ရောက်နေပြီ"

"သိပါတယ်... မီးရယ်"

"အင်းလျားပါတယ်"

ဆင်းပပနဲ့ အင်ကြင်းနီ ရယ်ရယ်မောမောပြောတဲ့နောက်မှာ ခေတ်သမီး မငြင်းသာ။

သူငယ်ချင်းတွေအလိုကျ ဦးတည်လျက်။

♛♛♛♛♛

အင်းလျားကန်စပ်က ရေတမာပင်အောက်မှာ 'မီး'ကားလေးထိုးရပ်လိုက်သည်နှင့် ဆင်းပပနဲ့ အင်ကြင်းနီကားပေါ်က သွက်သွက်မြူးမြူးလေးဆင်းလေသည်။

'မီး' ကားမောင်းသူနေရာမှ နောက်ဆုံးဆင်း၏။

www.burmeseclassic.com

www.burmeseclassic.com



''ဆို အင်းလျားမှာ ဘာလုပ်ဖို့လဲ''

ခေတ်သမီးသိချင်စိတ်နဲ့မေးသည်။

ဆင်းပပနဲ့ အင်ကြင်းနီ ပခုံးတွန့်ပြုံး၍ မျက်စနဲ့ပြ၏။ မီးချက်ချင်း ကြည့်လိုက်တော့။

မလှမ်းမကမ်းမှာ ရပ်ထားတဲ့ ကားနှစ်စီး။

ဂျစ်ကား အမိုးပွင့်ဆီမှ ဆင်းလာတဲ့ တစ်ယောက်က

အင်း... မီးသိတယ်။ အဲဒါ ဆင်းပပကို ကြူနေတဲ့ စစ်နိုင်ဆိုတဲ့ တစ်ယောက်။ အသက်အရွယ်နဲ့ မလိုက်အောင် ခန္ဓာကိုယ်ဝပြီး လူကြီးပုံပေါက်နေလို့ စစ်နိုင်ကို အားလုံးက စစ်နိုင်ကြီးဟုခေါ်သည်။

ဘင်န်ကားအနီလေးပေါ်က ဆင်းလာသူက အာကာသစ်။ လဝန်းပွဲတော်တုန်းက အင်ကြင်းနီ နားလာရစ်နေတာ 'မီး'သိတယ်။

ခုတော့ သူတို့က ဘာလဲ။

မျက်နှာတွေကလည်း မရိုးသားဘူး။ ပန်းရောင်တွေ အနီရောင်တွေပြေးနေလွှားနေသည်က တစ်ခုခုဖြစ်မှန်း'မီး'သဘောပေါက်သွား၏။

''အော် လက်စသတ်တော့ ရှင်းတို့က အချိန်းအချက်နဲ့ပေ့ါလေ''

'မီး'အခုမှ သဘောပေါက်ကာ။

ရန်တွေသလိုဆိုမိသည်။

အနားရောက်လာပြီးဖြစ်တဲ့ စစ်နိုင်ကြီးကို ဆင်းပပက လက်ကမ်းပေးပြီး

'မီး စောင့်နေနော်''

ဒါပဲပြောပြီးဆုပ်ကိုင်ဆွဲခေါ်သွားတဲ့ စစ်နိုင်နောက်ပါသွား လေသည်။



မီး နှုတ်ခမ်းဆူရအခက်၊ စိတ်ဆိုးရအခက်။

အောက်နှုတ်ခမ်းကိုပဲ မကြည့်လင်စွာကိုက်ထားလျှင် အင်ကြင်းနီက တဟီးဟီးရယ်ရင်း မီး ပုခုံးကို ကျီစယ်စွာလာဖက်၏။

''မီးကလည်း သူများချစ်သူချင်းကို မငြူဆူရဘူး...။ ဝဋ်လည်နေဦးမယ်။''

''အောင်မယ် နီနီနော်''

''တကယ်ပြောတာ၊ မီးကသာ မသိတာ။ ပပကော 'နီ'ကော ချစ်သူရှိနေပြီးရှင့်။ ဟိုမှာ အာကာသစ်လာနေပြီ။ နီ ခဏသွားတွေ့လိုက်မယ်။ မကြာဘူး မီးရဲ့။ စိတ်ဆိုးပြီး လစ်ထွက်မသွားနဲ့... ဒါပဲ''

ပြောပြီး မီး လက်ထဲကကားသော့ဖျက်ခနဲဆွဲလုသွားတဲ့အင်ကြင်းနီ

''ဟဲ့ နီ ကားသော့ပေးခဲ့လေ''

''မပေးဘူး။ မီး မစောင့်ဘဲ ထွက်သွားရင် အားလုံးလွဲကုန်မယ်။ ဒါကြောင့် ကားသော့ယူထားတာ။ ပေါက်တယ်နော် ဟီး ဟီး ဟီး''

အင်ကြင်းနီကားသော့ လှုပ်ပြကာ ပြောသည်က အသည်းယားစရာ။

''မရဘူး။ မစောင့်ဘူး။ မီး ကားသော့ပြန်ပေး''

ကားသော့လိုက်လုဖို့ 'မီး'ကြိုးစားချင်တဲ့ ခြေလှမ်းက ရှေ့ဆက်ဖို့ တုန့်ဆုတ်သွား၏။

အကြောင်းက

အင်ကြင်းနီပခုံးကို အာကာသစ်က သိုင်းဖက်ကာ ခံတန်းဆီ လျှောက်သွားတော့ကြောင့် ဖြစ်သည်။

ဟွန်း။

www.burmeseclassic.com

www.burmeseclassic.com



'မီး' ဘာမှမတတ်နိုင်စွာ ခြေဆောင့်လိုက်ရင်း ပွစိပွစိရွတ်ရုံသာ။

ဒင်းတို့ နှစ်ယောက်တွေ့မယ် နေကြဦး။

ခေတ်သမီး တစ်ယောက်တည်း စိတ်ဆိုးစိတ်ကောက်ဖြစ်ပါ၏။

နှစ်တွဲလုံးကို ကြည့်နေရာမှ မျက်လုံးက အလိုလိုရှက်လာတာလဲ ပါသည်။ ထို့နောက် သူတို့နဲ့ အလှမ်းဝေးသော ကမ်းစပ်က သက်ရင့်ပင်ကြီး နောက်က ခုံတန်းမှာ မီး တစ်ယောက်တည်း ထိုင်ချမိတော့၏။

ပပနဲ့ မုံ... ။

ကျွတ် .. တွေ့မယ်။

မီးကအိမ်ပြန်လမ်းမှာ အမိက ရင်ဖွင့်တဲ့အကြောင်းပြောပြမလို့ ဥစ္စာ။

ပြောပြခွင့် မခွင့်မသာတဲ့အပြင်။

သူတို့ကို အတွဲစောင့်လုပ်ပေးရတဲ့အဖြစ်။

♛♛♛♛♛

"မီး"

"ရှင်"

ခေါ်သံနောက်မှာ ထူးသံတစ်ဆက်တည်းပါသွားကာ၊ ခေတ်သမီး လှည့်ကြည့်လိုက်တော့ 'အလိုလေးတကာ ရင်ခုန်သွားပါသည်။

ချက်ချင်းလဲ ကြွေရောင်တောက်နေတဲ့ ခေတ်သမီးမျက်နှာ နုနုလေး၊ ရှက်ရောင်နဲ့ ရဲရဲစွေးစွေးနီမြန်း၏။

ထုတ်ကြည့်နေတဲ့ ရောင်စုံပန်းစည်းကိုလည်း ကမန်းကတမ်းပဲ ကြောပိုးအိတ်ထဲ ပြန်ထိုးထည့်ရင်း မလုံမလဲ ရှက်လို့သာနေသည်။



မရှက်ဘဲနေ မလား။

ခေါ်သံနဲ့အတူ အနားရောက်လာတာ တစ်ခြားသူမှမဟုတ်ဘဲ။

အမိက ဖြစ်နေမင့်ကိုး။

ကြည့်စမ်း။ ဘယ်အချိန်ကတည်းက 'မီး'ကို စောင့်ကြည့် နေမှန်းမသိတဲ့ အမိက မျက်ဝန်းထဲမှာ အားလုံးကိုမြင်ပဲ့ သိပဲ့ဆိုတဲ့ စာတန်းများပေါ်လျက်။

အိုး။

မီး ရှက်လိုက်တာ မပြောပါနဲ့တော့။

သူငယ်ချင်းတွေကို သူ့ပန်းစည်းပြချင်လို့ ကြောပိုးအိတ်ထဲထည့်လာခဲ့တဲ့ ဥစ္စာ။ သူငယ်ချင်းတွေအတွဲကိုယ်စီနဲ့ သွားချိန်နေတော့ 'မီး'တစ်ကိုယ်တည်း ရင်ခုန်စွာ ထုတ်ကြည့်နေခြင်း ဖြစ်သည်။

ခုတော့ လက်ဖူးလက်ကြပ်မိလေပြီ။

မဟုတ်မှလွဲရော။ ပပ တို့ တမင်အကွက်ဆင်ထားတာပဲဖြစ်မယ်။ ကြည့်ရွှင်တောက်ပနေတဲ့ သူ့မျက်လုံးနဲ့ ပြုံးချိုနေတဲ့ သူ့နှုတ်ခမ်းတို့က သက်သေခံ နေသည့်သဘော။

ခေတ်သမီး မလုံတာရော၊ ရှက်တာရော၊ ရင်ခုန်တာတွေပေါင်းစုကာ။ ကြောပိုးအိတ် ပွေ့ပိုက်၏။ ထိုင်နေတဲ့ ခုံတန်းမှ ဖျတ်ခနဲ ထလျက်၊ သူ့ကို ရှောင်ဖို့ ပြေးထွက်လျှင်။

"မီး"

"အိုး"

မီးရှေ့မှ ပိတ်ရပ်နေတဲ့ သူ ။ ရှေ့တိုးလာတဲ့ သူ့ခြေလှမ်း။ 'မီး' နဲ့အတော်လေး နီးနီးကပ်ကပ်ဖြစ်လျှင် သူ့ကိုယ်မှာ ဆွတ်ဖြန်းထားတဲ့

www.burmeseclassic.com

www.burmeseclassic.com



တေလာ မွှေးနံ့သင်းမြမြကို ရှိုက်ရှူမိ၏။

ထိုမွှေးရနံ့က သူကိုယ်သင်းရနံ့နဲ့ ရောပြွမ်းကာ အပျိုစင်ရိုင်းလေး အာရုံကို ရှိုးတိုးရှန့်တန့်ဖြစ်စေသည်။

ရှောင်ထွက်ပြေးသွားချင်တဲ့ မီးခြေလည်း ဆက်လှမ်းလို့မရအောင် မွှေးမြအီသင်းနေတဲ့သူကိုယ်နံ့က ညို့ဆောင်ထားသည့်နှယ်။

'မီး'တစ်ကိုယ်လုံးကို သိမ်းကြုံးကြည့်နေတဲ့ သူမျက်ဝန်း ရသကို မီးခံစားမိပြီးထင့်။

"ကိုယ် အချစ်ကို လက်ခံပြီးနော်" တဲ့

သူတကယ်မေးလေပြီ။ မီး မျက်နှာပေးလွှဲခါ၍

"အိုး... ။ ဟင့် အင်း"

မီး .... ငြင်းသံက ရင်ခုန်လှိုက်မောစွာ၊ ပါးပြင်လေးလဲ့ရဲ မှည့်လို့နေသည်။ အဓိက ရင်ခုန်နှုတ်ခမ်းကို ပို၍ အပြုံးချိုသွားစေကာ"

"မီး ညာ နေတာ"

" ဟုတ် ဟုတ် ။ ဟိုလေ"

မီး ပခုံးနှစ်ဖက်ကို ဖျစ်ဆုပ်ကိုင်လှုပ်လျှင်။ မီး ရင်ခုန်မိန်းမူးသွားစေသည်။

" အို.. ဖယ်.... ဖယ်... ပါ.... "

"ချစ်တယ် ပြောပေါ့။ မီး ကိုယ့်ကို ချစ်လို့ ပန်းစည်းသိမ်းထားတာ မဟုတ်လား"

"ဟို သူ သူငယ်ချင်းတွေကို ပြ... ပြမလို့ပါ"

တစ်ခါဖူးမှ နီးနီးကပ်ကပ်ရင်ဖွင့်ကြော်ငြာခြင်း မခံရသေးတဲ့ 'မီး'နှလုံးသား အသစ်စက်စက် ကလေး။



ခုတော့ အယောင်ယောင် အမှားမှားနဲ့

မေးဖျားလေး... ပင့်ကိုင်ခံရလျှင်၊ မီး တစ်ကိုယ်ဖြန်းခနဲ နွေးဖြာလေသည်။

'မီး... ပါးပြင်လေးက ချစ်တယ်တဲ့။ နှုတ်ခမ်းလေးကလည်း"

"သိ.. သိဘူး... ဖယ်"

ရှန်းနေတာလား။ မူနေတာလား။ နွဲ့မြူနေတာလား။ မီးလည်း မခွဲခြားတတ်။ အဓိက မြူးမြူးလေးရယ်ရင်း တွေးပွေ့လိုက်တဲ့အခါ

ခေတ်သမီး ဖိုလှိုက်ကာ နှုတ်ခမ်းလေးပွင့်လာသွား၏။

မျက်နက်ဝန်းလည်း ဝိုင်းကာ။ မော့ကြည့်လျှင် ချစ်ကြမယ်နော် ဆိုတဲ့ ရှန်းလက်တဲ့ သူ့ရင်ခုန်မျက်ဝန်းနဲ့ စူးစူးစိုက်စိုက်ဆုံလေသည်။

ထိုအခါ

ခေတ်သမီး အရာရာကို မေ့လျော့ပြီး၊ ရင်ခုန်သံမြန်နေတာပဲ သိသည်။

စိုက်ကြည့်နေတဲ့ သူ့မျက်ဝန်းက ညို့ဓါတ်တစ်မျိုးနဲ့ ရီဝေစို့စွတ်လျက်။ ဆွဲအားတွေပါနေတော့လည်း မီး အကြည့်က သိမ့်ခနဲ တုန်ကာ မျက်ဝန်းအကြည့်ချင်း ယှက်နွယ် သွားတဲ့ နောက်မှာ... ။

ဖူးအိနေတဲ့ မီးပါးလေး နွေးသွား၏။

သူ့ အသက်ရှူငွေ့နွေးနွေးက၊ မီး မျက်နှာအနှံ့ ဖြန့်ကျက် နေရာယူလေသည်။

အဲဒီနောက်မှာ

မီး နှုတ်ခမ်းလွှာ နွေးပူခြင်းတွေ ရှည်လျားသွားတဲ့အခါ ရင်မှာ ပွေ့ပိုက်ထားတဲ့ မီးကြောပိုးအိတ်လေး နှစ်ယောက်အကြား လျောခနဲ [illegible]

www.burmeseclassic.com

www.burmeseclassic.com



ဆင်းသွား၏။

"အိုး"

မီး ယောင်ယောင်မှားမှားနဲ့ 'သူ့'လည်တိုက်ကို သိုင်းဖက်၏။ မျက်လွှာကိုလည်း ဆင်းချလိုက်လေပြီ ။

ထပ်တူကျသွားတဲ့ နှုတ်ခမ်းနှစ်စုံပူရှနွေးဖိုခြင်းတွေထဲ ချိုမြမွှေးအီစွာ မျှောပါလျက်။

အင်လျားကန်လေပြင်ထက်က လှိုင်းအနုအရွကလေးများလို၊ အနမ်းလှိုင်းတို့ ကျယ်ပြောနေလေပြီး။

တူညီသော ရင်ခုန်သံက ဒါပဲဖြစ်သည်။

"ချစ်တယ် ကွယ်" တဲ့

♛♛♛♛♛

## အခန်း(၁၂)

"ဒါကတော့ ညဦးတို့ သမီးညဦးတို့သဘောအေ့။"

ဘွားဘွားရဲ့ ခပ်ပြတ်ပြတ်ပြောသံ။

"ဟုတ်တော့ ဟုတ်ပါတယ် အမေရယ်"

ခေတ်သမီး ကိုယ်လုံးလေး ငြိမ်ကာ နံရံမှာ ကြောကပ်လျက်၊ အသက်မရှူဘဲ ငြိမ်ရပ်နေလိုက်သည်။

မေမေက ဘွားဘွားကို ဘာတွေပြောတာလဲ။

ဘွားဘွားက ညဦးတို့သဘောပြောတာက ဘာကိစ္စအတွက်လဲ။ မေမေတို့ ပြန်ရောက်တဲ့နေ့ ချက်ချင်းပြောမယ်လို့တာ ဆူနေတဲ့စကား။ ဖေဖေက နောက်မှပြောဆိုတာနဲ့ ထိုကိစ္စရပ်ဆိုင်းနေခဲ့သည်။

ရပ်ဆိုင်းနေတဲ့ကိစ္စနဲ့ ဘွားဘွားစကားဆက်စပ်နေမယ်လို့ 'မီး'

www.burmeseclassic.com

www.burmeseclassic.com



ထင်၏။

"အမေ့ မြေးကို အမေချော့ပြောရင် ရမှာပါ။"

"ညဉ်းတုန်းကလည်း ငါချော့မပြောခဲ့ပါဘူးအေး။ ညဉ်းက ကြိုက်တယ်ဆိုတော့ သန်းမြင့်ဇော်ကို ငါလက်ခံပေးခဲ့တာပဲ။ ဘာဘာညာညာ ငါဝင်ပြောခဲ့လို့လား။ အခုလည်း ညဉ်းတို့လင်မယား စကားသေချာ ပြောဆိုခဲ့ပြီးပြီ။ ညဉ်းတို့လင်မယား လက်ခံခဲ့ပြီးကာမှ အမေ မြေးအမေချော့ပြောဆိုတာတော့ မဟုတ်သေးပါဘူး ညဉ်းစကားက။ မာလာရယ် ငါ့ကိုအလုပ်မပေးနဲ့"

ဒေါ်ရွှေအိမ် ဝင်မစွက်ဖက်ချင်စိတ်နဲ့ ပြောသည်။ ဒေါ်ပန်းမာလာ သက်မချကာ ခေါင်းရမ်းသည်။ ခုတင်ဘောင်မှာ မှီပြီး သက်သောင့်သက်သာ ထိုင်နေတဲ့ မိခင်ကို ဒေါ်ပန်းမာလာကြည့်ရင်း အမေ့ခြေသလုံးကို ဖွဖွဆုပ်နယ်ပေးလျက် စကားဆက်၏။

"အမေ သဘောမတူလို့လား"

"ငါ ပြောပြီးပြီးပဲ မာလာရယ်။ ညဉ်းတို့ သဘောက ငါ့သဘောပဲ"

"ဒီလိုဆိုလဲ ပြီးရော။ မာလာပဲ သမီးကို ဖွင့်ပြောတော့မယ်"

"ဟင်"

ခေတ်သမီး မျက်လုံးလေးပြူးကာ ကိုယ်ကိုနံရံမှ ခွာသည်။ ဘာမှန်းညာမှန်း မသိသေးသော်လည်း 'မီး'ကို မေမေတို့ တစ်ယောက်ယောက်နဲ့စီစဉ်နေကြမှန်း သိသာနေသည်။

ဒါဆို

'မောင်'နဲ့ ဝေးရမှာပေါ့ ... ။

အိုး ... ။



အဝေးမခံနိုင်ပါဘူး။

ခေတ်သမီးချက်ချင်းပဲ ဘွားဘွားအခန်းအပြင်မှ ခြေဖော့ပြေးကာ အပေါ်ထပ်ဆီတက်ခဲ့သည်။

အခန်းထဲပြေးဝင်ကာ တံခါးပိတ်၏။

အခန်းထဲရောက်ပြီး ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိသေးပါ။ ခုတင်ပေါ် ထိုင်လိုက်ပြီးတော့ ဆတ်ခနဲ ထရပ်လိုက်။

ထရပ်ပြီးလဲ မငြိမ်။

အခန်းထဲ ပတ်လျှောက်လိုက်နဲ့ ဗျာများနေတုန်း ... ။

"ဒေါက် ဒေါက် ဒေါက်"

တံခါးခေါက်သံအဆက်မပြတ်ပေါ်လာသည်။ ခေတ်သမီးကိုယ်ကြွမတတ်ဖြစ်ကာ ရင်ခုန်သံ ဆူညံသွား၏။

"မမမီး"

"ဟေ ပြော"

"မေမေကြီး ခေါ်နေတယ်။ လာပါဦးတဲ့"

ခေတ်သမီး ဘာသံမှ ဆက်မထွက်ရဲတော့ပါ။

မခင်ရီက ပြောပြီးပြီးမို့ ပြန်ထွက်သွားပြီးထင်တယ်။ ခြေသံသွက်သွက် ဝေးသွားလေသည်။

ထိုအခါ

မီး ခေါင်းထဲ ဖျက်ခနဲ အတွေးဝင်လာသည်။ အခန်းတံခါးအသာ ခွဲဖွင့်ပြီး အပြင်ဘက်ချောင်းကြည့်သည်။ မခင်ရီ အောက်ထပ်ရောက်နေပါပြီ။ ညှိခန်းထဲ လှမ်းဝင်သွားတဲ့ မခင်ရီ ကိုယ်ရိပ်လေးပျောက်သွားလျှင် ခေတ်သမီး တွေဝေမနေတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲက လှစ်ခနဲ့ ထွက်၏။

တိုက်နောက်ဘက်အဆုံးထိ ရှိသော အပေါ်ထပ်ရှိ ဘေးဝရံတာဆီမှ ဖြတ်ပြေးကာ နောက်ပေါက်လှေကားမှ ဒုန်းစိုင်းဆင်းလေသည်။

ထိုသို့ ပြုနေတာ ခေတ်သမီးမှားလား။ မှန်လား။

မီး မစဉ်းစားတော့ပါ။

ရင်ခုန်သံ မြန်ဆန်ကာ ထိတ်လန့်နေတာပဲ ခံစားမိတော့၏။

♛♛♛♛♛

ဒေါ်ပန်းမာလာညည့်ခန်းထဲ ထိုင်နေရင်း သမီးကို စောင့်နေ ရှာသည်။ ဦးသန်းမြင့်ႈ ႈက ထိုင်စောင့်နေရာတာ သိပ်စိတ်မရှည်ချင်တော့ပါ။

''ကြာလိုက်တာ. . . ။ ခင်ရီ ပြန်သွားခေါ်စမ်း။ မြန်မြန်လာလို့''

မခင်ရီ ညည့်ခန်းထောင့်မှာ ရပ်နေရာမှ အပေါ်ထပ်သို့ သခင်အလိုအတိုင်း ပြေးသွားသည်။ အပေါ်ထပ်အရောက်မှာ မမမီး အခန်းတံခါးဖွင့်နေတာ မြင်လျက် ဒိတ်ခနဲ့ ရင်တုန်သွား၏။

''မမမီး''

မခင်ရီ ခေါ်ရင်း အခန်းထဲတန်းဝင်း၏။

''ဟင်''

အခန်းထဲမှာလဲ မမမီးကို မတွေ့ရပေ။ ခုဏ ခေါ်တုန်းက ရှိနေရက်။ ခုချက်ချင်းကြီး ဘယ်သွားတာလဲ။ ရေချိုးခန်းနဲ့ ရေအိမ်တံခါးတွေ အပြေးအလွှားခေါက်ကြည့်။ ခေါ်ကြည့်နဲ့။

မခင်ရီ ခေါ်သံတွေပဲ့တင်ထပ်သွား၏။

''မမမီး''

မခင်ရီရဲ့ ခေါ်သံ ပိုကျယ်သလို စိုးရိမ်စိတ်တို့နဲ့လဲ တုန်ခါနေလေ



သည်။ ခေါ်သံတွေက ကျယ်ကာ အောက်ထပ်အထိ လွင့်လာတာမို့ ဒေါ်ပန်းမာလာ ခေါင်းထောင်သွား၏။

ဝုန်းခနဲ့လဲ၊ထိုင်နေရာမှ ထလျှင် ဦးသန်းမြင့်ဖော်လည်း စိုးရိမ်စိတ်တို့ လှုပ်ရှားလာလေသည်။

ဒေါ်ပန်းမာလာ ခြေလှမ်းကြဲနဲ့ အပေါ်ထပ်ပြေးတက်သွား၏။

ဦးသန်းမြင့်ဖော်လည်း ထပ်ကြပ်မကွာလိုက်သွားကာ. . . ။

''မေမေကြီး မမမီး လည်းမရှိဘူး။ စောစောက ခင်ရီ ခေါ်တုန်းက ရှိနေသေးတယ်။ အခု မရှိဘူး။ ခေါ်နေတာလဲ မထူးဘူး''

မခင်ရီ ဆီးပြော၏။ ဒေါ်ပန်းမာလာ မျက်လုံးချည်းပြူးကာ မယုံနိုင်ဖြစ်လေပြီ။ သမီးခန်းထဲပြေးဝင်မွှေနှောက်ရှာဖွေသည်။

မတွေ့။

တစ်ခြားအခန်းတံခါးတွေလဲ ဖွင့်ရင်း လင်မယားနှစ်ယောက်ခေါင်းမီးတောက်မတတ် ရှာဖွေသလို၊

မခင်ရီလည်း ပျာနေအောင်ရှာပါ၏။

သို့သော်လည်း. . . .

တိုက်တစ်တိုက်လုံး နှံ့သွားသည်အထိ သမီးအရိပ်အယောင်ကို မမြင်။ မခင်ရီ သတင်းပို့လို့ ဒေါ်ရွှေအိမ်သိလျှင် ရင်ဘတ်ဖိပြီး ဘုရားတ၏။

''ဟုတ်ကော ဟုတ်ရဲ့လား ခင်ခင်ရီ . . . ရယ်''

''ဟုတ်တယ် ဘွား ဘွား''

ဒေါ်ရွှေအိမ်လည်း မနေသာ။ စိုးရိမ်စိတ်နဲ့ ခေါင်းနောက်မတတ် မြေးမကို တကြော်ကြော်ခေါ်ရင်း ရှာဖွေလေသည်။

''တောက်''

www.burmeseclassic.com

www.burmeseclassic.com



ဦးသန်းမြင့်ဇော် ကြိတ်မနိုင် ခဲမရ တောက်ခတ်၏။

ယောက္ခမဖြစ်သူ ဒေါ်ရွှေအိမ်ကိုလည်း အဓိပ္ပါယ်တစ်မျိုးရသော မျက်လုံးစိမ်းနဲ့ကြည့်သည်။

မသိရင် ဒေါ်ရွှေအိမ်ကပဲ မြေးကို အချက်ပေးသလိုလို။

မြေးကို စည်းရုံးဖျောင်းဖျပါဆိုတုန်းက ရှောင်ဖယ်နေတဲ့ ဘွားအေ။ ခုတော့ သမီး ဒီအချိုးချိုးသွားတာ ဘွားအေကြောင့်လို့ စွတ်စွဲသလိုအကြည့်။

''တွေ့ကြသေးတာပေါ့ ကွ ၊ ခေတ်.... သမီး တောက်''

ဦးသန်းမြင့်ဇော် မျက်နှာထားနဲ့ ဗိပြောရင်း

''သန့်ကို မင်းရဲ ....''

သူ့ရဲ့ အနီးကပ်ဝန်ထမ်းနှစ်ယောက်ကို ခေါ်သည်။ ထိုနှစ်ယောက်ကဦးသန်းမြင့်ဇော်ရဲ့ အပါးတော်မြဲနှစ်ယောက်ပီပီ၊ တော်ရာမှာ ရှိနေရာမှ အပြေးကလေးရောက်လာသည်။

ဦးသန်းမြင့်ဇော် ဒရောသောပါးပြေးထွက်လာရင်း အမိန့်ပေး၏။

'' မီးမ... ။ ခုလေးတင် ထွက်သွားပြီ လိုက်ကြစမ်း''

''ဟုတ်''

သန့်ကိုနဲ့ မင်းရဲ အမိန့်နာခံစွာ တိုက်ထဲက ထွက်သွား၏။ သန့်ကိုက ကမန်းကတန်းကားထုတ်၏။ ဦးသန်းမြင့်ဇော် ကားပေါ်တက်ဖို့အဆင့်သင့်ဖြစ်ကာလက်ကိုင်ဖုန်းနဲ့ နောက်ထပ်လူတပည့်တွေကိုလှမ်းခေါ်လေသည်။

''နေဦး ကိုကို မာလာလဲ လိုက်မယ်။''

ဒေါ်ပန်းမာလာလဲ မနေနိုင်။

သမီးက ဘာကြောင့် မှန်းမသိရဘဲ၊ လက်မတင်လေး ပြေးထွက်သွားတာလေ။ အမေနဲ့ သူမ ပြောနေတဲ့ စကားတစ်ခွန်းတစ်စကြားလို့လား။



ကြားမိရင်လည်း မိဘစိမ်တော့ နာခံရမယ်လေ။

ခုတော့ နာခံဖို့မပြောနဲ့။

တိတိပပတောင် မပြောရသေးဘူး။

ဒင်း လစ်ပြေးတာ ဘာသဘောလဲ ။

မဟုတ်မှ လွဲရော။

သမီးမှာ ချစ်သူရှိနေပြီးလား။

ဘုရားရေ... ။

မဖြစ်ပါစေနဲ့။

ဝူးခနဲ့ မောင်းထွက်သွားတဲ့ ကားပေါ် သမီးနဲ့ သားမက်၊ အံတကြိတ်ကြိတ် တောက်တခတ်ခတ်ပါးသွားတာကို ကြည့်ရင်းဒေါ်ရွှေအိမ် ရင်တွေ တုန်လာသည်။

ရှေ့ဆက်ဘာတွေဖြစ်လာမလဲ ။

ဘယ်သူမှ မခန့်မှန်းရဲတော့ပါ။

♛♛♛♛♛

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၃)

"ဟယ်... မီး။"

အင်ကြင်းနီ တအံ့တသြကြီးဖြစ်လို့နေသည်။ ပြည့်ဝိုင်းနေတဲ့ မျက်ရည်တို့က မီး မျက်ဝန်းအိမ်မှာ ဝမ်းနည်းစွာ ပြုံးကျတော့မှိုတာ ဆူနေလေပြီ။

"မီး ဘယ်လို လုပ်ရမလဲ နီ ရယ်"

အားကိုးတကြီး မေးနေရှာတဲ့ သူငယ်ချင်းကို၊ အင်ကြင်းနီ ဘာမှ ပြောမထွက်တော့ပါ။ နှစ်သိမ့်နိုင်အောင် ပွေ့ဖက်ထားရင်

"မီး ဘယ်လို ဖြစ်စေချင်လဲ ... ဟင်" ဟု

မေးလေသည်။

"မီး မသိဘူး။ မီး ဘာမှမသိဘူး။ မေမေတို့ တစ်ခြားတစ်ယောက်



နဲ့ အသေအချာစီစဉ်ထားတာ 'မီး' ရိပ်မိသွားပြီ။ ဒါကြောင့် 'နီ'ဆီပြေး လာတာ နီ။ မီး ဘယ်လိုလုပ်ရမလဲ ဟင်။ မေမေနဲ့ ဖေဖေကို 'မီး'ရင်မ ဆိုင်ရဲတော့ဘူး။ မေမေတို့ သဘောအတိုင်းစီစဉ်ကြရင် မီး ဘာတတ်နိုင်မလဲ နီ ရယ် "

"ဟုတ်သားပဲ"

မမရွက်ရိပ်စံ အခန်းထဲ ဝင်လာရင်း 'မီး'ဘက်က ဝင်ပြောသည်။

မမရွက်ရိပ်စံကို မီး အားကိုတကြီးမော့ကြည့်မိ၏။ အင်ကြင်းနီက လည်း အစ်မဖြစ်သူကို စိုက်ကြည့်၍

"မမ ဘယ်လို မြင်လဲ ဟင် ။ 'နီ'တော့ 'မီး'ကိစ္စ ရင်ပူနေတာပဲ သိတယ်"

ရွက်ရိပ်စံ ခေါင်းဆတ်၍ မှန်တင်ခုံရှေ့က ထိုင်ခုံဆွဲယူ၏။ ခုတင် ပေါ်ထိုင်နေတဲ့ မီးတို့နဲ့ မျက်နှာချင်းဝင်ထိုင်ပြီး ဆက်ပြောသည်။

"အေး မမကတော့ မီး ကိုပဲ သနားတယ်။ မီးက အန်တီတို့ စီစဉ်တာကို လက်မခံချင်တာလား"

"ဘယ်လိုလုပ် လက်ခံလို့ဖြစ်မလဲ မမရဲ့"

ငိုသံလေးနဲ့ ပြောပြီး ခေတ်သမီး ရှက်ကာ ခေါင်းငုံ့သွားလေသည်။ ဒီလောက်ဆို ရွက်ရိပ်စံနားလည်ပါပြီ။

မျက်ခုံးသေးသေးလေးနက်တန်းကာ၊ နှာတံပေါ်ပြီး နှုတ်ခမ်းလွှာ ပုံကျလှပနေသော၊ ခေတ်သမီးမျက်နှာနုနုလေးကို ငေးစိုက်ကြည့်၍

"အဲဒါဆိုရင် 'မီး' အမိကကို တကယ်ချစ်လား"တဲ့

ခေတ်သမီး မညာချင်ပါ။

လုံးဝ မညာချင်တော့ပါ။ ချစ်လို့ပဲ ချစ်သူဖြစ်ခဲ့ကြတာ ဟိုတုန်းက

www.burmeseclassic.com

www.burmeseclassic.com



တည်းက ပပနဲ့ နီက သိပြီးပြီး။ မမရွှက်ရိုပ်စံ မသိသေးတာဖြစ်မယ်။

မမ တကယ်သိချင်စိတ်နဲ့ မေးလာပြီးဆိုတော့လည်း မီး ရှက်မနေတော့ပါ။

"ချစ်တာပေါ့ မမရဲ့"

ချက်ချင်း ခေါင်းညိတ်ပြေလျှင် ရွှက်ရိုပ်စံ ယတိပြတ်ဆုံးဖြတ်လိုက်၏။ 'ခိ'ကလည်း မီးကို မြတ်နိုးစုံမက်စွာ ချစ်နေမှန်း သူမသိသည်။ မီးကလည်း'မိ'၊ကို တကယ်ချစ်နေမှတော့ လက်ဖျစ်တီးကာ

"အိုကေ။ အဲဒါဆို 'ခိ'ကို 'မမ'အကြောင်းကြားလိုက်မယ်။"

မမ ပြောပြီး ထိုင်ရာမှ ထသည်။ 'ခိ'ကို ဖုန်းဆက်ခေါ်ဖို့ အခန်းပြင်ထွက်ရန် လှည့်အထွက်မှာ မှန်တင်ခုံပေါ်မှာ အင်ကြင်းနီလက်ကိုင်ဖုန်းတွေ့တာမို့ ထွက်မသွားတော့ပါ။

အင်ကြင်းနီ ဖုန်းကို လှမ်းယူ၏။

ခေတ်သမီးက အင်ကြင်းနီလက်ကို ဆုပ်ကိုင်ထားရင်း မမ ဖုန်းပြောနေတာကို ငေးစိုက်ကြည့်နေမိသည်။

မောင့် ... ကို ချက်ချင်းခေါ်နေတဲ့ မမ ရွှက်ရိုပ်စံ အသံက 'မီး'အတွက် အားတက်သလို ရင်လည်းခုန်သည်။

"အင်း ... ခုချက်ချင်းလာခဲ့။"

ရွှက်ရိုပ်စံနောက်ဆုံးပြောပြီး ဖုန်းကို မှန်တင်ခုံပေါ်ပြန်ထား၏။

"မမ ထွက်စောင့်နေလိုက်မယ်"

"ဟုတ်ကဲ့ မမ"

မီးတို့နှစ်ယောက်ပြိုင်တူ ပြောသည်က ရင်ခုန်စွာ။ ပြီးတော့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၏။



"မီး အားမငယ်ပါနဲ့။ မမစီစဉ်ပေးရင် အိုကေ သွားမယ်။ မီးရင်ထဲမှာ 'ကိုခိ'ကို ချစ်နေမှန်း အစကတည်းက၊ ပပနဲ့နီ ခန့်မှန်းမိတယ်။ အဲဒါ ကြောင့်ဟိုနေ့ကအင်းလျားမှာ မီးနဲ့ကိုခိ ကိုပေးတွေ့ဖို့ 'နီ'တို့ ကြိုတ်စီစဉ်ထားတာ။ 'နီ' တို့အစီအစဉ်မှာ 'မီး'တို့ တကယ်ချစ်သူ ဖြစ်သွားတယ် မဟုတ်လား"

နီ စကားအဆုံးမှာ 'မီး'မျက်နှာလေးညွတ်ပျောင်း ကြည်နူးသွားသလို မောင် နှုတ်ခမ်းနွေးနွေးက ချိုမြတဲ့ ရသကိုလည်း ပြန်တမ်းတခံစားမိလေသည်။

ထိုအခါ မီး ရှက်မနေတော့ပါ။

တကယ်ခေါင်းညိတ်ထောက်ခံလိုက်၏။

"အင်"

"ချစ်သူဖြစ်သွားပြီးပဲ။ ရှက်လည်း မရှက်နဲ့ ဝမ်းလည်းမနည်းနဲ့ ကိုခိလာရင် တစ်ခါတည်း လိုက်သွားနော်။ ဒါမှ ချစ်တဲ့သူနဲ့ ပေါင်းခွင့်ရမှာ"

"ဟုတ်တယ်နော်... ။ မီးလေ မေမေနဲ့ ဘွားဘွားပြောတာကြားလိုက်ကတည်းက မေမေတို့ စီစဉ်တဲ့ လူကိုလုံးဝမလိုချင်ဘူး။ တကယ်ဖွင့်ပြောလာမှာကိုလည်း နားမထောင်ချင်ဘူး။ အဲဒါနဲ့ 'နီ'ဆီ ပြေးလာခဲ့တာ ... ။"

"ကဲပါ မမအစီစဉ်အတိုင်း အိုကေမှာပါ.... မီးရဲ့"

အင်ကြင်းနီ မီးလက်ဖဝါး ဖူးဖူးအိအိလေးကို ဖျစ်ဆုပ်ရင်း အားမာန်အပြည့်ပြောသည်။

မီးလည်း အားမာန်တွေပြည့်ကာ၊ အင်ကြင်းနီလက်ကို ပြန်ဆုပ်ထားမိ၏။

www.burmeseclassic.com

www.burmeseclassic.com



ခုချိန်မှာ မီး အမြင်ချင်ဆုံးက မောင် ပဲ။

ဟုတ်တယ်။

ထိုစဉ်

''မီးရေ ဒီမှာ 'မီ' လာပြီ''

မမရွက်ရိုပ်စံရဲ့ အသဦးစွာကြားရ၏။ ထိုအခါ မီးရင်ထဲလှိုက်ခနဲ ဝမ်းသာကာ ပေးခနဲ့ ထခုန်မတတ်အားတက်သွား၏။

''မီး''

မမရွက်ရိုပ်စံ နောက်က တစ်ပါးတည်း အခန်းထဲရောက်လာတဲ့ မောင်။ 'မီး'ကို ချစ်ခြင်းအပြည့်နဲ့ ခေါ်လျှင်'မီး' အရာရာကို မေ့လျော့ကာ။

''မောင်''

အားကိုးတကြီးနဲ့ မောင်ရင်ခွင်ထဲ ပြေးဝင်ခိုတွယ်မိလေပြီ။

စိုးရိမ်မိသော အချစ်စိတ်တွေကလည်း အဓိကရင်မှ ခုန်ထွက်သွားကာ မြတ်နိုးသောလက်နဲ့ အခုံးရှုံးမခံနိုင်စွာ 'မီး'ကိုယ်လုံးလေးကို ရင်ခွင်မှာ ထွေးပွေ့လျက်သားဖြစ်တော့၏။

ရွက်ရိုပ်စံတို့ မောင်နှမက ချစ်သူနှစ်ဦးကို နားလည်စွာ ရှောင်ပေးဖို့ အခန်းအပြင်ဘက် ထွက်သွားရန် ခြေလှမ်းပြင်လျှင်

''နီနီ ရေ... ။ နီနီ''

ပပရဲ့ ခေါ်သံ။

တိုက်ရှေ့ဆီမှ လွင့်လာသလို ဆက်တိုက်ကားရပ်သံတွေနဲ့ပပ အသံကြားရပြန်သည်။

'မီး'တို့ အားလုံးခေါင်းတွေ သတ်ခနဲ့ ထောင်ကုန်၏။ အင်ကြင်းနီက မမရှေ့က တိုးထွက်ကာ ညှော်ခန်းဆီပြေးသွား၏။



"ဘာလဲ ဟဲ့ .... "

"ဒီမှာလေ 'မီး'ဖေဖေနဲ့ မေမေ ပပကို လာစွတ်စွဲနေတယ် 'မီး'ကို ဝှက်ထားတယ် မဟုတ်လားတဲ့"

"ဟင်"

ပပနောက်မှာ 'မီး'မိဘနှစ်ပါးပါလာပြီးမှန်း ရွက်ရိုပ်စံသိသွား၏။ ဒါကြောင့် ရွက်ရိုပ်စံ လက်နှေးနေလို့ မဖြစ်တော့ပါ။

'တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး သွေးမျက်မတတ် လန့်ဖြန့်နေတဲ့ ချစ်သူနှစ်ဦးလက်ကို ကမန်းကတန်းဆွဲကာ

"လာ.... လာခဲ့"

မီးနဲ့ မောင်လည်း မမရွက်ရိုပ်စံ ဆွဲခေါ်ရာနောက် အားကိုးတကြီး ပါသွား၏။ တိုက်ရှေ့မှ အင်ကြင်းနီ၊ ဆင်းပပ၊ မေမေဖေဖေတို့ရဲ့အသံတွေနဲ့ ဝေးရာ တိုက်နောက်ဘက်ဆွဲခေါ်သွား၏။

ကားဂိုဒေါင်နောက်ဘက်မှ စတိုခန်းတံခါးကို မမရွက်ရိုပ်စံဆွဲဖွင့်ပြီး မီးတို့နှစ်ယောက်ကို သွင်းကာ။

'မီ တို့ ဒီမှာပုန်းနေ။ ရွက်ရိုပ် သွားရှင်းလိုက်ဦးမယ်"

"ဟုတ်"

မီးတို့ ခေါင်းညိတ်လို့ မပြီးခင် ရွက်ရိုပ်စံ စတိုခန်းတံခါးကို ပိတ်ကာ ထွက်သွားလေသည်။ တိုက်ရှေ့နဲ့ စတိုခန်းက အတော်လှမ်းသည်မို့ဘာသံမှ မကြားရပါ။

ဒါပေမဲ့

မီးနဲ့ မောင် ရပ်တွေခုန်ကာ မျက်နှာချင်းဆိုင်ပြီး တစ်ယောက်ခါး တစ်ယောက်ဖက်၏။ ကပ်နေတဲ့ ရင်ခွင်နှစ်ခုမှ ရင်ခုန်သံတွေရောယှက်

www.burmeseclassic.com

www.burmeseclassic.com



သွားပေမယ့်၊ ကြောက်စိတ်နဲ့ တုန်လှုပ်နေတဲ့ 'မီး' နှုတ်ခမ်းလွှာဖူးဖူးလေးကို အမိက စာနာစွာငုံကြည့်၏။

ချစ်သူအကြောက်ပြေစေဖို့ အမိက ပေးဆပ်နိုင်တာက ရင်ခုန်လှိုက်မြှူးစေမယ့် အနမ်းတွေ ... ။

မောင့်ကိုလည်း မီး အနမ်းတွေပေးချင်တယ်။

တစ်သက်လုံးအတွက်လေ။

ထို့ကြောင့် မီး ခြေဖျားလေးထောက်ကာ မောင့်ခါးမှာ ဖက်ထားတဲ့ မီးလက်က မောင့်လည်တိုင်ကို သိုင်းဖက်၏။ မောင်လည်း အလိုက်သင့်ခေါင်းလေးငုံ့ချပေးလျှင်..

ချိုအီမွှေးအိနေတဲ့ မောင့်နှုတ်ခမ်းကို.... ။

♛♛♛♛♛

အခန်း(၁၄)

"အင်ကြင်းနီ.... မီး... ဘယ်မှာလဲ။ ခုခေါ်ပေးပါကွယ်"

ဒေါ်ပန်းမာလာ ဝင်လာပြီး အင်ကြင်းနီလက်ကိုဆွဲကိုင်လှုပ်ခါပြောလေသည်။ အင်ကြင်းနီက ပပလိုပဲ တကယ်မသိသော မျက်နှာလေးနဲ့ ခပ်မော့မော့လေးပြော၏။

" မီးမှ 'နီ'ဆီ မလာတာ"

"ဟင်"

ဒေါ်ပန်းမာလာနဲ့ ဦးသန်းမြင့်ဇော် မယုံနိုင်ခေါင်းရမ်း၏။ ဆင်းပပက တကယ်မသိပါ။ အင်ကြင်းနီအပါး တိုးကပ်လာပြီး ဝင်ပြောသည်။

"ဟုတ်တယ် အန်တီ။ မီးက ပပဆီ တကယ်မလာဘူး။ပပတို့တစ်အိမ်လုံးအနေနဲ့လဲ အန်ကယ်တို့ရှာပြီးပဲ။ တွေ့ခဲ့လို့လား။ ဒါလဲ မယုံဘူး

www.burmeseclassic.com

www.burmeseclassic.com



ပပ:ကိုသဲ ဖွတ်မေးတယ်။ 'နီ'ဆီခေါ်လာတယ်။ အခု 'နီ'လည်း ပြောနေတယ်။ 'နီ'ဆီမလာဘူးတဲ့။''

''ဒါဆို မီးက ဘယ်သွားလဲ''

''အဲဒါတော့ နီတို့လဲ ဘယ်သိမလဲ အန်တီ''

အင်ကြင်းနီ ပြန်ပြောတော့ ဒေါ်ပန်းမာလာတို့ လင်မယားမျက်နှာချည်း ဖြူဖျော့သွားလေသည်။

''အန်တီတော့ မယုံနိုင်ဘူးကွယ်။ ခုလေးတင် ထွက်ခဲ့တာ။ အန်တီတို့ ထပ်ကြပ်မကွဲ လိုက်ခဲ့တာပဲ။ ပပနဲ့နီတို့ဆီ မရောက်ဘူးဆိုရင်''

''မီး မှာချစ်သူတွေဘာတွေ ရှိနေလား''

ဒေါ်ပန်းမာလာစကားမဆုံးခင် ဦးသန်းမြင့်ဇော် ဖြတ်မေး၏။ မထင်မှတ်ဘဲ အမေးခံရသည်မို့ ဆင်းပပနဲ့ အင်ကြင်းနီ မျက်နှာထူအမ်းသွားသည်။

တိုင်ပင်မထားတာကြောင့် တစ်ယောက်တစ်မျိုးပြောမိမှာလဲ စိုးရိမ်ကာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လျှင်

''ပြော မြန်မြန်ပြော 'မီး'မှာ ချစ်သူရှိလား။ ဘယ်သူလဲ။ ဘယ်ကလဲ ။ ဘယ်မှာနေလဲ ပြောစမ်း''

ဦးသန်းမြင့်ဇော်ရင်ဘတ်ထဲ တကယ်ပူလောင်စွာ ရှေးတိုးရင်းဒွဲမေး၏။

''ဟို.... ဟို... လေ''

ဆင်းပပက ထစ်ထစ်အအဖြစ်နေသည်။

'နီ တို့ ဘယ် ဘယ်သိမလဲ''

အင်ကြင်းနီက တစ်မျိုးပြောကာ မျက်နှာလွှဲသည်။ ဒီလောက်ဆို



ဦးသန်းမြင့်ဇော် သဘောပေါက်လေသည်။

မျက်နှာကို တစ်ချက်တည်း တင်းပစ်ပြီးမေးသည်။

''သိကို သိရမယ်။ အင်ကြင်းနီ... ကဲပြော.... ဘယ်သူလဲ''

''ဟင့်အင်း''

အင်ကြင်းနီ ခေါင်းခါရင်း နောက်ဆုတ်မိ၏။ ဦးသန်းမြင့်ဇော်ဟက်ခနဲ့ ရယ် ပြီး

''ဒီမှာ အင်ကြင်းနီ၊ ပြောစရာရှိတာကိုပြော၊ မပြောရင် အန်ကယ် သမီးကို ဖျားယောင်းမှုနဲ့ ညည်းတို့နှစ်ယောက်ကို တရားစွဲလို့ ရတယ် သိရဲ့လား''

''အို... ဟင့် ဟင့် မဟုတ်ဘူး... မသိဘူး''

ဆင်းပပ ကြောက်စိတ်နဲ့ ငိုမဲ့မဲ့ပြောသည်။ ဒေါ်ပန်းမာလာ သမီးအတွက် ရတက်မပွေကာ ။

''သမီးတို့ရယ် ပြောကြစမ်းပါ။ 'မီး'မှာ ချစ်သူရှိနေတယ်မဟုတ်လား။ သမီးချစ်သူက ဘယ်သူလဲ။ မြန်မြန်ပြောစမ်းပါကွယ်။ သမီးတို့ပြောပြရင် သမီးတို့ကို အန်တီတို့ ဘာမှမလုပ်ပါဘူး။ တရားလည်း မစွဲပါဘူး။ မပြောရင် သမီးတို့ အန်ကယ် တိုင်တောတာတွေလုပ်လို့ ပြဿနာတွေ တက်ကုန်ပါမယ် ကွယ်။ ပြောလော ပပ.... နီနီ ပြောပါကွယ်''

ဒေါ်ပန်းမာလာ ရေပက်မဝင်ပြောလေသည်။

ဆင်းပပနဲ့ အင်ကြင်းနီလည်း ကြောက်စိတ်ဝင်လာသည်။ အန်ကယ်သန်းမြင့်ဇော်က ပြောရင် ပြောတဲ့အတိုင်း လုပ်မယ့်ပုံစံချည်း။ ပြောမိရင်လည်းမီးနဲ့ ကိုမိကို လိုက်ခွဲကြတော့မှာ။

ဘယ်လို လုပ်ရမလဲ။

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား ငိုမဲ့မဲ့နဲ့ မျက်ရိပ်ပြကာ ပြောလိုက်ရမလားလို့ အသံတိတ်ညှိနှိုင်းနေသေးတယ်။

"အန်တီတို့ပါလား ... ။ ထိုင်ကြလေ"

ရွှက်ရိပ်စံ အမူအယာမပျက် ဝင်လာပြီးဆိုသည်။ ထိုအခါ သူငယ်ချင်းနှစ်ယောက် အားကိုးတကြီး ရွှက်ရိပ်နား ပြေးကပ်လာသည်။

ဦးသန်းမြင့်ဇော်နဲ့ ဒေါ်ပန်းမာလာကိုယ်ရှိန်သတ်ကာ

"ထိုင်ဖို့ အချိန်မရှိဘူး ရွှက်ရိပ်။ 'မီး'မှာ ချစ်သူရှိနေပြီ ။အဲဒါ သိသိချည်းနဲ့ ပပနဲ့ နီ ညာနေတယ်။ မပြောဘူးလေ။ အခု 'မီး' ထွက်ပြေးလာတာ။ သိသိချည်းနဲ့ ဖုံးဖိနေကြတယ်။ အန်ကယ်လုံးဝမကျေနပ်ဘူးကွ။ ရွှက်ရိပ်ညီမကို ရွှက်ရိပ်သေချာမေးစမ်းပါ။"

ဦးသန်းမြင့်ဇော် အင်ကြင်းနီတို့နှစ်ယောက်ကို အလွတ်မပေး။ သူတို့နှစ်ယောက်ကို ကွေ့ပတ်လျှောက်ရင်း ရွှက်ရိပ်စံကို အမိန့်ပေးသလိုပြောလေသည်။

"ဩော်... ဒါလား"

ရွှက်ရိပ်စံက မှင်တေတေပင်။ အင်ကြင်းနီနဲ့ ပပတို့ ပခုံးကို ဖက်ကာ ငုံ့ကြည့်ပြီး၊

"ပြောလိုက်လေ။ မီး... ချစ်သူကို ပပတို့ မသိဘူး မဟုတ်လား"

"ဟင်အင်း"

နှစ်ယောက်သား မမရွှက်ရိပ်စံအမေးနောက်မှာ ရဲရဲပဲ ခေါင်းခါသည်။

"ဟာ... မဖြစ်နိုင်တာ"

ဦးသန်းမြင့်ဇော် ပေါက်ကွဲစွာပြော၏။ ရွှက်ရိပ်စံရောက်လာပြီးမှ



ဆင်းပပနဲ့ အင်ကြင်းနီ မမူတော့ပါ။

ဒီကိစ္စ မမရွှက်ရိပ်စံ စီမံတာဆိုတော့ မမပဲ ဖုံးဖုံးဖိဖိပြောနိုင်မှာ သေချာသည်။

ထို့ကြောင့်

"တကယ်ပြောတာပါ အန်ကယ်။ 'နီ'တို့ တကယ်မသိဘူး"

"သိရင်ပြောတာပေါ့ အန်တီရယ်"

နှစ်ယောက်စလုံး ပြိုင်တူလိုလိုပြောသည်။

"တောက်"

ဦးသန်းမြင့်ဇော် ပေါက်ကွဲစွာ တောက်ခတ်လေသည်။မမရွှက်ရိပ်စံ က ပပနဲ့ နီကို သူမ နောက်ဘက် တွန်းပို့ကာ

"အန်ကယ်ရယ် ရွှက်ရိပ်ညီမလေး မညာပါဘူး။ သူတို့သိရင်ပြောကြမှာပါ။ အခုတကယ်ပဲ 'မီး'က မရှိတာလား"

"မရှိလို့ကွ"

ဦးသန်းမြင့်ဇော် မာထန်ထန်ပြော၏။

"မရှိဘူး ရွှက်ရိပ်ရယ်။ အန်တီတို့ တစ်တိုက်လုံး နှံနေပြီး ရှာတာ။ မတွေ့ဘူး။ ချက်ချင်းပဲ အန်တီတို့ ပပဆီလိုက်တာ။ မတွေ့ဘူး။ ဒါနဲ့အင်ကြင်းနီဆီလာဆိုပြီး ပပကို အလွတ်မပေးဘဲ ခေါ်လာပြီး မေးတာ။ အခု ဒီမှာလဲမရှိဘူးဆိုရင် သမီးလေး ဘယ်မှာလဲ ။ သမီးရဲ့ သူငယ်ချင်းတွေနောက်ဘယ်သူရှိသေးလဲ ကွယ်။ ချစ်သူနောက်လိုက်တာဆိုရင်း အန်တီတို့ ရင်ကွဲူးပြီ ကွယ်"

ဒေါ်ပန်းမာလာ ငိုချတော့မယ့်အသံနဲ့ တုန်တုန်ယင်ယင်ပြောရှာသည်။

www.burmeseclassic.com

www.burmeseclassic.com



"အိုး ရင်အကျိုးမခံနိုင်ဘူး မာလာ။ နေဦး ခေတ်သမီး မီးမကို မတွေ့တွေ့အောင်ရှာမယ် တောက်"

ဦးသန်းမြင့်ဇော်. . . အကြပ်ကိုင်မေးလို့မရတော့၊ ဒေါသတွေ ပေါက်ကွဲပြီး ရှေ့က ဦးဆောင်ထွက်သွား၏။

ဒေါ်ပန်းမာလာလည်း ပြာယာခတ်ပါသွားကာ။

တပည့်တွေ တရုန်းရုန်းနဲ့ ထွက်ခွာသွားတဲ့ ခေတ်သမီးမိဘနှစ်ပါး ကို ကြည့်ရင်း ရှက်ရိပ်စံ ပုခုံးလေးပင့်ကာ ခေါင်းရမ်းလိုက်သည်။

ချစ်သူတွေ ကွဲအောင် သူမ မပြုရက်ပါ။

ဘာဖြစ်လို့လဲ ဆိုတော့

သူမမှာလည်း ချစ်သူရှိနင့်လို့လေ။

♛♛♛♛♛

BURMESE CLASSIC .com

## အခန်း(၁၅)

"မင်းတို့. . . ဒီတိုက်မှာ အေးအေးဆေးဆေးအောင်းနေကြ"

တစ်ထပ်တိုက်ပုလေးရှေ့မှာ ကားထိုးရပ်သည်နှင့် 'မိုးသား' ပြော သည်။ စာရွှန်က အားလုံးထက်ဦးစွာ ကားပေါ်က ဆင်းပြီး၊ တိုက်ပုလေးရဲ့ ကျွန်းတံခါးမကြီးသော့ကို ဖွင့်သည်။

"လာ မီး"

တစ်လမ်းလုံး 'မီး' လက်ကို ဆုပ်ကိုင်လာတဲ့မောင်။ စိုက်ကြည့်ရင်း လက်ဆွဲခေါ်ဆင်း၏။

မီး မျက်လွှာချကာ ခေါင်းညိတ်၏။

မောင့်သူငယ်ချင်းနှစ်ယောက်ပါသည်မို့ 'မီး' ရှက်လည်း ရှက်နေ သေးသည်။ မောင့် . . . . နောက်မှကားပေါ်က ဆင်းမိသည်က ခြေလှမ်း

www.burmeseclassic.com

www.burmeseclassic.com



တွေ နေးနေသည်။

"ဝင်ခဲ့လေကွာ။ ဒီတိုက်ပုလေး ငါဝယ်ထားတာကြာပြီးကွ။ ခုမှပဲ အသုံးဝင်တော့တယ် ဟဲ ဟဲ"

မိုးသား တဟဲဟဲရယ်ပြောရင်း တိုက်ထဲလှမ်းဝင်သွားလျှင် 'မီး' မျက်နှာလေးရဲမှည့်သွားပြန်သည်။

"ရှက်ရိပ်ဖုန်းဆက်ကတည်းက ငါ့ကောင်လေးတွေလွှတ်ပြီး လိုလေသေးမရှိအောင် ဖြည့်ခိုင်းပြီးသား"

"ကျေးဇူးပဲ ကွာ"

အမိက ပြောရင်း ခန်းလုံးပြည့်ခင်းထားတဲ့ ကတ္တီပါကော်ဇော်ကြီး ကို စနင်း၍ ညှိခန်းထဲလှမ်းဝင်သည်။ 'မီး'လည်း မောင့်နောက်မှ ပါရလေ ပြီ။ မီးဘယ်လို ရှက်နေမှန်းမသိပါ။ 'မီး'ရှက်နေမှန်းသိလို့ အမိက စကား လမ်းကြောင်းလွှဲပြောသည်။

"ဒါနဲ့ ကိုတာကို 'စင်တာ'ကို သေချာ ဂရုစိုက်လို့ ပြောကွာ"

"ဟ မင်းကလည်း ပူတတ်ရန်ကော"

စာချွန်က သော့တွဲကို လှည့်ပတ်ကစားရင်းပြောသည်။

"ပူရတာပေါ့ကွ။ ငါတို့ ဘယ်လောက်ကြာကြာပုန်းနေရမလဲ မသိဘူး။ ကိုတာကို မှာခဲ့ဖို့ အချိန်မရလို့ ငါမမှာခဲ့ရဘူးကွ အဲဒါကြောင့်"

"ဟား ဟား ဟား"

ရယ်စရာမပါဘဲ မောင့်စကားအဆုံးမှာ စာချွန်နဲ့မိုးသားသစ် ရယ် လေသည်။ အားလုံးဆိုဖာတွေမှာ ဝင်မထိုင်။ မိုးတိုးမတ်တပ်နှင့်ပဲရှိနှင့်ကာ။

မောင်က မျက်မှောင်ကြုတ်ကြည့်လေပြီ။

"ဟ ဘာရယ်စရာပါလို့လဲ"



စာချွန်က လက်သီးဆုပ်ပြီး မောင်းပခုံးစွန်းကို မနာအောင်လှမ်း ထိုး၏။ အရယ်မပျက်ဘဲလည်း ဆိုသည်။

"ရယ်စရာပေါ့ကွ။ မိန်းမနိုးလာတဲ့ ကောင်က၊ မပူသင့်တာ လိုက် ပူနေလို့ ဟေ့ ....။ မင်း ပူပေးရမှာ ခေတ်သမီး အတွက်"

" ဟား ဟား ဟား"

စာချွန်စကားနောက်မှာ မိုးသားသစ်က ရယ်ပြန်သည်။ မောင် လည်းမျက်နှာချည်း တစ်မျိုးဖြစ်ကာ၊ ရဲရဲနီသွား၏။

"ဟာ ဘာမှန်းလဲ မသိဘူး"

မီး ရှက်လွန်းလို့ မောင် ကျောပြင်နဲ့ မျက်နှာအပ်ထားလိုက်၏။

"မင်းတို့ကလည်း ကွာ"

မောင်ရှက်ရှက်နဲ့ ဟန့်ထားလျှင်၊ မိုးသား ပြတင်းပေါက်တံခါးတစ် ချပ် လှမ်းဖွင့်ရင်းပြောသည်။

"ဟုတ်တယ်လေ...။ ခေတ်သမီးအတွက် မင်းပူပေးရမှာ မင်း ယောက္ခထီးငြိမ်နေမှာ မဟုတ်ဘူး။ အဲဒီအတွက် ရင်ပူတာ"

"ဖြစ်လာပြီးမှ ရင်ဆိုင်ရုံပဲ"

"ရင်ဆိုင်ဖို့က နောက်၊ လောလောဆယ် ခြေရာဖျောက်ထားမှ တော်ကာကျမယ်ကွ။ အဲဒါကြောင့် မင်းတို့ကို ဒီမှာ လာအောင်းခိုင်းတာ"

တကယ်ဆို အမိက ကွယ်ပြီး ဝှက်ပြီးမနေချင်ပါ။

ချစ်သူကို နိုးတာပဲ။ ရှက်စရာမဟုတ်ဘူးလို့ ယူဆသည်။ မိုးသား နဲ့စာချွန်က လက်မခံ။

"ကဲ မင်းဘက်က အပိုင်ဦးထားမှကွ။" ဟု

ဘာကို ရည်ရွယ်ပြီးပြောမှန်းမသိ။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ပြောပြီး ရွှက်ရိုပ်စံတို့ စတိုခန်းထဲက ခေါ်ထုတ်ကာ၊ ခြံနောက် ပေါက်က အသင့်စောင့်နေတဲ့ မိုးသားကားပေါ်ပါခဲ့ရတဲ့အဖြစ်။

"ကဲ... လိုတာရှိရင် ဖုန်းဆက် ရော့"

စာချွန်က ပြောရင်း သူ့လက်ကိုင်ဖုန်းပစ်ပေးသည်။

လွတ်ကျမသွားအောင် အမိက ကမန်းကတမ်းဖမ်းဆုပ်ကိုင်ပြီး

"အိုကေ ... အမေနဲ့အဖေကို ကြည့်ပြောထားကွာ"

မွေးစားမိဘနှစ်ပါးစိတ်ပူမှာလဲ စိုးရိမ်တဲ့ အမိက၊နောက်ထပ်မှာပြန်သည်။

"အေးပါကွာ"

မိုးသားပေ့ါပေ့ါလေးပဲပြောသည်။

"ကဲ မင်းတို့ ပြန်တော့"

"အလဲ့ ၊ ခုတော့ နှင်ပြီးပေ့ါ ဟုတ်လား"

စာချွန် ရယ်ရင်းပြောပြန်သည်၊ အမိက ဘာမှ ဝင်မပြောတော့ပါ။ မီးက ရှက်လွန်းလို့ သူ့ကျောနဲ့ မျက်နှာမခွာသေး။

ဒီကောင်တွေ ရှိနေရင် မီးရှက်လို့ အသက်မဲ့သွားနိုင်သည်။ ဒါကြောင့်နှင်ခြင်း သူငယ်ချင်းတွေက တစ်မျိုးနားလည်ကာ

"နှင် အားရှိနေပြီးကိုးကွ။ အပွန်း ... အစကတော့ မဟုတ်ဘူးလေ ဘာလေးနဲ့။ စွံတော့ သူ့အရင်"

မိုးသားသစ် အားကျသံနဲ့ ပြောသည်။

"ကိုယ့်ကုသိုလ်နဲ့ ကိုယ်ကွာ"

"ဟုတ်ပါ့ဗျာ ဟုတ်ပါ့။ ဆွဲအားတွေ သိပ်ကောင်းနေတုန်း ပူးကပ်နေပေရော့။ ကဲ ငါတို့သွားမယ်"

BURMESE CLASSIC .com



စာချွန်ကပြောပြီး လက်ပြကာ ရှေ့က ဦးဆောင်ထွက်သွားသည်။ မိုးသားသစ်လည်း နောက်ကလိုက်ထွက်သွားမလို့ ခြေလှမ်းပြင်သည်။

နောက်မှ ဘာသတိရသည်မသိ။

အမိက နားလာပြီး တိုးတိုးပြောသည်။

" ...... "

"ဟာ မင်းကွာ"

အမိက မျက်နှာက ရှက်ရိပ်နဲ့ အနီရောင်ရင့်သွား၏။

"သွား ကွာ .... မင်း" ဟု

တွန်းဖယ်ပစ်၏။ မိုးသားသစ်တဟားဟားရယ်ပြီး ထွက်သွားလေပြီ။ သို့သော်လည်း 'မီး'မှာ ရှက်လွန်းလို့ အသက်ပင် ထွက်သွားချင်သည်။

တိုးကိုးလေးပေမယ့် မီး ကြားလိုက်ပါပကော။

ဘာတဲ့

အိုး.... ။ ရှက်စရာချည်း။

တော်ပြီ

မကြားချင်တော့ဘူး။

မောင့်သူငယ်ချင်းတွေ သိပ်ပြောင်တာပဲ။

ကားမောင်းထွက်သွားသံကြားမှ အမိက သက်မချလေသည်။ ကြောမှာကပ်နေတဲ့'မီး'ကိုယ်လေးဆွဲယူပြီး ရင်ခွင်မှာ တယုတယ ပွေ့၏။

"မောင့် .... သူငယ်ချင်းတွေ သိပ်ညစ်ပတ်တာပဲ၊ ပြောစရာလားလို့"

'မီး' မျက်နှာလေး ကွယ်ဝှက်ရင်း ပြောသည်။

"ပြောစရာအနေအထားရောက်နေပြီ ပဲ 'မီး'ရယ်"

www.burmeseclassic.com

www.burmeseclassic.com



မောင်က လည့်တိုင်ချင်းယှက်ကာ မီး ဂုတ်သားဖွေးဖွေးလေးကို နမ်းရှိုက်ရင်းပြောလျှင်

"မောင်နော်။ မကဲနဲ့။ အို။"

မီးအသံလေး မဆုံးနိုင်။

ရင်ဖိုစွာ ပြတ်တောက်သွားသည်က အကြောင်းမဲ့မဟုတ်ပါ။

မီး ကိုယ်လုံးလေးကို ဆတ်ခနဲ ပွေ့ချီကာ ဆိုဖာပေါ် ပက်လက်ကလေးတင်လေပြီး မျက်နှာချင်းကပ်ပြော၏။

"ချစ်ရင် မရုက်ကြေးနော်" တဲ့

မီး ခေါင်းညိတ်မလိုဖြစ်နေလျှင်

"ဟိတ်"

"ဟင်"

မီးကော မောင်ပါ ကိုယ်ရှိန်တွေရပ်ကုန်သည်။ ညှော်ခန်းဝမှာ ဘွာဘွာကြီးပေါ်လာတဲ့ မျက်နှာ... မိုးသားသစ်ရယ်ပါ။ ကားနဲ့ ထွက်သွားကြပြီးမှ ဘာလာပြန်လုပ်ပါလိမ့်။

မိုးသားက မျက်နှာကို လ:ာ်နဲ့ကာလျက်နဲ့ ပြောသည်။

"မေ့နေလို့ကွ။ အရေးကြီးတာ ပြောမလို့"

"ဘာလဲကွ"

"တိုက်နောက်မှာ တွင်းပျက်တစ်ခုရှိတယ်ကွ။ မင်းတို့ မသိသေးလို့ လာပြန်ပြောရတာ။ တွင်းပျက်ထဲ ဆင်းပုန်းမနေနဲ့ .... ဒါပဲ"

မိုးသားသစ်ပြောပြီး ကားပေါ် လွှားတက်သွားသည်။ ကားခြံပြင် ရောက်သည့်အထိ ငေးကြည့်ပြီးမှ နှစ်ယောက်သား သက်မချသည်။

"ဘာတွင်းပျက်လဲ မောင်ရဲ့"



"အလကား၊ ဒီကောင် တမင်လာနောက်တာဖြစ်မယ်။ လာ မီး၊ မောင်တို့ ချစ်နေတာကို နှောက်ယှက်တာ။ ဒီတစ်ခါဆို သောရီးပဲ။ သူတို့ ရှေ့မှာ ကဲကဲပဲချစ်ပြမယ်"

"တော်ပါတော့ မောင်ရယ်"

မီး ရှောင်ဖယ်ကာ ဆိုဖာထောင့်မှာ ကိုယ်လေးကပ်လျက် ငြိမ်သက်နေလိုက်သည်။ မောင်ကတော့ မောင့်သူငယ်ချင်းကို နှောက်ယှက်ရကောင်းလားဆိုပြီး ကြိမ်ဆဲ၏။

"မိုးသားစုတ်"

♛♛♛♛♛

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၆)

"အမိက"

မိုးကုဲ့သို့ ချိန်းသောခေါ်သံ။ ထိုနောက်မှ စင်တာထဲ အင်နဲ့အားနဲ့ ဝင်လာကြတဲ့အရွယ်ကောင်းယောက်ျားတွေ ....

ရှေ့မှ ခေါ်သံနဲ့ ဦးဆောင်လာသူကအရပ်မြင့်သလို ကိုယ်လုံးခပ်ဖိုင့်ဖိုင့်ရှိတဲ့လူကြီး။

နဖူးအနည်းငယ်မောက်ကာ ပါဝါမျက်မှန်အောက်က စူးရဲသောမျက်လုံးများကို ပိုင်ဆိုင်တဲ့ ဦးသန်းမြင့်ဖော်ဖြစ်သည်။

ကိုတာ ရုတ်တရက် အံ့ဩကာ ကောင်တာထိုင်နေရာမှ ဆတ်ခနဲ ကိုယ်ကြွသွား၏။

မှန်ထိုင်းထန်ပြီး ဝင်လာတာက "ကိုမီ"နဲ့ ပတ်သက်နေမှန်းသိ



သာသည်။ တစ်ဖက်ကပြင်းထန်နေတာကြောင့် ကိုတာ ဣန္ဒြေရရပဲဆိုသည်။

'ကိုမီ မရှိဘူး ခင်ဗျ"

"ဘာ... "

ကောင်တာစားပွဲကို လက်ဖဝါးနဲ့ ဝုန်းခနဲ့ ရိုက်ချတဲ့ ဦးသန်းမြင့်ဖော် ၏ ဒေါသ၊ စားပွဲတင် ပန်းအိုးပါ တုန်ခါ၍ လဲလေသည်။

ကိုတာ မျက်စိ မျက်နှာမပျက်အောင် ထိန်း၍၊ ထိုင်နေရာမှ ထရပ်ပြီး

"နေ့ခင်းကတည်းက 'ကိုမီ' ထွက်သွားတာ။ ပြန်မရောက်သေးဘူး ခင်ဗျ"

"ဘယ်သွားလဲ "

ကိုတာကို စားတော့ ဝါးတော့မတတ်စိုက်ကြည့်ရင်း မေး၏။ ကိုတာလည်း တကယ်မသိတာကြောင့်

"အဲဒါတော့ ကျွန်တော်လဲး မသိဘူး ခင်ဗျ"

"တောက်"

စင်တာထဲဝင်လာပြီး ပြင်ထန်းနေတဲ့ ဦးသန်းမြင့်ဖော်ကို ဝန်ထမ်းတွေရော၊ ပစ္စည်းဝယ်သူတွေပါ တအံ့တဩကြည့်လို့နေသည်။

ဘာကြောင့်မှန်းမသိသော်လည်း ပြင်းထန်သည်က တော်တန်ရုံကိစ္စမဟုတ်မှန်းထင်ရှားပြီးမို့ ကိုတာတို့ သတိထားပြောဆိုနေရသည်။

ဦးသန်းမြင့်ဖော် တောက်ခတ်ပြီး လက်သီးကျစ်ကျစ်ဆုပ်၏။ အမိကကို မတွေ့ရလို့ တွေ့နေရတဲ့ ကိုတာကို ဆွဲတော့သိုးတော့မလိုဖြစ်ကာ၊ တပည့်တပန်းတွေပါ ဝိုင်းအုံလာလေပြီ ။

ကိုတာ ဘာပြောလို့ ဘာဆိုရမှန်းမသိတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ဦးသန်းမြင့်ဖော်ပဲ တစ်ခုခုကို ဆက်တိုက်သိချင်ကာ၊ ကိုတာ အကျီဘတ် ကို ဆွဲမေး၏။

"သူ့ ဘယ်မှာလဲ မသိရင် သူ့မိဘ ဘယ်မှာနေလဲတော့ သိရမှာပဲ၊ ကဲပြော"

"ဟို ..... တောင် ... တောင်ဒဂုံမှာပါ"

"အတိအကျပြော... "တဲ့

ဦးသန်းမြင့်ဖော် ကိုတာရင်ဘတ်ကို တင်းအောင်ဆုပ်ကိုင်ရင်းမေးပြန်သည်။ ဆွဲထားတဲ့အရှိန်နဲ့ ကိုတာနေရခက်လာသည်။

မပြောရင် ဒီလူကြီးက ကိုက်ဖြတော့မယ့် ကျားရဲလို မာန်ဖီနေတာကြောင့် လိပ်စာအပြည့်အစုံ ကိုတာ ရွတ်ပြရလေသည်။ ကိုတာ ရွတ်ပြသံ အဆုံးမှာ

"တောက်"

ဦးသန်းမြင့်ဖော် တောက်ခတ်ကာ ကိုတာရင်ဘတ်အကျီကို လွှတ်ချပြီး၊ ချာခနဲ့ ထွက်သွား၏။

သူ့နောက်က တပည့်ဆယ်ယောက်မက တသီးတစ်တန်းချည်းပါသွားသည်။

ကိုတာခမျာ၊ ကြေတွန့်သွားတဲ့ အကျီရင်ဘတ်ကို ငုံ့ကြည့်ရင်း စိတ်ထဲအတော်ချည်းခံပြင်းလျက်။

မဆီမဆိုင် အဆွဲခံရတာ နာ၏။

ကျွတ်... ။

တောင်ဒဂုံကို ရှေ့ဆင့်နောက်ဆင့် မောင်းနှင်နေကြသည် ကားနှစ်စီးက၊ မြွားနှစ်စင်းနှယ်။ ရှေ့ကားရဲ့ ဒရိုင်ဘာဘေးမှာ လက်သီး ကျစ်



ကျစ်ဆုပ်ပြီးပါလာတဲ့ ဦးသန်းမြင့်ဖော် မျက်နှာတစ်ခုလုံး နီရဲခက်ထန်လျက်.... ။

လက်မတင်လေး လွတ်လွတ်သွားလေ ခံပြင်းလေ။

သမီးရဲ့ သူငယ်ချင်းနှစ်ယောက်နဲ့ ရှက်ရိပ်စိ။ ညာလိုက်မှန်း မသိလိုက်ပေ။ ရှာဖွေဖို့ လမ်းစပြတ်သလို ဖြစ်သွားလေသည်။

ထိုအခါ သူ့တပည့် 'မင်းရဲ' မရဲတရဲပြောသည်။

"ကျွန်တော့် သူငယ်ချင်း ဇင်သစ် ဟိုတစ်နေ့က ပြောတယ်ဆရာ။ အင်းလျားမှာ ခေတ်သမီးကို အတွဲနဲ့ တွေ့ခဲ့တယ်တဲ့"

"ဘာ ဘယ်ကောင်နဲ့ တွဲတွေ့တာလဲ။ အစကတည်းက ဘာလို့ မပြောတာလဲ။ တောက် မြန်မြန်ပြောစမ်းကွ။ မြန်မြန်"

ဦးသန်းမြင့်ဖော် သမီး ဖေ့မှန်ကာ တပည့်တွေအပေါ် မပျော့မပျောင်းနိုင်တော့ပါ။ မာန်နဲ့ ထန်ထန်ပဲ အမိန့်ပေးသလို မေးလေပြီ။

မင်းရဲ ကလည်း ဆရာအလိုကျ တပည့်ပီသသူပင်။

"ဇင်သစ်ပြောတော့ Top စင်တာက 'အမိက'လို့ပြောတယ်"

"ဘယ်မှာလဲ Top စင်တာက"

"ပါရမီ.... လမ်းထဲမှာ"

မင်းရဲ အပြောပင်မဆုံးသေးပါ။ ဦးသန်းမြင့်ဖော် ကားပေါ်လွှားခနဲ့ တက်လေပြီ။ တပည့်တွေလည်း တပည့်ကောင်းပီသစွာ အင်အားပြည့်ပါလာသည်။

တွေ့ရင် အမိကဆိုတဲ့ကောင်ကို ကောင်းကောင်းချည်းတွယ်မယ်။ သမီးကို၊ အရ ပြန်ခေါ်ခဲ့မယ်ဆိုတဲ့ ပြင်းထန် မှုနဲ့ဖြစ်သည်။

ခုတော့ .... ။

Top စင်တာမှာ ဒင်းကမရှိပေ။

www.burmeseclassic.com

www.burmeseclassic.com



ဒင်းမရှိတာက သမီးကို မ, ပြေးတဲ့သဘောပဲ။

Top စင်တာဆိုတာ ဦးသန်းမြင့်ဇော်အတွက် ခြေသလုံးမွေး တစ်ပင်စာလောက်တောင် အဖိုးမတန်လှပါ။

ဒီလို အဆင့်အတန်းထဲက ကောင်နဲ့ သမီးကို ဘယ်လိုမှမဖြစ်ခံနိုင်။ ဖြစ်ရင်တောင် စက္ကူတစ်ရွက်လို အသံမြည်အောင် ဖြဲခနဲ ဆွဲဖြဲပြစ်ဖို့ ဝန်မလေးပါ။

စင်တာမှာ ဒင်းတို့မတွေ့။

ဒင်းကို လိုက်ရှာနေရင် အချိန်ကုန်ပြီး သမီးဘဝအမဲစက်ဖြစ်သွားနိုင်သည်။ ဒါကြောင့် သူ့မိဘအညာကိုင်လိုက်ရင်။

''အဓိက''

''မင်းပြေးမလွှတ်ပါဘူးကွ။''

♛♛♛♛♛

အခန်း(၁၇)

အမှတ်(၇)

အလင်းပျိုးလမ်း

(၂၆)ရပ်ကွက်၊ တောင် ဒဂုံ.... တဲ့

ဟုတ်ပြီ... ဒါပဲ... ။

ကိုတာ ရှုတ်ပြတဲ့လိပ်စာအတိုင်း၊ မင်းရဲက ခြံရှေ့မှာ၊ ကားထိုးရပ် လေသည်။ ဦးသန်းမြင့်ဇော် ကားပေါ်မှလွှားကနဲ ဆင်းသည်။ သစ်သား တံခါးနှစ်ချပ် စေ့ပိတ်ထားသော ခြံ၏ ဝင်ပေါက်တံခါးရွက်ကို ခြေနဲ့ဆောင့် ကန်ဖွင့် လေသည်။

တံခါးနှစ်ရွက်သည် တုန်ခါပြီး စုံပွင့်ထွက်ကာ၊ လှုပ်ရမ်းနေတော့ သည်။ ခြံလယ်ရှိ ဆေးနီသုတ်ထားတဲ့ ဆင်ဝင်ပါသော တစ်ထပ်ပျဉ်ထောင်

www.burmeseclassic.com

www.burmeseclassic.com



အိမ်လေးက သူ့ဝန်ထမ်းအိမ်ယာတွေနဲ့ မယှဉ်နိုင်ပါ။

သူ့အလုပ်သမားတွေကို သူက တိုက်ခံ သွပ်မိုးနဲ့ တခန်းတနား ထားနိုင်သည်။ သူ့သမီးကို သူ့ဝန်ထမ်းထက် အနေနိမ့်ကျလွန်းတဲ့ ဒီလို ကောင်စားက သမီးကိုပိုင်သွားရင် သူ့ပတ်ဝန်းကျင်သူ့အသိုင်းအဝိုင်း ကြား မှာ ဘယ်လောက် အရှက်သည်းဖွယ် ကောင်းလိုက်မလဲ။

စဉ်းစားရုံနဲ့တင် ဦးသန်းမြင့်ဖေ ရှက်လွန်းကာ မျက်နှာကြီး ရဲမှည့်ရာမှ ညိုညစ်ပုတ်အုလာသည်။

'ဦးစိုးကြိုင် .. ဒေါ်မိမိဦး ... ထွက်ခဲ့စမ်း'

ဒီလို အိမ်ညံ့၊ အိမ်ငယ်ပေါ် ခြေလှမ်းမချလိုတဲ့ ဦးသန်းမြင့်ဖေရဲ့ မာနထိုမာနကြောင့်ပဲဆင်ဝင်အောက်ပင်ဝင်မရပ်ပါ။ ဆင်ဝင်အပြင်ဘက် မှာ မာန်ဖီရပ်ရင်း အသံမြှင့်ခေါ်နေသည်က ခက်ထန်စွာ ဖြစ်လေသည်။

စိမ်းထန်သော ခေါ်သံကြောင့်၊ ဦးစိုးကြိုင်နဲ့ ဒေါ်မိမိဦး တို့ဗွီ အစီအစဉ်ကြည့်နေရာမှ၊ တစ်ယောက် မျက်နှာတစ်ယောက် ကြည့်ကာ၊ ကြိမ်ဆက်တီပေါ် ထိုင်နေရာမှ ချက်ချင်းထဖ်။

ဦးစိုးကြိုင်က ရှေ့ကထွက်၍ ဒေါ်မိမိဦးလဲ အနောက်က ပါခဲ့ လေသည်။

ဆင်ဝင်မှာ ခြေချရုံရှိသေး၏။

ဆင်ဝင်အပြင်ဘက်မှာ လက်နှစ်ဘက် ခါးထောက်ကာမတ်မတ် တောင့်တောင့် ရပ်နေတဲ့သူ။ ထို့နောက်မှာလဲ၊ တပည့်တပန်းတွေနဲ့။

ဘာဖြစ်တာပါလိမ့် ... ။

ဦးစိုးကြိုင် ရှေ့တိုးလာပြီး စူးစမ်းသော မျက်လုံးနဲ့ ကြည့်ရင်း မေးသည်။



''ဘာကိစ္စရှိလို့လဲ''

''အဓိက ဘယ်မှာလဲ''

''ဗျာ။ သားလား။''

''ဟုတ်တယ် ... ခင်ဗျားသား .. ''

''သားက ခုချိန်ဆို စင်တာမှာရှိဦးမယ်ရှင့်၊ ဘာကိစ္စရှိလို့လဲ့. ''

ဒေါ်မိမိဦးက ခင်ပွန်းသည်ထက် အရင်ဖြေ၍ရှေ့တိုးလာခဲ့ သည်။

တစ်ဖက်က ရူးစမ်းဟန်နဲ့ အေးဆေးတည်ငြိမ်သလောက် ဦးသန်း မြင့်ဖေက မတည်ငြိမ်နိုင်.. ။

''ဘာကိစ္စလဲဆိုတော့၊ ခင်ဗျားတို့သား ကျုပ်သမီးကို ဖျားယောင်း သွေးဆောင်ပြီး သိမ်းပိုက်တဲ့ကိစ္စ''.

''ဗျာ''

''ရှင်''

ဦးစိုးကြိုင်နဲ့ ဒေါ်မိမိဦး မယုံနိုင်အောင် အံ့ဩသွားပါသည်။

''ကျုပ် လုံးဝ ခွင့်မပြုနိုင်ဘူး... ခင်ဗျားတို့ ချက်ချင်း ခေါ်ပေး၊ မခေါ်ပေးရင် တရားဥပဒေအရ ကျုပ်အရေးယူရမယ်.. ''

''နေစမ်းပါဦး၊ ခင်ဗျား ဘာတွေလာပြောနေတာလဲ၊ ပွင့်ပွင့် လင်းလင်းပြောဗျ''

ဦးစိုးကြိုင် ရေရေ လည်လည် နားမလည်၊ ထိုသို့မေးတော့ ဦးသန်းမြင့်ဖေလက်တစ်ဘက် ခါးထောက်ဖြုတ်လျက်...

''ဒီမှာ ခင်ဗျားသား ကျုပ်သမီးကို ခိုးပြေးသတဲ့ ... တောက်... ''

'' ... ''

www.burmeseclassic.com

www.burmeseclassic.com



ဦးသန်းမြင့်ဖော် စကားအဆုံးမှာ ဦးစိုးကြိုင်နဲ့ ဒေါ်မိမိဦး ဆွံ့အသလိုဖြစ်သွားသည်။ သားမှာ ချစ်သူရှိတယ်လို့ တစ်ခါမှ ပြောဖူး ဆိုဖူးတာမရှိပါ။

ခုတော့... သားက မိန်းကလေးကို နိုးပြေးသတဲ့... ။

"ဟုတ်ရဲ့လားရှင်"

ဒေါ်မိမိဦးနှုတ်မှ မယုံနိုင်တဲ့ အသံ ခုန်ထွက်သွားလျှင့်.

"ဘာပြောတယ်.."

"ဟာ။ ဆောရီး ကျွန်တော့ အမျိုးသမီး ရည်ရွယ်တာက တစ်မျိုးပါ။ အကယ်၍ သားက နိုးပြေးတယ်ဆိုရင်၊ ကျွန်တော်တို့က မိဘဝတ္တရားရှိတဲ့အတိုင်း ဆောင်ရွက်ပေးမှာပေါ့ ..."

"ဘာ။ ဘာ မိဘဝတ္တရားရှိတဲ့အတိုင်းဆောင်ရွက်ပေးမယ် ဟုတ်လား။"

ဦးသန်းမြင့်ဖော် ခံပြင်းသံနဲ့မေးလေသည်။ ဦးစိုးကြိုင်၊ ဒေါ်မိမိဦးက အရိုးခံစိတ်နဲ့ ပြုံငတူခေါင်းညိတ်၏။

"ဟား .. ဟား .. ဟား ..."

ဦးသန်းမြင့်ဖော် ဟားတိုက်ရယ်မောလေသည်။

ဦးစိုးကြိုင်တို့ ဇနီးမောင်နှံ မျက်မှောင်ကြုတ်ကြည့်လေသည်။

ဦးသန်းမြင့်ဖော်က ရယ်မောရင်း မတူမတန်စွာဘဲ စိုက်ကြည့်ပြီး

"ဟွန်း... ခင်ဗျားတို့ ဆောင်ရွက်ပေးမယ့်ကိစ္စကို ကျုပ် စိတ်မဝင်စားဘူး ဦးစိုးကြိုင်။ ကျုပ်စိတ်ဝင်စားတာက ကျုပ်သမီးကို ကျုပ်ပြန်ခေါ်ဖို့ပဲ။ ဒါကြောင့် ခင်ဗျားသားကိုခုချက်ချင်း ကျုပ်ရှေ့ ခေါ်ပေးစမ်းပါ။ ဟိုဟို ဒီဒီအဖြစ်မခံနိုင်ဘူး။ ဒီလောက်ဆို ခင်ဗျားတို့ သဘောပေါက်။



ဘယ်နည်းနဲ့မှ ကျုပ်သမီးနဲ့ သဘောမတူနိုင်ဘူး .. ဦးစိုးကြိုင်"

ဦးသန်းမြင့်ဖော် စကားအဆုံးမှာ ဦးစိုးကြိုင် လေးပင်စွာ ခေါင်းရမ်းသည်။ ဒေါ်မိမိဦးက သိပ်လက်မခံနိုင်၊ လက်မခံချင်တဲ့ ပုံစံနဲ့၊ လက်ပိုက်ကာ ခပ်မော့မော့လေး မျက်နှာကို ထားလျက်။

"ဒီလိုရှိပါတယ် ... ဗျာ"

ဦးစိုးကြိုင် တစ်ခုခုပြောဖို့ ပါးစပ်ပြင်လျှင် ဒေါ်မိမိဦးက လက်ကာ တား၍ သူမပဲ ဆက်ပြောသည်။

"ကောင်းပြီလေ။ ရှင်တို့ သဘောပဲလို့ဆိုရင်၊ လူငယ်တွေရဲ့ ဆန္ဒကို ကျွန်မတို့ ဘာမှအားပေးနေစရာမလိုဘူး။ ရှင်ဖြစ်စေချင်တဲ့အတိုင်း ဖြစ်အောင်လုပ်ပါ။ ခုလောလောဆယ် သားဘယ်မှာရှိလဲဆိုတာ ကျွန်မတို့ လည်း စုံစမ်းမယ်၊ တွေ့တဲ့အခါ၊ ရှင့်သဘောအတိုင်းလုပ်ပါ။ ကျွန်မတို့ မကန့်ကွက်ဘူး..."

" မိဦး "

ဦးစိုးကြိုင်က ဇနီးသည်ကို ဟန့်တားသလို ဖိအော်သည်။ ဒေါ်မိမိဦးက ပြောပြီးသည်နှင့် ဦးသန်းမြင့်ဖော်ကို စိုက်ကြည့်သည်။

ဦးသန်းမြင့်ဖော်ကလည်း ဒေါ်မိမိဦးကို မပတ်သက် မဆက်ဆံချင်စွာပဲ ပြန်ကြည့်၍..

"မကန့်ကွက်ဘူးဆိုရင် အချိန်မဆွဲပါနဲ့၊ ခင်ဗျားတို့သားကို ခုချက်ချင်း ဆက်သွယ်ကြစမ်းပါ"

"နေဦးဗျာ့. နေပါဦး၊ ကျွန်တော်ပြောပါရစေ၊ ဒီက .. နောင်ကြီး "

ဦးစိုးကြိုင်က သွေးပူပြီးမာနခွဲပြန်ခံပက်ဖို့စိတ်မကူးပါ။ လူငယ်ချင်း

www.burmeseclassic.com

www.burmeseclassic.com



နိုးပြေးတာမို့၊ တတ်နိုင်သမျှ လူကြီးချင်း နားလည်မှုရစေချင်တဲ့ စေတနာဖြင့်၊ လိုက်လိုက်လျောလျော ပြောဆိုခြင်းဖြစ်သည်။

ဦးသန်းမြင့်ဇော် ခေါင်းတွင်တွင်ခါကာ . . .

"ဒီမှာဦးစိုးကြိုင် ကျုပ်စကားတစ်ခွန်းမှ လျှော့ဖို့မရှိဘူး။ ခင်ဗျားတို့ အနေအထားမျိုးနဲ့ ကျုပ်သမီးကို ခင်ဗျားသားနဲ့ ရာသက်ပန် ပေါင်းသင်းခွင့်ပေးဖို့ .. မကြည်ဖြူနိုင်ဘူး။ မကြည်ဖြူနိုင်လို့လည်း အချိန်မနှောင်းခင် ခင်ဗျားတို့ဆီ လာပြောတာ"

"ဒါဆိုလဲ .. ရှင်တို့လည်း မရ ရအောင် လိုက်ရှာ။ ကျွန်မလည်း ကျွန်မသားကို မတွေ့ တွေ့အောင် ပြန်ရှာမယ်။ ဒါပဲ"

ဒေါ်မိမိဦးလည်း အပြတ်ပြောကာ၊ အိမ်ကလေးဆီ ပြန်တက်သွားသည်။

" တောက် "

ဦးသန်းမြင့်ဇော် တောက်ခတ်သည်က ဒီလိုအဆင့်အတန်းနဲ့များ၊ သူ့ကိုအပြိုင်ခွပ်နေတဲ့ ဒီလိုမိခင်မျိုးကို နှုတ်နှုတ်စင်းပစ်ချင်စိတ်နဲ့ဖြစ်သည်။

"အေး၊ ရှာ ရှာလို့ မတွေ့ရင်တော့နေကွ၊ တွေ့လို့ကတော့ခင်ဗျားသား ထောင်ထဲအရောက်ပဲ ဒေါ်မိမိဦး။ ဦးစိုးကြိုင် ကျုပ်စကားအကုန်ပြောပြီးပြီနော်၊ နောက်မှ ကျုပ်အဆိုး မဆိုနဲ့ ဒါပဲ။"

ဦးသန်းမြင့်ဇော်လည်း အပြတ်ပြောပြီး လှည့်ထွက်သွား လေသည်။

ဖနီးသည့်ကလည်း ဆတ်ဆတ်ထိမခံ။ တစ်ဖက်ကလည်း ပြတ်ပြတ်တောင်းတောင်း။

ဦးစိုးကြိုင် ကြားမှာ နေရင်း .. ဘယ်လို ရင်ဆိုင် ဖြေရှင်းရမှန်း



မသိအောင် စိတ်ရှုပ်ထွေးနေလေသည်။

လူငယ်နှစ်ယောက်အတွက် ရင်လေးသလို နှစ်ဖက်မိဘရဲ့ ပြင်းထန်မှုအတွက်လည်း ဆက်မတွေးရဲ။

ပြေလည်ဖို့ မရှိစွာ ပြင်းထန်နေတဲ့ အခြေအနေက သားတို့ချစ်ခြင်းအတွက် အန္တရာယ်ကြီးလှသည်။

သားကလည်း သူ့မအေလိုပဲ မာနက ခပ်ကြီးကြီးဆိုတော့ .

" အင်း "

ဦးသန်းမြင့်ဇော် . . .

ရှေ့ဆက် ဘယ်လို မိုးမီးလောင်စေမလဲဆိုတာ ကြည့်ကြရုံပေါ့။

♛♛♛♛♛

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၈)

" မီး "

မောင် အပါးရောက်လာပြီး တိုးတိုးခေါ်သည်။

မီးလုံး မှိန်မှိန် လဲ့လဲ့ လင်းနေသော်လည်း။ မောင့်ကို အနီးကပ် မြင်ရတော့ ရင်မှာသိမ့်ကနဲတုန်သလို လှိုက်ကနဲဖိုသလိုခံစားရလေသည်။

မျက်ဝန်းအောက်က မေးရိုးအထက်ဆီမှာ နက်ပြောင် ထင်ရှား လှသော မောင့်ရဲ့ မုတ်ဆိတ်ကလေးကို စိုက်ကြည့်ရင်း...

" ပြော ပြောလေ။ "

" လာပါ "

မီးလက် တစ်ဖက်ကို ဆုပ်ကိုင်၍ ကုတင်ဆီဆွဲခေါ်၏။

တစ်ခန်းတစ်နား ပြင်ဆင်ထားတာ မဟုတ်ပေမယ့်၊ နှစ်ယောက်



အိပ်မွေ့ယာအပြင်အဆင်ကိုမြင်တော့၊ အပျိုစင်လေးပီပီ ရင်ခုန်လို့ နေ၏။ 'မီး' ရင်ခုန်၍တွေတွေချည်း ရပ်နေလျှင်

" မီး .. ဘာဖြစ်ပြန်ပြီလဲ "

" ဟင့် အင်း "

မီး ခေါင်းငုံ့ချသည်က ရှက်လို့မှန်း၊ အမိက ရိပ်မိသွား၏။ ထိုအခါ အမိက ကြည်နူးစွာ ပြုံးပြီး

" မီး ရှက်နေတာလား "

" အင်း "

ဒီလိုတော့လည်း 'မီး'က ကလေးဆန်စွာ ခေါင်းညိတ်၏။ ခေါင်းအညိတ်မှာ မျက်နှာပေါ် ဝဲကျလာတဲ့ ဆံပင်ကို အမိက သ ဖယ်ရင်း၊

"ချစ်ရင် မရှက်ကြေးလို့ ပြောထားတယ်လေ .. ကွာ"

"ရှက်တာတော့ ရှက်မှာပဲ"

အမိက ရင်ဘတ်ကို ရှက်စိတ်ကြောင့် လက်သီးဆုတ်နဲ့ 'မီး' ဖွဖွထုလေသည်။ အမိက မီး လက်သီးဆုပ်လေးကို ဆွဲယူ၍၊ နှုတ်ခမ်းနား ကပ်ကာ

"မောင့်ကို ချစ်ရဲ့လား .. ဟင်"

မီး ပြုံးပြုံးလေးနှုတ်ဆိတ်နေမိ၏။ မောင်ကအားမလိုအားမရဖြစ် ကာ၊ မောင့်မျက်နှာက မီးနှုတ်ခမ်းနားမွှေးကြူတော့မတတ်တိုးကပ်လာ၏။

"ဖြေလေ.. မီး မောင့်ကို ချစ်ရဲ့လား .. လို့"

"အင်း .. ချစ်လို့ မောင့်နောက် လိုက်ခဲ့ပြီပဲ .. "

"အလည်း၊ ဒီလိုကျတော့လဲ မောင်ရင်ခုန်အောင် ပြောတတ် သားပဲ"

www.burmeseclassic.com

www.burmeseclassic.com



" မောင် ... နော် "

မီး ခြေတစ်ဖက် ဆောင့်ရင်း၊ မောင့်ကို မျက်စောင်းထိုးသည်။ အဓိက သဘောတကျ ရယ်ရင်း မီးကိုယ်လုံးလေးကို ဆွဲပွေ့ကာ၊ ပခုံး နှစ်ဖက်ပေါ် ဝဲနေသော ဆံနွယ်တွေကို ဆုတ်ကိုင်၍ ဝင်းမွတ်ဖြူဖွေးနေသော မီး လည်တိုင်ကို၊ အမြတ်တနိုးနမ်းသည်။

"အိုး .. မောင်နော်"

မီး ရင်ခုန်သံ မြန်စွာ ရှောင်မိ၏

သို့သော်လည်း လည်တိုင်မှာ အနွေးလှိုင်းက ရှည်ကြာသွားသည့်နောက်မှာ။

"မီး ကိုတော့ မောင်ချစ်ရတာ ထားစရာနေရာမရှိသလို ပြောပြလို့လည်းကုန်မှာ မဟုတ်ဘူး"

"အမလေး"

ထိုလည်တိုင်ကို မီးလက်ချောင်းလေးနဲ့ တစ်ချက် ပွတ်မိလေသည်။ မောင်က တင်းအောင်ဖက်ထားရင်း ...

"တကယ်ပြောတာ။ မီးကို မောင်က ဟိုးအဝီစိလို နက်နက်ရှိုင်းရှိုင်း ချစ်တာ"

"အလိုလေး၊ အဝီစိလိုနက်နက်ရှိုင်းရှိုင်း တဲ့"

" မယုံဘူးလား .. "ဟု

မေးရင်း ချိုမြနေသောနှုတ်ခမ်းလေးကိုစုပြလေသည်။ ပြီးတော့ မောင်ပါးကို ထိုးပေးကာ မီးကို မွှေးခိုင်းလျှင်မီး တကယ်ရှက်လေပြီ။

" တော်ပြီ ။ မောင် လူလည်။"

မီး.. မောင့်ရင်ခွင်ထဲက ရုန်းထွက်သည်၊ မောင်က လွတ်ထွက်



မသွားအောင် တိုး၍ဖက်သည်။

" ဖယ် .. ပါ .. ဆို "

"ပျော်စေချင်ရင် ချစ်တဲ့အကြောင်းတွေ မောင်ပြောပြမယ် မီး နားထောင်ပေးလေ .. "

"ကဲ .. မြန်မြန်ပြော"

မီး ရင်ခုန်စိတ်နဲ့ တသိမ့်သိမ့်ခံစားမိတာတွေက ရှက်တာတွေ ပါရောကာ မောင်က မီး လက်မောင်းသားကို ဖျစ်ကိုင်လျက်.

"မီးကို မောင်က အမွှေးတစ်မျှင်လို သေးသေးလေးလုပ်ပြီး မောင့်မျက်ခုံးပေါ် တင်ထားချင်တာ "

"အပိုတွေ"

"တကယ်ပြောတာ"

"အဲဒါဆို မီး ကျွတ်ထွက်သွားရင် ဘယ်လိုလုပ်မလဲ"

"မကျွတ်စေရဘူး၊ ကော်နဲ့ ကပ်ထားမယ်"

"မောင်ကလည်း သူများတွေက အလုံးလေးလုပ်ပြီး ပါးစပ်ထဲ ငုံထားချင်တာ၊ မောင့်ကျမှ"

"ဟာ့. သူများတွေ လုပ်တဲ့နည်း မသုံးချင်ဘူး။ မောင့်ချစ်သူ အတွက် မောင်ကိုယ်တိုင် ဖန်တီးတဲ့နည်းပဲ သုံးမယ်။ သူများနည်းအတိုင်း ပါးစပ်ထဲ လုံးထည့်ထားလို့ မတော်တဆ သွားနဲ့ခလုပ်တိုက်မိ ၊ ကိုက်မိ ဖြစ်သွားရင်ကော"

"အဟွန်း.. မောင် ဟာလေ"

မီး ရင်မှာ ရှက်စိတ်ကလေး လွင့်ပါးသွားလေသည်။ ချစ်တဲ့စိတ် ကလေး အစားဝင်လာကာ မောင့်ပခုံးစွန်းမှာ၊ မျက်နှာလေးမှေးတင်ရင်း

www.burmeseclassic.com

www.burmeseclassic.com



မောင့်လည်တိုင်ကို နမ်းလိုက်မိသည်။

"ဟား. ဟား နမ်းရမှာက ဒီမှာလေ .. "

နိုးနမ်းကာမှ သိသွားသည်မို့ မီး ရှက်ရှက်နဲ့ မောင့်ရင်ဘတ်ကို၊ ထုပစ်၏။ မောင်က မောင့်ပါးလေးကို တိုးပေးရင်း ..

"မီး နော် နမ်းရမှာက ဒီပါးကိုလေ၊ မောင့်ပါးကို နမ်းပါလေလို့"

အတင်းပဲ ဆိုသည်။

မီး ခေါင်းရမ်းရင်း ရုန်းပြေးဖို့ ကြိုးစားသည်။ မောင်က လွှတ်မပေးဘဲ အတင်းပွေ့ဖက်လျက် နမ်းခိုင်းလေသည်။

"မောင် ... နော်"

"မောင် နော်တွေ ဘာတွေ လုပ်မနေနဲ့ ၊ မရဘူးနော်. မီး ။ ခုနကတော့ နိုးနမ်းပြီးတော့၊ လာပါကွာ မောင်ချည်းပဲ၊ မီးကို အနမ်းတွေ ပေးခဲ့တာများနေပြီ။ မီးပေးမယ့် အနမ်းလည်း မောင်ခံယူချင် သေးတယ်။ မီး နမ်းတာလေး ခံဖူးတယ်ရှိအောင် အနမ်းပေးမှပေါ့ မီးရဲ့"

"ဟင့်အင်း .. လို့"

မီး ရှောင်ငြင်းလို့မရဖြစ်ကာ။

ရှက်လို့ ရင်ခုန်မပြတ်စွာငြင်းနေတဲ့ မီးမျက်နှာလေးကို မောင် ဆွဲယူပြီး မီးနှုတ်ခမ်းလေးကို၊ ပါးပြင်နဲ့ မောင်ထိကပ်လာတဲ့အခါ ..

ချိုရှသော မီး နှုတ်ခမ်းမှ အနမ်းပွင့်ချပ်လေး ကြွေသက်၏။

♛♛♛♛♛♛

## အခန်း(၁၉)

"မောင်မိုးသား အန်တီကို၊ မှန်မှန်ပြောစမ်း။ သားက တကယ်ပဲ သူတို့သမီးကို နိုးပြေးတာလား .. "

ဒေါ်မိမိဦးက စေ့စေ့ကြည့်၍ မိုးသားသစ်ကို မေးလေသည်။

အန်တီဦးက ဘယ်ကိစ္စမဆို ဖိုးဖိုးဖတ်ဖတ်နှင့် ပြတ်ပြတ်သား သားလုပ်တတ်မှန်း မိုးသားသစ် သိသည်။

ဒါကြောင့် ခေါင်းညိတ်ဖို့ ဝန်လေးနေပါသည်။

"ဟုတ်တယ်ဆိုရင်တောင် ကျွန်တော်တော့ ဘာမှ မသိထားဘူး အန်တီ။"

"ဘာ ဒါ ဒါဆို၊ သား တကယ်ပဲပေါ့ ဟုတ်လား။ ဒါကြောင့် ဟိုဘက်က အပိုင်စွတ်စွဲနေတာကိုး။ နေဦးမိုးသား၊ ဒီကိစ္စက မိုးသားတို့

www.burmeseclassic.com

www.burmeseclassic.com



မသိဘူးဆိုတာ အန်တီ မယုံချင်ဘူး။ သားတို့ အခုဘယ်မှာလဲ ပြောစမ်းပါ။ အန်တီ ဘယ်လောက် စိတ်ပူရလဲ သိလား ဟင်း၊ အန်တီတို့ သားကို မတူဘူး မတန်ဘူး လာပြောသွားတာ အန်တီနာတယ် မိုးသားရဲ့ .. ''

မိုးသားသစ် ဖေ့ါပြောကာမှ အန်တီက တိတိကျကျ သဘောပေါက်ကာ ဆိုလေသည်။ အန်တီ့စိတ်ကလည်း နည်းနည်းထန်သည်။

ဘယ်သူ့ကိုမဆို မျက်နှာမော့မော့ပဲ ရင်ဆိုင်တတ်သည်။

ငွေကြေးနောက်ခံ အခြေအနေမရှိပေမယ့် ဘယ်သူ့ကိုမှအောက်ကျို့ခံ ပေါင်းသင်းချင်တဲ့စိတ်မရှိသလို ကိုယ့်မာနနဲ့ကိုယ် သိက္ခာရှိရှိရပ်လာတဲ့ ကျောင်းဆရာမပီသပေသည်။ ဆတ်ဆတ်ထိမခံ မာနမိုးထောင်နေသော ဦးသန်းမြင့်ဖော် နဲ့ တစ်ပွဲတစ်လမ်းမာနပြိုင်ဖို့တာစူနေလေသည်။

'' မဟုတ်သေးဘူး အန်တီ။ အန်တီ သိပ်ပြီး စိတ်မပူပါနဲ့ဗျာ။ ကျွန်တော်ကြားထဲက တောင်းပန်ပါတယ်''

'' အန်တီ ဆိုလိုတာက၊ သူတို့ ဒီလောက် မာနပြနေရင် ၊ အန်တီကလည်း မာနပြန်ပြချင်တယ်။ မင်းတို့ သိတဲ့အတိုင်းပဲ၊ အန်တီ့သားက ဘယ်အဆင့်အတန်းထဲက ဆိုတာလေ .. ။ သားကို ဒီလို မှိုချိုး မှျစ်ချိုးပြောပြီး နှိမ်ချတာ၊ အန်တီ ဘယ်စိတ်နှလုံးနဲ့ ခံနိုင်ရည် ရှိမှာလဲ။ သားကို အန်တီ ဝမ်းနဲ့လွယ်ပြီးမွေးရတဲ့ သားသမီးရင်း ထက် ပိုရှုစိုက်ပြီး ခက်ခက်ခဲခဲ မွေးခဲ့ရတာကွယ့်''

ဒေါ်မိမိဦး ပြောရင်း ရင်မှာတကယ်ကို ဝမ်းနည်းလာပါသည်။

''ဟုတ်ပါတယ် အန်တီရယ်။ တကယ်တော့ အန်တီက ဇီ အတွက် ခံပြင်းပြီး ဦးသန်းဖော်မြင့်နဲ့ မာနပြိုင်နေတာပါ၊ ဒီအချိန်မှာ မာနစီးချင်းထိုးနေလို့ ဘာထူးမလဲ။''



တချွန် ငြိမ်သက်နေရာမှ ဝင်ပြောရလေပြီ။

'' အန်ကယ်လည်း ဒါပဲ နားချနေရတာ၊ မင်းတို့ အန်တီဦး နားမဝင်ဘူး။ သူတို့ သဘောမတူရင် သူလဲ သဘောမတူဘူး။ သူတို့ ခွဲရင် ကိုယ်လဲခွဲမယ်ဆိုတဲ့စိတ်နဲ့၊ တန်ပြန်ချင်နေတာလေ ..

အန်ကယ်က ခေါင်းအေးအေးနဲ့ ဆိုသည်။

အန်တီကလည်း အန်ကယ်ကို မျက်စောင်းနဲ့ ကြည့်ပြီး.

''ကိုစိုးက သူတို့ပြောတာ နာမှ၊ မနာတတ်ဘဲ''

'' နာတာပေါ့ကွ၊ ဒါပေမဲ့''

''တော်ပြီ .. သားကိုပဲ တွေ့ချင်တယ် မိုးသားရယ်။ အန်တီ သားကိုအန်တီတွေ့ပါရစေ၊ တချွန် သားရှိတဲ့နေရာကို ပြောစမ်းပါကွယ်''

ဒေါ်မိမိဦး စိတ်မရှည်ချင်တော့ပါ။

ဖိုးဖိုးဖတ်ဖတ်ပြောပြီး သူ့ရဲ့ ရုံးခန်းခဲက ထွက်သွားလေသည်။ အန်ကယ်လည်း စိတ်လျှော့ချကာ။

''ကဲ .. မိုးသား၊ အန်ကယ်လဲ သားကို တွေ့ချင်တယ်ကွာ''

အန်တီနဲ့ အန်ကယ်ဆန္ဒကို မိုးသားနဲ့ တချွန် ရှောင်လွှဲလို့ မရနိုင်တော့ပါ။

ဒီကိစ္စက သူတို့အားလုံးသိတာမို့ ခေါင်းညိတ်ရတော့သည်။

သေချာတာက သင့်မြတ်ရေးအတွက်ပါ။

တကယ်ရော သင့်မြတ်နိုင်ပါ့မလား ။

♛♛♛♛♛♛

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၀)

" ငါ့ နိုင်းထားတဲ့အတိုင်း ဖြစ်ပါစေ "

" စိတ်ချပါဆရာ၊ အမိက သူငယ်ချင်းတွေနောက် ကျွန်တော် လူလွှတ် စောင့်ကြည့်ခိုင်းထားတယ်၊ ခေတ်သမီး သူငယ်ချင်းတွေကို လည်း မျက်ခြေမပြတ်စေရဘူး။ အစစ အရာရာ ဆရာ ပြောတဲ့ အတိုင်းပါ"

"အိုကေ .. သတင်းရတာနဲ့ ငါ့ဆီ ဖုန်းဆက်"

"ဟုတ်ကဲ့ ဆရာ"

'သန့်ကို'အသံမဆုံးခင် ဦးသန်းမြင့်ဇော် ဖုန်းချလေသည်။

"ဘာတဲ့လဲ .. ကိုကို"

ဇနီးသည်က မတည်ငြိမ်တဲ့ အသံနဲ့ မေးလာသည်။ ဦးသန်း မြင့်ဇော် လက်ကိုင်ဖုန်းကို ဆုပ်ကိုင် ရပ်နေရာမှ၊



"အားလုံးကို အလစ်မပေးဘူး။ ပိတ်ဆို့ထားပြီးပြီ၊ အမိက မင်းလွတ်ဖို့မရှိဘူးကွ တောက် "

ဦးသန်းမြင့်ဇော်ပြောရင်း ခံပြင်းလာပြန်သည်။ ခံပြင်းစိတ်နဲ့ ညည့်ခန်းထဲ ဟိုဟိုဒီဒီ လျှောက်၏။ ဒေါ်ပန်းမာလာ စိတ်မအေးနိုင်ဘဲနှင့်၊ ခင်ပွန်းသည်လိုပဲ နောက်က လျှောက်နေရင်း လက်မောင်းကိုဆွဲကာ

"သမီး ကြောက်စိတ်နဲ့ ထင်ရာစိုင်းနေရင် မာလာတို့ပဲ ရင်ကျိုးရမှာ ကိုကို "

"စိတ်ချ သမီးကို၊ ဒီ အမိက ဆိုတဲ့အကောင်နဲ့ကိုကို၊ အငြိစွန်း မခံနိုင်ဘူး၊ ဒီအတွက် လက်ဦးမှုရဖို့အဖက်ဖက်က စီစဉ်ပြီးသား ကွ.. "

ဦးသန်းမြင့်ဇော် အံ တင်းတင်း ဖိကြိတ်လေသည်။ ဒေါ်သန်း မာလာ သက်မချသည်။ သမီးလေး ကောင်းစားရေးအတွက် စနစ်တကျ ကြိုတင် စီမံထားကာမှ ဒီလိုဖြစ်ရတယ်လို့ကွာ။

ဦးသန်းမြင့်ဇော် ခံပြင်းနေတာ ဒါပဲဖြစ်သည်။

"တကယ်ဆို သမီးဒီလိုမိုက်မဲတာ အခွင့်အရေး ရသွားလို့၊ အခွင့်အရေးပေးတဲ့သူကပေးတော့၊ ငယ်ရွယ်တဲ့ သမီးက မိုက်ဇာတ်ခင်း တာပဲ၊ အဲဒါ မာလာ့အမေကြောင့်ကွ"

ဘုရားခန်းထဲက ထွက်လာတဲ့ ဒေါ်ရွှေအိမ် ခြေလှမ်းတန့်သွား လေသည်။

တည့်တည့်ချည်း စွတ်စွဲနေတဲ့သားမက်ကို၊ ဒေါ်ရွှေအိမ် သည်းခံ လိုစိတ်မရှိတော့ပါ။ လျှောကျနေတဲ့ သဘက်ကို ပုခုံးပေါ် မာန်နဲ့လွှမ်းခြုံပြီး

"ဒီမှာ.. သန်းမြင့်ဇော်"

လက်တစ်ဖက် ခါးထောက်ပြီး ရင်ဆိုင်ဖို့ လျှောက်လာတဲ့၊

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ရွှေအိမ်။ ဦးသန်းမြင့်ဇော် လှည့်အကြည့်မှာ အကြည့်ချင်း တင်းမာစွာ ဆုံလေသည်။

ဒေါ်ပန်းမာလာ အမေနဲ့ ခင်ပွန်းသည်အကြားဝင်လာပြီး ..

"အမေ"

တောင်းပန်သံနှင့်ခေါ်သည်။

သမီးမျက်နှာကြောင့် သားမက်နှင့် အခြေအတင် မဖြစ်လိုပါ။ သည်းခံလာခဲ့တာ ၊မြေး ပြေးသွားကတည်းက။

သည်းခံလေ သားမက်က ပစ်မှတ်ထားလေဖြစ်လေတော့။

ယောက္ခမလုပ်သူအနေနဲ့ မနေနိုင်တော့မှန်း၊ ဒေါ်ပန်းမာလာ စိုးရိမ်ဖွယ်သိလေသည်။

"မင်းကို .. မပြောချင်လို့ ကြည့်နေတာကြာလှပြီ သန်းမြင့်ဇော်။ ညည်းသမီး လင်နောက်လိုက်တဲ့ကိစ္စမှာ၊ 'ငါ' အခွင့်အရေးပေးလို့ ဖြစ်ရတယ်လို့ ပြောပေါင်းများနေပြီ။ ခုလည်း ငါ့ကြောင့် ဆိုပြီး စွတ်စွဲ ပြန်တယ်။ နေပါဦး။ ငါက ညည်းသမီးကို ဘာအခွင့်အရေးတွေ ပေးမိသလဲ ပြောကြည့်စမ်း"

"ဒါကတော့ အမေ ပိုသိမှာပဲ .. "

"ဘာ"

ဒေါ်ရွှေအိမ် မျက်မှောင်ကြုတ်လျက် နောက်လက်တစ်ဖက်ပါ ခါးထောက်လေသည်။

"အမေပဲစဉ်းစားကြည့် သမီးကို အမေ့လက်ထဲအပ်ခဲ့တာ၊တစ်လ ခွဲပဲကြာတယ်။ ဒီတစ်လခွဲအချိန်အတွင်းမှာ၊ သမီး ရည်းစားထားခွင့်ရ သွားတာ၊ ဘာကြောင့်လဲ ဆိုတာ ရှင်းနေတာပဲ့. "



"ဩော်. ဟင်.. ဟင့် .. ဟင့်"

ဒေါ်ရွှေအိမ် ခပ်သဲ့သဲ့ရယ်၏။ ရယ်ပြီးလဲ သားမက် တစ်ကိုယ်လုံးကို မျက်စောင်းနဲ့ ရှေ့နောက် ပတ်ကြည့်လေသည်။

ဒေါ်ပန်းမာလာ့ အမေနဲ့ ခင်ပွန်းသည်ကြားမှာပျာယာခတ်ကာ မိခင် ခါးထောက်ထားတဲ့ လက်တစ်ဖက်ကို ဆွဲ၍

"အမေရယ် မာလာ တောင်းပန်ပါတယ် .. "

"ညည်း ဖယ်စမ်း .. ပန်းမာလာ.. "

ဒေါ်ရွှေအိမ် သမီးလက်ကို ခါပစ်၏။ ဒေါ်ပန်းမာလာ မိခင် ဒေါသကိုလည်း ရှံ့လှသည်။ ခင်ပွန်းသည်စိတ်ကိုဖျောင်းဖျပေးလို့လည်း မရဖြစ်ကာ ကြားမှာ ဗျာများလို့နေသည်။

"ဒီမှာ .. သန်းမြင့်ဇော်။ ငါက နင့်သမီးကို ချစ်လို့ အခွင့်အရေး ပေးတယ်ဆိုရင်တောင်၊ အဲဒီအခွင့်အရေးက ညည်းသမီး ရည်းစားထား၊ လင်နောက်လိုက်ပြေးစေဖို့မဟုတ်ဘူး "

"အခုလိုက်ပြေးတော့ ကျွန်တော်တို့ပဲ ရင်ကျိုးရတယ်မဟုတ်လား အမေ။ အမေ့မြေးအတွက် ကျွန်တော်တို့ ဘယ်လောက်မြင့်မြင့်မားမားစီစဉ် ထားသလဲဆိုတာ အမေအသိ။"

"ငါသိပေမယ့် ငါ့မြေးကို ငါက၊ ဟဲ့ ဟိုကောင်နဲ့လိုက်ပြေးတော့ လို့ အချက်ပြခဲ့တာ မဟုတ်ဘူးဆိုတာ၊ မင်းဘာလို့လက္ခံ နိုင်ရ တာလဲ"

"ဒါကတော့ဗျာ"

ဦးသန်းမြင့်ဇော် စကားစ ဖြတ်တောက်လိုက်ကာ ဆိုဖာပေါ် စိတ်ပျက်လက်ပျက်ထိုင်ချလေသည်။

ဒေါ်ပန်းမာလာကလည်း မိခင်ကို မပြောပါနဲ့လို့ မျက်နှာရိပ်

www.burmeseclassic.com

www.burmeseclassic.com



လေးနဲ့ တောင်းပန်ပြီး ခင်ပွန်းသည် အနားကပ်ထိုင်ရင်း အသံတိတ် ဖျောင်းဖျရှာသည်။

ဒေါ်ရွှေအိမ် သားမက်ကို မျက်နှာထားနဲ့ကြည့်ရင်း

"ပြောလေ ဒါကတော့ဘာဖြစ်လဲ သန်းမြင့်ဇော်ပြောလိုက်စမ်းပါ"

ဦးသန်းမြင့်ဇော် အောက်နှုတ်ခမ်းကို တစ်ချက်ဖိကိုက်၍

"ကိုတင့်မောင်နဲ့ဒေါ်နုရီကို ကျွန်တော် ဘယ်မျက်နှာနဲ့ရင်ဆိုင်ရမလဲ၊ ကျွန်တော့ရင်ထဲဝင်ပြီးတစ်ဆိတ်ခံစားကြည့်ပါဦး အမေရယ် .. "

အမေနဲ့ ခင်ပွန်းကြားမှာ ဒေါ်ပန်းမာလာ သက်မရှည်ကြီး ချလေသည်။ အမေ့စိတ်ကို နားလည်သလို ခင်ပွန်းသည်ရင်ထဲက ဆန္ဒကိုလည်း၊ စာနာမိပါသည်။

တကယ်တော့ ခင်ပွန်းသည်က သမီးဖော မှန်နေတာပါ။

"ဟုတ်တယ် အမေ။ ကိုကိုက သမီးအတွက် ဒိတ်ဒိတ်ကြဲ သားမက်လောင်း ရှာထားတာ၊ ဂုဏ်ရည် အဆင့်အတန်းချင်း ညီတယ်ဆိုတာထက် သားရှင်က မာလာတို့ထက်ပိုပြီး အခြေခိုင်တယ်။ အဆင့်မြင့်တယ်။ သားရှင်က လိုလိုလားလား တောင်းထားတဲ့ကိစ္စ ကိုကို ကလည်းကတိ တွေအပြန်ပြန်ပေးပြီး နှစ်ဦးနှစ်ဖက် အစီအစဉ်တွေ အပိုင်ခွဲပြီးကာမှ သမီးက ဒီလိုလုပ်သွားတာ။ ဟိုဘက်ကို မာလာတို့ ဘယ်လို မျက်နှာနဲ့ရင်ဆိုင်ရမလဲ အမေ။ ဒါတွေတွေးပြီး ကိုကိုပေါက်ကွဲ နေတာပါ့ "

ဒေါ်ပန်းမာလာ ရှင်းပြသလို ပြော၏။ ဒေါ်ရွှေအိမ် ကိုယ်ကို မတ်မတ်ရပ်၍ ..

"အေးလေ မင်းပေါက်ကွဲတာကို 'ငါ' အပြစ်မပြောဘူး။ တစ်ဆိတ်ရှိရင် ငါ့ကြောင့်ဆိုပြီး ခေါင်းစဉ်တပ်တာတော့ ငါမခံနိုင်ဆုံးပဲ မာလာ "



ဒေါ်ပန်းမာလာ သက်ပြင်းချသည်။ ဦးသန်းမြင့်ဇော် ခေါင်းရမ်းလျက် ဆံပင်တွေထဲ လက်ချောင်းတွေထည့်ပြီး ဖွပစ်၏။

ဒေါ်ရွှေအိမ်က သားမက်နဲ့သမီးရှေ့ကဆိုဖါပေါ်ဝင်ထိုင်ပြီး ဆက်ပြော၏။

"မင်းတို့လင်မယားသိထားဖို့က 'ငါ'ဟာ မြေးထိန်းတဲ့ဆီမှာအလိုလိုက်ပေမယ့် မင်းတို့မိဘတွေရဲ့ သဘောထားကို ဘယ်တုန်းကမှ လျစ်လျူမရှုခဲ့ဘူး။ ဒီကိစ္စ ဒီလိုဖြစ်သွားတာ 'ငါ' အင်မတန် အံ့သြရတယ် .. "

'ကဲပါ အမေရယ်။ ဖြစ်ပြီးသွားတဲ့ကိစ္စ မာလာတို့လည်း ဘာမှလုပ်လို့မရတော့ပါဘူး .. "

သားမက်ဘက်က နှုတ်လှန်ပြောခြင်းမရှိတော့ပါ။ ဒါကြောင့် ဒေါ်ရွှေအိမ် မာန်ပြင်းတာတစ်ရစ်လျှော့ချလေသည်။ ကြားထဲက သမီးဖြစ်သူကိုလည်း သနားလှသည်။

"မင်းဘာမှ လုပ်လို့မရတော့ဘူးဆိုမှတော့'ငါ့'ကိုလည်း လက်ညှိုးငေါက်ငေါက်ထိုးပြီးအပြစ်ဖို့စိတ်မကူးနဲ့တော့ သန်းမြင့်ဇော်။ အစကတည်းက မင်းတို့စီစဉ်ထားတဲ့ကြားထဲ ငါဝင်မပါခဲ့ဘူး။ အခုလည်း 'ငါ' ဝင်မပါဘူး။ မင်းတို့ ကြိုက်သလို စီစဉ် ခွဲပဲခွဲခွဲပေါ့ ဟယ်"

ပြောပြီး ဒေါ်ရွှေအိမ်ထရပ်လျှင် ..

"ခွဲတာတော့ ခွဲရမယ်။ မရ ရအောင်ခွဲမှာပဲ အမေ"

ဦးသန်းမြင့်ဇော် လက်သီး ကျစ်ကျစ်ပါအောင်ဆုတ်၍၊ အနိုင်အမာပြောလေသည်။

ဒေါ်ရွှေအိမ် သက်မချသည်။ ဒေါ်ပန်းမာလာက ခင်ပွန်းသည့် စကားနောက်မှာ ခေါင်းညိတ်ထောက်ခံလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တာပေါ့ကိုကို၊ သမီးဘဝတစ်သက်လုံး ဆင်းရဲစုတ်ချာနေမယ့် ငရဲတွင်းထဲမာလာလည်းပစ်ချထားဖို့ စိတ်ကူးမရှိဘူး။ သမီး မိုက်မဲတာကို လက်ပိုက်ကြည့်နေရင် သမီးဘဝပဲ လူလုံးမလှဖြစ်ရမယ်လေ"

ဒေါ်ရွှေအိမ် ခေါင်းမဆတ်နိုင်တော့ပါ။

မြေးဘဝ လူလုံးမလှဖြစ်မှာကို သူမလည်း မလိုလားပေ။

"ကိုကို အဲလို အဖြစ်မခံနိုင်ဘူး။ ဒါကြောင့်လည်း မရ ရအောင်ခွဲမယ်။ ပြီးရင် ကိုကိုတို့ မိသားစု နိုင်ငံခြားသွားမယ်၊ ဒါပဲပေါ့ "

ဦးသန်းမြင့်ဖော် ပြတ်ပြတ်သားသားပြောလေသည်။

ဒေါ်ရွှေအိမ် သားမက်ရဲ့ ပြတ်သားမှုကြားထဲ ဝင်မပါတော့ပါ။

"ဒါလည်း မင်းတို့ သဘောပါ မင်းတို့မိသားစု နိုင်ငံခြားထွက်သွားရင် ငါလည်း ငါရည်ရွယ်ထားတဲ့အတိုင်း ရိပ်သာဝင်ရုံပဲပေါ့ကွယ် "

ဒေါ်ရွှေအိမ် ဒါပဲပြောပြီး. အပေါ်ထပ်တက်သွားလေသည်။

သူတို့မိသားစုဒီလိုဖြစ်လာမယ်လို့ဘယ်တုန်းကမှ မထင်ထားခဲ့ပေ။ သမီးကို ကိုတင့်မောင်သားနဲ့ တခန်းတနားနေရာချထားပြီး သိုက်သိုက်ဝန်းဝန်းပျော်ပျော်ရွှင်ရွှင်နေသွားကြမယ်လို့စိတ်ကူးနဲ့ အားကြိုးမာန်တက်ရှိခဲ့သည်။

ခုတော့လည်း ယောက္ခမလုပ်သူလဲ့. စိတ်မချမ်းသာ။

သူတို့လင်မယားလဲ .. စိတ်ဒုက္ခရာနဲ့၊

ခေတ်သမီး

"မီး"လိုပဲ မိဘရင်ခွင်ကို ပူလောင်စေသတဲ့လား။

မိဘရင်ကိုပူလောင်စေသလို သမီးရင်လည်းပူလောင်စေရ မယ်လေ။

♛♛♛♛♛♛

## အခန်း(၂၁)

"မောင်"

"ဘာလဲ မီး "

ခေတ်သမီး မျက်နှာလေးဟာ၊ ကလေးငယ်တစ်ဦးလို စိုးထိတ်ကြောက်ရွံ့လျက်၊ သူ့ပခုံးပေါ် ခေါင်းလေး မှေးတင်၍ပြောသည်။

"မီးလေ ဖေဖေနဲ့ ရင်ဆိုင် မရဲဘူး ကြောက်တယ်"

အဓိက သက်မချပြီး 'မီး'ပခုံးစွန်းကို ပွေ့ဖက်ထားလေသည်။

"မီး ကြောက်နေလို့သာ. မောင်တို့ ပုန်းနေမိတာ မောင့်စိတ်မောင့်သဘောဆို ပေါ်တင်ပဲ နေချင်တယ် "

"ဘာဖြစ်လို့လဲ ... ဟင်"

"ချစ်လို့ နိုးပြေးတာပဲ၊ ဘာကြောက်စရာရှိလဲ "

www.burmeseclassic.com

www.burmeseclassic.com



"မောင်က .. ဖေဖေ့စိတ်ကို မသိလို့ပါနော် "

"နေပါဦး။ 'မီး'ကဘာကို စိုးရိမ်နေတာလဲ"

မောင့်ပခုံးထက်မှ မီး ခေါင်းလေး ပြန်ကြွလေသည်။ ဖေဖေနဲ့ ဖက်ပြိုင် ရင်ဆိုင်ချင်စိတ်နဲ့ တင်းမာသယောင်ဖြစ်နေတဲ့ မောင့်မျက်နှာကို၊ 'မီး'ငေးစိုက်ကြည့်ရင်း

"စိုးရိမ်တာက၊ အစစ အရာရာပဲပေါ့ မောင်ရဲ့။ မီးနဲ့ မောင့်ကိုခွဲမှာရော၊ မောင့်ကို ပြဿနာရှာမှာကိုရောပေါ့ .. "

"ဒါပဲလား မောင်နဲ့နေရင် မပြည့်မစုံဖြစ်နေမှာကော၊ ရောပြီး စိုးရိမ်နေတာမဟုတ်လား .. မီး"

"ကျွတ် .. မောင် .. ဒီလိုစကားမျိုးမပြောပါနဲ့"

မီး .. တကယ်ဝမ်းနည်းကာ မျက်ရည်ကျလာသည်။ မောင့် ဘေးနားခိုတွယ်ကပ်ငြိနေသလိုထိုင်နေမိတဲ့ မီး ကိုယ်ကိုလည်း၊ တစ်ဖက် ဆိုဖါစွန်းအရောက် ရွှေ့ထိုင်မိလေသည်။

"မီး .. ကပြည့်စုံတာ၊ မပြည့်စုံတာထက် မောင့်ကိုချစ်တာပဲ သိတယ်၊ မခွဲနိုင်တာပဲ ခံစားမိတယ်၊ တကယ်။ ဒါကြောင့် မောင့်ရင်ခွင်ထဲ ခြေစုံပစ်ဝင်ခဲ့တာပါ။ မောင့် ဘဝထဲဝင်ပြီးရင် 'မောင်' ထားသလို 'မီး' နေနိုင်ပါတယ်၊ နေတတ်အောင်လည်း'မီး'ကြိုးစားမှာပါ၊ ဒါပေမဲ့ ဖေဖေ မကျေနပ်လို့ တကယ်ခွဲပစ်ပြီး၊ 'မီး'ကို ဖေဖေတို့ စီစဉ်ချင်တဲ့အတိုင်း ၊ စီမံလာမှာကို တွေးရင်း၊ 'မီး' တကယ်ကြောက်တယ်၊ တကယ် လည်း စိုးရိမ်လို့ပါ မောင်ရယ် .. "

"ဒါကြောင့် 'မီး' ကို ' မောင် 'အားမရတာ .. "

မောင်က စိတ်ပျက်သံနဲ့ပြောရင်း 'မီး'ရှေ့က ဆိုဖာမှာ ပြောင်း



ထိုင်သည်။ ဝမ်းနည်းသလိုစိုးရိမ်ပူပန်မှုကြောင့် မျက်ရည်ဖြာကျနေတဲ့ 'မီး' မျက်နှာလေးကို လက်ဖဝါးနှစ်ဖက်ဖြင့်ဆုပ်ကိုင်၍တည့်တည့်စိုက်ကြည့်လျက်

"ဒီမှာ .. မီး။ 'မီး'ကိုမောင် တစ်ခုပြောမယ်။ 'မီး'က နှပ်ချေး မစင်သေးတဲ့ ကလေးမဟုတ်ဘူး။ အသက်မပြည့်သေးတဲ့ အပျိုပေါက်လေး လဲ မဟုတ်ဘူး။'မီး'အသက်ဆယ့်ရှစ်နှစ်ပြည့်ပြီးပြီ။ 'မီး'သိတာပဲ။ 'မီး' ကိုယ်မီးသိလို့၊ မီး ဖေဖေတို့ အစီအမံကို နားမထောင်ချင်ဘူး။ မနာခံချင်ဘူး။ 'မီး' ဆုံးဖြတ်ချက်နဲ့ 'မီး' ပြတ်ပြတ်သားသား ခံစားပြီး မိဘအရိပ်အောက် က ပြေးထွက်လာခဲ့ပြီး 'မောင့်'ရင်ထဲဝင်ခဲ့တာပဲ။ခုမှ 'မီး' က ဟိုတွေး ဒီတွေးတွေးပြီး၊ ကြောက်ဒူးတုန်နေရင်ရှေ့ဆက် မောင်တို့ ဘယ်လိုရင်ဆိုင် ဖြေရှင်းမလဲ။

"မီး အဲဒါတွေ မသိဘူး မောင်"

"မီး"

အဓိက ယောင်ယောင်ရမ်းရမ်းနဲ့ 'မီး'မျက်နှာကို ဆုပ်ကိုင်ထားမိ တဲ့ လက်ချောင်း တွေကို ဖယ်ခွာလိုက်မိသည်။

အသံကျယ်ကျယ်နဲ့လည်း ခေါ်မိ၏။

'မီး' မျက်ရည်တွေသုတ်ရင်း..

"မောင့်ကို ချစ်တာနဲ့ ဖေဖေနဲ့ရင်မဆိုင်ရဲတာပဲသိတယ်။ တခြားဘာမှ မသိဘူး ဟင့်. ဟင့်. ဟင့်.. "

အဓိက ပင့်သက်ချကာ ကြောကိုဆိုဖါနောက် ကပ်၍၊ ကိုယ် ကို မှီချလိုက်သည်။

လက်နှစ်ဘက်ကလည်း ဆိုဖါလက်တန်းကိုကိုင်ကာ တင်းအောင် ဖိဆုပ်ကိုင်၏။ ရှိုက်သံလေးပါ ရောကပ်ပါလာတဲ့အထိ ငိုနေရှာတဲ့ 'မီး'

www.burmeseclassic.com

www.burmeseclassic.com



ကို မမှိတ်မသုန် ငေးကြည့်ရင်း အမိကရင်မှာမွန်းကြပ်လို့နေလေသည်။

အမိက ဆန္ဒက ရဲရဲချည်း ရင်ဆိုင်ဖို့

ခေတ်သမီး ဆန္ဒက ပုန်းခိုနေရင်း ရှောင်ဖယ်နေစေဖို့ဖြစ်ကာ။ နှစ်ဦးသား ညှိလို့ကို မရတဲ့ မျက်ရည်ဓာတ်လမ်းကို စတင်လို့နေသည်။

အတန်ကြာလျှင်

"မီး"

အမိက အသံကိုအတတ်နိုင်ဆုံးလျှော့ချ၍ခေါ်လျက် 'မီး' ဘေးမှာပြန်ဝင်ထိုင်လေသည်။ 'မီး' ပခုံးကို ဖက်၍ချော့မော့ဖို့စတင်တဲ့အခါ.

'မီး'ကချက်ချင်းပဲ အမိက လက်ကိုသတ်ချသည်။ တစ်ဆက်တည်း ဆတ်ခနဲထရပ်ကာ.

"မီး.. ကို ရင်ဆိုင်ပစ်ဖို့ မစည်းရုံးပါနဲ့. မောင်ရယ်။ ဒီအချိန်မှာ မီး ဘယ်သူနဲ့မှ ရင်မဆိုင်ချင်ဘူး။ ရှက်လဲ ရှက်တယ် ဖေဖေ့စိတ်ကိုလည်း ကြောက်တယ်၊ မေမေစိတ်ကိုလည်း စိုးရိမ်တယ်။ ဒါကြောင့် 'မီး'ရှောင်ပုန်းနေချင်တာပဲသိတယ်။ မောင်က မောင့်စိတ်နဲ့မောင့်မာနကို ရှေ့တန်းတင်ပြီး ရင်ဆိုင်မယ်ဆိုရင်၊ 'မီး'မောင့်ရင်ခွင်ထဲမှာလဲ မနေ တော့ဘူး။ 'မီး' တစ်ယောက်တည်း လွတ်ရာ ကျွတ်ရာသွားနေတော့မယ်"

"မီး .. ရယ်"

သူပြောနေတာက တခြား။ 'မီး' မြင်နေတာကတမျိုး။

ချစ်လို့ နီးပြေးလာကြပြီးကာမှ၊ သဘောထား ညှိမရသေးတဲ့အခြေအနေ။ နောက်ဆုံး 'အမိက' ပဲလက်လျှော့ရမလိုဖြစ်ကာ'မီး' လက်တစ်ဖက်ကို ဆွဲယူသည်။

'မီး'က တစ်ကိုယ်လုံး ကိုတောင့်ထားကာ ဆိုဖါပေါ် ပြန်မထိုင်



'အမိက'ပဲ'မီး'ခါးကိုသိမ်းဖက်ကာ 'မီး' ကိုယ်ကို ဆိုဖါပေါ် ထိုင်ချပေးဖို့ ကြိုးစားရကာ၊

"မီး သဘောကျွာ ကျေနပ်ပါတော့"

လက်လျှော့လိုက်မှ မီးကိုယ်လုံးလေး ပျော့ပျောင်း လာပါသည်။

ရင်ခွင်ထဲ ပြန်ရောက်လာတဲ့ မီး ကို သိုင်းဖက်ထားရင်း ပါးလေးအပ်ကာ၊ မီး ဆန္ဒအတိုင်းပါပဲလို့ အနမ်းကတိတွေပေးလျှင်။

♛♛♛♛♛

"တီ တီ တီ"

လက်ကိုင်ဖုန်းမြည်သံကြောင့်အမိက လက်တွေပြေကျသွားသလို 'မီး'ကလည်း မောင့်ရင်ခွင်မှ ခွာသည်။

စားပွဲတင် ပန်းအိုးနားမှာ ရှိနေသော လက်ကိုင်ဖုန်းကို မောင်ကောက်ကိုင်ပြီး

"ဟဲလို" ဟု

ဖုန်းထူးချိန်၊ "မီး"ပါးပေါ်က လက်ကျန်မျက်ရည်တွေ ပွတ်သုတ်နေလေသည်။

"ပြော အင်ကြင်းနီလား၊ ပြောလေ။"

"ဟင် .. နီနီ .. "

သူငယ်ချင်းနာမည်ကြားသည်နှင့်'မီး'ဆတ်ခနဲ ခေါင်းထောင်သွားသည်၊မောင်ခေါင်းညိတ်လျှင်၊ချက်ချင်းပဲ မောင့်လက်ထဲကဖုန်းကိုဆွဲယူသည်။

မောင်ကလည်း ဖုန်းပေးကာ 'မီး'အပါးမှာထိုင်ချ၏။ လက်ကိုင်ဖုန်းကို 'မီး'နားမှာကပ်ပြီး အလောတကြီးမေးသည်။

"နီနီ လား ဟင်။ ခုမှ ဖုန်းဆက်ဖော်ရတယ်နော်။ 'မီး' က

www.burmeseclassic.com

www.burmeseclassic.com



'နီ'တို့ လာလည်နိုးနိုးနဲ့ ဘယ်တော့များ လာလည်ကြမလဲ လို့ မျှော်နေတာ ကြာပြီ။ ပြောစရာတွေလည်း အများကြီးရှိတယ်၊ သိလား။"

'မီး'ဝမ်းသာ ဝမ်းနည်းစိတ်နဲ့၊ တရစပ်ပြောလေသည်။ ခုချိန်မှာ 'မီး'က သူငယ်ချင်းတွေကို ရင်ဖွင့် တိုင်ပင်စရာတွေ ရှိနေတယ် မဟုတ်လား . . ။

"အင်း။ နီတို့လည်း။ 'မီး'ဆီလာချင်နေတာ၊ ခြေကိုယားနေတာပဲ၊ ဒါပေမဲ့ မလွယ်ဘူး 'ဘ။"

"ဘာဖြစ်လို့ မလွယ်ရမှာလဲ၊ 'နီ'ရယ်၊ 'မီး'တို့ ပုန်းနေတဲ့ နေရာကို၊ မိုးသား သိသားပဲ၊ မေးပြီးလာခဲ့ပေါ့ . "

"ဟဲ့ . . . . သိတော့ သိတာပေါ့၊ ဒါပေမဲ့ 'မီး' ဆီ 'နီ' တို့ ဝင်ထွက်နေရင် ဖေဖေသိသွားမယ်လေ"

"ဘယ်လို"

"ဘယ်လိုရမလဲ 'နီ' တို့နောက်ကို၊ 'မီး' ဖေဖေက၊ စပိုင် တွေလွှတ်ထားတာ အေ့။"

"ဟင်"

"ဒါကြောင့် 'နီ' တို့ ခြေငြိမ်နေတာ 'ခေတ်သမီး' ရဲ့၊ နောက်ဆို 'မီး' အားငယ်နေမှာ သိနေတယ်လေ။ ပြေးလာခဲ့မှာပေါ့ဟယ် . . "

'မီး' သက်မ လေးလေးချကာ၊ မောင့်ကို တစ်ချက်ကြည့်သည်။ မောင်က ကြိုသိနေဟန်တူသည်။ ခေါင်းတစ်ချက်ဆတ်ကာ အသံတိတ် ထောက်ခံလေသည်။

'မီး'ရင်မှာနဂိုထက်ပို၍ကြောက်စိတ်လေးများဝင်လာကာ .

လက်တစ်ဖက်နဲ့ မောင့်လက်မောင်းကို ဆုပ်ကိုင်ထားရင်း 'နီ'



နဲ့ စကားဆက်ပြောလေသည်။

"ဒါ့ . ဒါ့ . နဲ့ ခုကော ဖေဖေ တို့အခြေအနေဘယ်လိုရှိလဲ"

"ပြောရရင် အခြေအနေမကောင်းဘူး"

"ဘယ် . . . . ဘယ်လို"

"ဟုတ်တယ်။ ကိုနီ မေမေကလည်း 'မီး' ဖေဖေလိုပဲ မာနခပ်ကြီးကြီး။ ခပ်တင်းတင်းရယ်လေ။ ခုချိန်မှာ အတင်းမာဆုံးဖြစ်နေတယ်'မီး'ရဲ့"

"ဟင် . . ဒါဆို မီးတို့ ဘယ်လိုလုပ်ရမလဲ . နီနီရယ်"

"အကောင်းဆုံးက မီး တို့ အခု ပုန်းနေတဲ့နေရာကနေ၊ တစ်ခြား တစ်နေရာရွှေ့နေဖို့လိုတယ် "

"ဘယ်လို "

"မီး တို့ အမြန်ရွှေ့နေ့ . ဒါပဲ 'မီး' ဒါပဲ "

အင်ကြင်းနီကပြောပြီး ဦးစွာ ဖုန်းချသွားလေသည်၊ 'မီး'ကြောက်လွန်းလို့ ကိုယ်များပင် တုန်ချင်လာသည်။

ဖုန်းကို တင်းနေအောင် ဆုပ်ကိုင်ထားလျက် မောင့်ကို အားကိုးတကြီး မော့ကြည့်ရင်း ခေါ်သည်။

"မောင် "

"ပြောလေ မီး"

"မီး။ မီး . . တို့ ဒီနေရာကနေထပ်ပြီးရွှေ့ ရွှေ့နေကြရအောင်လားဟင်၊ နီနီ ပြောတာ ရွှေ့နေတဲ့။ ဖေဖေနဲ့ မောင့် မေမေက ထပ်တူပဲ တင်းမာနေကြတာတဲ့လေ "

"မီး ရယ်"

တုန်ယင်နေတဲ့မီးလက်ဖဝါးနှစ်ဖက်ကို ဆုပ်ကိုင်ရင်း'မီး'ကိုယ်လုံး

www.burmeseclassic.com

www.burmeseclassic.com



လေးကိုလည်း၊ ကြောက်ရွံ့စိတ်ပြယ်အောင် အဓိက ရင်ခွင်ထဲပွေ့ပိုက်ထား၏။

မီးခေါင်းကိုတယုတယ ပွတ်သပ်ချော့မြူလျက်လည်း ဆိုသည်။

"မီး .. ကြောက်စိတ်တွေ သိပ်များနေတာပဲကွာ"

"များတာပေါ့ မောင်ရဲ့ "

'မီး' ပြောသံလေးက ငိုသံလေးဝဲလို့နေသည်။ မိဘကို ချစ်တာထက် ကြောက်လွန်းနေတဲ့ 'မီး'အပေါ် 'အဓိက' မငြိုငြင်ရက်ပါ။

အဓိက ရင်ဆိုင်ဖို့ ဖျောင်းဖျသော်လည်း 'မီး'ကလက္ခခံ၊ ခုတစ်ခါ နောက်တစ်နေရာ ပြောင်းရွှေ့ဖို့ပြောလာပြန်သည်။

"နော် မောင်။ 'မီး'တို့တစ်ခြားရှောင်နေစို့လား။ နီနီပြောတဲ့အတိုင်း ရှောင်မနေဘဲ တည့်တည့်တိုးလာရင်၊ 'မီး'ကြောက်လို့ သေသွားနိုင်တယ်... မောင်ရယ် နော် .. နော် .. "

မီး စိတ်ကျေနပ်အောင် အဓိက ခေါင်းတစ်ချက်ဆတ်လေပြီ။

"မီး ရယ်။ ဒီလောက်ကြောက်နေတယ်ဆိုလဲ ရှောင်တာပေါ့မီးရယ်။ ဒါပေမဲ့ ခဏလေးစောင့်ဦး "

"အချိန်ဆွဲဦးမလို့လား မောင်ရယ်"

"မဆွဲပါဘူး အခြေအနေသိရအောင် မိုးသားဆီ ဖုန်းဆက်ကြည့်ရအောင် ခဏလေးစောင့်"

"ဆက်မယ်ဆိုလဲ . မြန်မြန်ဆက်ပါ မောင်ရယ် "

ခေတ်သမီးက ဒါပဲပြောလေသည်။

အစိုးရိမ်ပိုကာ အကြောက်လွန်နေရှာတဲ့'မီး'အလိုအတိုင်းပါပဲ။ မီးလက်ထဲက ဖုန်းကိုဆွဲယူပြီး အဓိက ချက်ချင်းပဲ မိုးသား ဖုန်းနံပါတ်ကိုနှိပ်၏။



'မီး'ကမောင့်ကိုပဲဖက်တွယ်ကာ အားကိုးတကြီးမော့ကြည့်နေသည်။

မိုးသား ဖုန်းနံပါတ်က ခေါ်ဆိုလို့ မရနိုင်ပါတဲ့။

ကျွတ် .. အရေးထဲ ခေါ်ဆို၍မရနိုင်ပါဖြစ်ရတယ်လို့။

စာချွန်ဆီ ခေါ်ပြန်သည်။ စာချွန် ဖုန်းက ဧရိယာပြင်ပတဲ့ ။

"ကျွတ်"

အဓိက ကျွတ်ခနဲ စုတ်သတ်ပြီး

"ခဏ စောင့်ရအောင် နော် 'မီး'။ မိုးသားတို့နဲ့ ဖုန်း ဆက်သွယ်လို့ ရတာနဲ့ မောင်တို့ ဒီက ရှောင်တာပေါ့"

'မီး'ခေါင်းမညိတ်ချင်ဘဲ ညိတ်လိုက်ရသည်။

'မီး' သဘောဆို ခုချက်ချင်းပဲပြေးရှောင်ချင်ရဲ့။

'မောင်'က ခဏစောင့်ဆိုလို့သာ။

ထိုခဏ ဆိုတဲ့အချိန်က မျှော်လင့်ထားတဲ့ အခြေအနေကောင်းတစ်ခုကို ဆန့်ကျင်ဘက်ပြောင်းလဲသွားစေနိုင်တယ်ဆိုတာ ...

ခုချိန်မှာ. သူတို့ချစ်သူနှစ်ဦး ရိပ်မိသိရှိနိုင်ခြင်းမရှိသေးပါ။

'အဓိက' 'မီး' ဆံပင်လေးနမ်းလိုက်၊ ပါးချင်းကပ်လိုက်၊ ထွေးပွေ့ထားလိုက်နှင့် 'မီး'ရင်ထဲက ကြောက်စိတ်ပျက်သွားစေဖို့ တတ်နိုင်သမျှနှစ်သိမ့်ကြင်နာလျက်ရှိနေ၏။

တစ်ဆက်တည်း မိုးသားနဲ့ စာချွန် ဖုန်းနံပါတ်တွေဆက်တိုက်နှိပ်နေသည်။ လက်ကိုင်ဖုန်းတို့ကလည်း တစ်ခါတစ်ခါ ဝင်ခဲနေတာခက်လှသည်။

ထိုစဉ် ....

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၂)

"ဒေါက်. ဒေါက်"

"အမိက"

တံခါးခေါက်သံနှင့်အတူ ကြားလိုက်ရတဲ့ ခေါ်သံ၊ ကျယ်ကျယ်သြသြရှိလှသော စာချွန်အသံ ။

စာချွန်အသံကြောင့် အမိက မျက်နှာဝင်းခနဲဖြစ်သွားသည်။ ဖုန်းခေါ်နေတာ ခေါ်လို့မရလို့ ခက်နေချိန်၊ လူကိုယ်တိုင် ချက်ချင်းရောက်လာပါလားဆိုတဲ့ အသိနဲ့ တကယ်ပဲ ပျော်သွားသည်။

'မိုး' လည်းအားတက်ကာ၊ မောင့်ရင်ခွင်ထဲမှ အလိုက်သင့်ခွာသည်။ မောင်က ခေါ်လို့ မရတဲ့ လက်ကိုင်ဖုန်းကိုစားပွဲပေါ် တင်ပြီး တံခါးဆီ လျှောက်သွား၏။



ကျိုခနဲ ခွဲဖွင့်လိုက်တဲ့ ကျွန်းတံခါးကြီး မြည်သံနောက်မှာ ဘွားခနဲ မြင်ရတာက မိုးသားနဲ့ စာချွန်. ။

ပြီးတော့ ဖေဖေ နဲ့ မေမေ ... ။

"ဟင်"

အမိက မျက်လုံး မျက်ဆန်ပြူးသွားကာ နားမလည်နိုင်အောင် ဖြစ်သွားရင်း၊ ခေတ္တအသက်မဲ့သွား၏။

"သား"

ဒေါ်မိမိဦး ဝမ်းသာ ဝမ်းနည်းခံစားရလျက်ခေါ်သည်။

"အမေ"

"အမေ့သားကို သူတို့ မတူမတန်ပြောတာ မေမေလုံးဝသည်းမခံချင်ဘူး သားရယ် "

ပြောရင်း သူ့ကို ဝင်ဖက်လေသည်။ 'အမေ့' စိတ်ကို အမိက နားလည်ပါသည်။ 'မိုး' ရှေ့တင် ဒီလိုတွေ ပြောတော့ 'မိုး'မျက်နှာလေး လဲပျက်ကျကာ၊ မျက်ရည်ဝဲပြီး.. မောင့်နောက်မှာကွယ်ရပ်လေသည်။

"အမေရယ် သားတို့ကို နားလည်ပေးပါ ။ 'မိုး' ဖြူစင်ပါတယ် သားကို ချစ်လို့မခွဲနိုင်တာကလွဲပြီး တစ်ခြားဘာစိတ်ကူးမှ မရှိပါဘူး။"

ဒီတော့မှ ဒေါ်မိမိဦး.. သားနောက်ကမိန်းကလေးကို ကြည့်မိသွားသည်။

ကလေးမလေးက တကယ့် ဝီဘီ ကလေးလေးလို၊ ချစ်စရာကောင်းကာ ဖြူစင်၍ နုနယ်လှသည်။

မျက်နှာလေးငယ်ကာ ကြောက်စိတ်နဲ့ နုတ်ခမ်းသားလေး တုန်နေသည်။ သူမရင်မှာ အသနားပိုစေသည်။

www.burmeseclassic.com

www.burmeseclassic.com



မေမေနဲ့ မိုးသား၊ စာချွန်တို့က ပြေလည်စေချင်တဲ့ စိတ်နဲ့ ငြိမ်သက်စွာ စောင့်ကြည့်နေဆဲ

"သမီး ရယ်"

ဒေါ်မိမိဦး ရင်ထဲမှ၊ တင်းမာမှုတွေက 'ခေတ်သမီး' မျက်နှာလေးကို၊ မြင်လျှင် မြင်ချင်း ပြေလျော့သွားကာ သမီးလို ချစ်စိတ် တကယ်ပေါ်လာသည်။

'သမီးရယ်'လို့ တိုးတိုး ရွတ်ရင်း 'မီး'လက်ဖဝါး နုနုလေးကိုဆွဲယူပြီး ....

"သမီးကို အန်တီ မမြင်ဖူးပေမယ့် မမုန်းပါဘူး သားက ချစ်တယ်ဆိုရင် အန်တီလည်း ချစ်ပါတယ်ကွယ် "

"ဟင့် ဟင့် "

မီးရင်မှာ ဘယ်လိုဖြစ်သွားမှန်းမသိပါ၊ 'ဟင့်ခနဲ'ငိုမိသွားသည်။ ဝေခွဲမရဖြစ်စွာ။

"ကဲ သား၊ မေမေတို့နဲ့ ပြန်လိုက်ခဲ့ ပုန်းနေလို့လည်း မထူးဘူး၊ ဟိုဘက်က တင်းမာနေတဲ့အချိန် မေမေတို့နား သားတို့ရှိနေမှ၊ တစ်ခုခုကို ဖေဖေတို့ ရင်ဆိုင်ဖြေရှင်းပေးနိုင်မယ်"

ဦးစိုးကြိုင် ဒါပဲပြောပြီး ဧည့်ခန်းအပြင် ထွက်သွားမလို ပြင်လျှင်

"ဟုတ်တယ် သားနဲ့သမီးကို အန်တီ မခွဲဘူး ပြန်လိုက်ခဲ့"

ဒေါ်မိမိဦးကလည်း ဒါပဲပြောသည်။ မီးနဲ့ မောင် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီးခေါင်းညိတ်သည်။

ထိုစဉ် ....

ကားရပ်သံတွေ ရှေ့ဆင့် နောက်ဆင့် ကြားရသည်။ ကြည့်လိုက်



တော့ ကားပေါ်က ဦးဆောင်ဆင်းလာတဲ့ ဦးသန်းမြင့်ဇော်နဲ့ ဒေါ်ပန်းမာလာ၊

တပည့် တပန်းတွေလည်း အများကြီးနဲ့။

၎င်းတို့ကို မျက်ခြေမပြတ်စောင့်ကြည့်ပြီး နောက်ယောင်ခံ လိုက်ခဲ့ကြခြင်းဖြစ်သည်။

ခုတော့ မိပြီးလေ။

ဦးသန်းမြင့်ဇော် မာန်မာနထောင်ထကာ မျက်လုံးက သမီးဖြစ်သူကိုပဲ ရှာနေသည်။

တွေ့ပြီ။

ဖေဖေ့ လက်က ပြေး မထွက်နိုင်ပါဘူးကွာ။

"ခေတ်သမီး"

ခေါ်သံနောက်မှာ လှာခနဲ လှမ်းလာတဲ့ ဖေဖေ။

"ဖေ ဖေ"

ခေတ်သမီး အသက်ရှူရပ်မတတ်ထိပ်လန့်သွားကာ တစ်ကိုယ်လုံးလည်း တုန်လေပြီ။

"လာခဲ့စမ်း ... သမီး"

ပြောရင်း လက်ဆန့်ကာ ဆွဲယူလျှင် မေမေကလည်း ခေါ်ရင်း အတင်းဝင်ဖက်သည်။

"ဟင့်အင်း ... "

ခေတ်သမီး ခေါင်းခါပြင်း သလို၊ ဟင့် ခနဲ ငိုချပြီး ကြောက်အား လန့်အား နောက်လှည့် ပြေး၏။

"မီး "

လျှပ်တပြက် အဖြစ်မို့ အားလုံး မှင်တက်နေရာမှ အသိဝင်လာ

www.burmeseclassic.com

www.burmeseclassic.com



သည်။ အဓိက 'မီး' လက်ကိုလှမ်းဆွဲပေမယ့် မမှီ ...

"မီး မပြေးနဲ့ အမိုက်မ။ မိဘကို အရှက်ခွဲတဲ့သမီးမိုက်။ ဖေဖေ့လက်ကပြေးမလွတ်စေရဘူး။ ဟော့ကောင်တွေ မီးနောက် လိုက်စမ်း"

ဦးသန်းမြင့်ဖော်အမိန့်ပေးသံနောက်မှာ ခြေသံတွေညံစီ သွားသည်။

"မီး မပြေးနဲ့"

အဓိက ဘာကိုမှ မမှုတော့ပါ။ ရင်ဆိုင်ပစ်ဖို့ သတ္တိတွေရှိကာ မီးကို တားဖို့။ မီးနောက်လည်းအမှီလိုက်ဖို့။

"မီး မပြေးနဲ့ နော်"

ဒေါ်ပန်းမာလာကလည်း "သမီး မပြေးနဲ့နော်"တဲ့

ဦးသန်းမြင့်ဖော်က နောက်ကလိုက်သည်။

ခေတ်သမီး ကြောက်အား ပိုနေတာပဲသိသည်။ ဖေဖေနဲ့မေမေရဲ့ ဒေါသတွေနဲ့ ရင်မဆိုင်ရဲသလို ၊ ဖေဖေ့လက်ထဲ အပါမခံရဲ .. ။

တိုက်ပုလေးရဲ့နောက်ဖက်တံခါးကနေ ကြောက်အား လန့်အားပြေး၏။ ညဦးချိန်မို့ တိုက်နောက်ဘက်က မှောင်ရီရီဖြစ်လို့နေသည်။

ကြောက်လန့်စိတ်ကြောင့်လည်း မီး မျက်လုံးတွေ မှောင်တူးကာ။

"မီး မီး .. နေဦး .. 'မီး'မပြေးနဲ့"

အဓိက တားသံနှင့်အတူ မိုးသားတို့အသံတွေပါညံစီသွား သည်က ထိတ်လန့်တကြား။ တိုက်နောက်ဘက်မှာတွင်းပျက်ကြီးရှိတယ်လေ။ ဘာကိုမှသတိမထားဘဲ လွတ်ဖို့ပဲ စိတ်ကူးကာ ခွတ်ပြေးနေတဲ့'ခေတ်သမီး'။

"မပြေးနဲ့ ဟိုဘက်ကို မပြေးနဲ့ "

"မီး။ အဲဒီမှာ တွင်း။ တွင်းပျက်ကြီးရှိတယ်။ မပြေးနဲ့"



အဓိက သတိရကာ စိုးရိမ်တကြီးတားသံ မဆုံးလိုက်ပါ။

"ဝုန်း"

ဆိုတဲ့'မီး'ကိုယ်လုံးပစ်ကျသံနောက်မှာ ..

မီးရဲ့ အော်သံနက်ကြီးပဲ့တင်သံထင်သွားလေသည်။

"အား"

အားလုံးရဲ့ မျက်လုံးတွေပြူးကာ. အရောင်အသွေးမဲ့လေပြီ။

"သ ... သမီး"

" မီး "

ဒေါ်ပန်းမာလာ၊ ဦးသန်းမြင့်ဖော်၊ အဓိက. တို့ရဲ့ တုန်ခါအက်ကွဲသံတွေ၊ ပြိုကျ ခုန်ထွက်ကာ။ အားလုံးသောထိတ်လန့် အော်ဟစ်သံတွေ ညံစီသွားလေပြီ။

'ခေတ်သမီး'

အခြေအနေက ထင်သလို မဖြစ်လာ။

လွဲချော်တတ်တဲ့ သဘောတရားနောက်မှာ တက်တက်စင်လွဲကာ ဆိုးဝါးခြင်းတို့ မင်းမူလျက်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၃)

"ဘုရားရေ .. "

ဒေါ်ရွှေအိမ် အသက်မဲ့သွားသလို တောင့်တောင့်ချည်းဖြစ်ကာ။ နားနား ကပ်ထားတဲ့ တယ်လီဖုန်းခွက်က လက်ထဲက လွတ်ကျသွားသည်က တွယ်ရာမဲ့။

" မီး ... လေး "

ရင်ခေါင်းထဲမှ ခုန်ထွက်ကာ

ကိုယ်ကလည်း ဆိုဖါပေါ်တွင် အရုပ်ကြိုးပြတ်သလို ဝုန်းခနဲ ဆို ထိုင်လျက်သား ကျလေသည်။

ရင်ဘတ်ကိုလည်း လက်နဲ့ဖိကာ ခေါင်းရမ်းလျက် ထိနိုက် ကြေကွဲစေသော မျက်ရည်တို့ကျလေပြီ။



"အဖြစ်ဆိုးလှပါလား့ မြေးရယ်"

ဒေါ်ရွှေအိမ် ရင်ကွဲမတတ်ရေရွတ်ရင်း 'မြေး'အတွက် ဆုတောင်း ပေးရုံနဲ့ အားမရနိုင်တော့ပါ။

သူမ တစ်ယောက်တည်းသာ ဘာလုပ်လို့ လုပ်ရမှန်း မသိနဲ့၊ မျက်ရည်သသောသောကျနေလို့ နေသည်။

မျက်ရည်တွေသုတ်ရင်း ခြေလှမ်းက အလိုလိုနေရင်း အရေးပေါ် တင်ထားတဲ့ ဆေးရုံဆီ ဦးတည်လျက်သား ဖြစ်လေသည်။

ပိုးစိုးပက်စက်မဖြစ်ပါစေနဲ့လို့ တောင်းတဲ့ဆုက မျှော်လင့်ချက်နဲ့ ဝေးနေမှန်း့ ဆေးရုံအရောက်မှာ ဒေါ်ရွှေအိမ်ကောင်းစွာသိလေသည်။

'မီး'တစ်ကိုယ်လုံး ပတ်တီးတွေ ဖွေးဖွေးဖြူကာ

အောက်စီဂျင်ပေးထားလို့ အသက်ရှူ နေပေမယ့် 'မီး'က သတိလည်လာခြင်းမရှိသေးပါ။

ခေါင်းမှာ ဆယ်ချက် ချုပ်ရကာ ခြေနှစ်ဘက်လုံးတွင်ကွင် ကျိုး လေသည်။ တစ်ကိုယ်လုံးလည်း ပွန်းပဲ့ရာတွေမှာ ပတ်တီးတို့နေရာယူကာ။ ကျတဲ့ အရှိန်က ပိုပြင်းသည်မို့ တွင်းပျက်ထဲက ပြန်ဆယ် ယူကတည်းက သတိမလည်လာတာ ခုချိန်ထိ ဖြစ်သည်။

ပတ်တီးလွတ်ရာ မီးရဲ့ ပါးနှစ်ဖက်နဲ့ မေးဖျားတွေမှာလည်း ညိုပုတ်ကာ နှုတ်ခမ်းက ပြာနှမ်းလို့နေသည်။

ဆေးနဲ့ သွေးလည်း အဆက်မပြတ်သွင်းထားရသည်။

အခြေအနေက အဆိုးရွားဆုံးဖြစ်ဖို့သာများနေမှန်း သိသာကာ အားလုံးသောမျက်နှာပေါ် သွေးမရှိ မည်းမှောင်လို့နေပါသည်။

"မီး လေး"

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းရွှေအိမ် ရင်ကွဲလုမတတ်ခေါင်းရင်း လှူနာကုတင်နား ရွှေ့တိုး သွားသည်။

"ဖြစ်ရလေ မြေး လေးရယ် ဟင့် ဟင့် ဟင့်"

ဘွားအေရင်မှာ ဖြေမဆည်နိုင်တော့ပါ၊ ဘွားအေငိုသံကြောင့် သမီးကို မမှိတ်မသုန် စိုက်ကြည့်နေသော မိဘနှစ်ပါး အသိဝင်လာကာ မျက်နှာတွေ အကြိမ်ကြိမ်ပျက်ကျလေသည်။

"တောက် "

ဦးသန်းမြင့်ဖော် နာကြင်ခံပြင်းစွာ ယူကျုံးမရ တောက်ခတ် လေသည်။ သမီးနဲ့ အမေ ဖက်၍ ငိုလေသည်။

သမီးအတွက် ယူကျုံးမရဖြစ်ကာ ဦးသန်းမြင့်ဖော် ရှုံးသွပ်ချင်ချင် ခံစားရလေသည်။

သူ့သမီးလေး ဒီလိုဖြစ်ရတာ.. မင်းကြောင့်.. ကွ။

'အမိက' နာမည်ကို ရင်မှာ အကြိမ်ကြိမ်ရေရွတ်ရင်း သမီး မျက်နှာကို မကြည့်ရက်နိုင်တော့ပါ၊ အကြည့်လွှဲလျှင် ...

ဘွားခနဲ မြင်ရတဲ့ မျက်နှာတစ်ခု။

မျက်ဝန်းအောက် ပါးရိုးထက်မှာ ဝင်းခနဲ နက်ပြောင်နေတဲ့ မှဲ့ နက်ရှိသော အမိက။

လူနာခုတင်ခြေရင်းမှာ.. သူ့သူငယ်ချင်း၊ သူ့မိဘတွေနဲ့အတူ မျက်နှာ ပျက်ပျက်နဲ့ ရပ်နေတဲ့ အမိက .. ။

ဒီမျက်နှာ မြင်လိုက်ရတော့ ဦးသန်းမြင့်ဖော် နှလုံးသားက၊ ရုတ်တရက် ထပေါက်တဲ့ မီးတောင်ကြီးနှယ်... ။

ဝုန်းခနဲ ပေါက်ကွဲလေပြီ... ။



'တောက်.. မင်းကြောင့် ကွ မင်းကြောင့်' ဟု

ကြိတ်ရွတ်သလို.. ခြေလှမ်းကြဲကြီးနဲ့ရှေ့တိုးပြီး အမိကရင်ဘတ် ကို ဆုပ်ကိုင်ဆွဲယူကာ။

"မင်းကို တစ်သက်လုံး ငါမကျေဘူး။ မင်းကြောင့် ငါ့သမီးလေး အဖြစ်ဆိုးရတာ မင်းကြောင့်ကွ မင်းကြောင့်၊ မင်းမျက်နှာကို ငါမမြင်ချင်ဘူး ထွက်သွားကွာ ထွက်သွား ... ခွပ်... "

ဦးသန်းမြင့်ဖော် စွတ်စွဲသလို အမိက ရင်ဘတ်ကို အားနဲ့ဆွဲ ဆောင့်တာဘဲ နောက်ဆုံးမှာ.. လက်ပါသွားသည် ထိ၊ ပေါက်ကွဲသွားလေပြီ ။

"ဟာ "

အမိကမျက်နှာကခွပ်ခနဲ မြည်သံနောက်မှာ ကြယ်တွေလတွေ မြင်ကာ လည်ဆင်းသွားသည်။ နာကြင်စူးရှသွားခြင်းနဲ့အတူ၊ အက်ကွဲ သွားတဲ့ နှုတ်ခမ်းစွန်းနဲ့ မေးရိုးမှ၊ သွေးတွေ ဒလဟော စီးကျလျက်။

ရုတ်တရက်မို့ အားလုံး မှင်တက်နေရာမှ အသိဝင်လာသည်။

"ဟာ အန်ကယ်"

"ဘယ်လိုဖြစ်တာလဲ .. ဗျာ .. "

"ကြည့်စမ်း။ ကျွန်မသားကို ထိုးနေတာ၊ ဦးသန်းမြင့်ဖော် ရှင် တော်တော်လူပါးဝပါလား။"

အမိက ဘက်က အသံတွေ ဆူညံသွားသည်။

"လူပါးဝရုံတင်မကဘူး၊ ငါ့သမီး တစ်ခုခုဖြစ်လို့ကတော့ မင်း တို့သားကို ငါ့လက်နဲ့ ငါကိုယ်တိုင်သတ်ပစ်မယ်က၊ ဟော့ကောင် မင်းမျက်နှာ ငါ လုံးဝ မမြင်ချင်ဘူး ထွက်သွား သွား .. ကွာ "

www.burmeseclassic.com

www.burmeseclassic.com



"ကိုကို"

"သန်းမြင့်ဇော်"

ဇနီးနဲ့ ယောက္ခမ ကမန်းကတမ်းထဆွဲလေသည်။

"သမီး ခုလိုဖြစ်ရတာ ကျွန်တော်တို့လည်း စိတ်မကောင်းပါဘူး။ ခင်ဗျားတို့နဲ့ထပ်တူခံစားရပါတယ်။ သားကို ခင်ဗျားတို့ မုန်းနေမယ်ဆိုတာ ကျွန်တော်လည်း ဖခင်အနေနဲ့ ကိုယ်ချင်းစာပါတယ် .. ဗျာ။ ကျွန်တော် တောင်းပန်ပါတယ်ဗျာ"

ဦးစိုးကြိုင်က ပြေရာပြေကြောင်းပြောသည်။ ဒေါ်မိမိဦးက လုံးဝမကျေနပ်ချင်ပါ။

"မတောင်းပန်နဲ့ ကိုစိုးရဲ့ သားကို သက်သက်မဲ့ အမုန်းပွား နေတဲ့လူကြီး"

"မိဦး .. မင်းပါးစပ် ပိတ်ထားစမ်း"

ဦးစိုးကြိုင်က ဟန့်တားကာ ဇနီးသည်ကို လူနာခန်းအပြင် ရောက်အောင်တွန်းပစ်၏။ စာချွန်နဲ့မိုးသားကလည်း ဒီထက် အခြေအနေ တင်းမာမသွားစေဖို့ အဓိကကို အပြင်ဆွဲထုတ်သွားလေသည်။

"တောက် ငါတစ်သက် မကျေဘူး . ဟေ့ကောင့် မင်းကြောင့် ငါ့သမီး အဖြစ်ဆိုးရတာကွ"

"တော်ပါတော့ သန်းမြင့်ဇော်ရယ် တော်ပါတော့ ဟီး ဟီး ဟီး"

ဒေါ်ရွှေအိမ် သားမက်ကို ဆွဲထားရင်း ရှိုက်ကြီးတငင် ငိုချ လေသည်။

"ကိုကိုရယ် တော်ပါတော့ ဟင့် .. ဟင့် .. ဟင့် .."



ဒေါ်ပန်းမာလာသည် ခင်ပွန်းသည် လက်မောင်းကို ဆွဲထားကာ မျက်နှာအပ်၍ ငိုပြန်သည်။

လူနာခန်းထဲမှာ ထိခိုက်ကြေကွဲလွန်းသော ငိုသံတွေ ပဲ့တင် ထပ်ကာ။

"ကျွန်တော်အနူးအညွတ်တောင်းပန်ပါတယ်၊ ကိုသန်းမြင့်ဇော် ရာ ဒီအချိန်မှာ သမီးလေးအတွက် ဘယ်လောက် စိတ်ထိခိုက်ရသလဲ ဆိုတာ ကျွန်တော် နားလည်ပါတယ်။ ကိုသန်းမြင့်ဇော်ကို ကျွန်တော် နားလည်ပါတယ်ဗျာ။ ရှေ့ဆက် ကိုသန်းမြင့်ဇော် ဖြစ်စေချင်သလို ဖြစ်စေရမယ်။ ကိုသန်းမြင့်ဇော် စိတ်အေးအေးထားပါ ဗျာ။ ကျွန်တော် တောင်းပန်ပါတယ်"

ဦးစိုးကြိုင် မျက်နှာအောက်ကျခံပြီး ခြေထောက် မကိုင်ရုံ တမယ်တောင်းပန်သည်က ရှေ့ဆက် ပြေလည်စေဖို့ဖြစ်သည်။

ဦးသန်းမြင့်ဇော် ဘာမှ ထပ်မကြားချင်တော့ပါ။

"ထွက်သွားဗျာ .. ခင်ဗျားလည်း ထွက်သွား"

ပြောလည်း ပြောရင်း ဦးစိုးကြိုင်ကို ပါ တွန်းပစ်ဖို့ တာစူသည်။

"တော် တော့လို့ ငါပြောနေတာ ဟဲ့"

ဒေါ်ရွှေအိမ် သားမက်ရှေ့က မာန်အပြည့်နဲ့ ရပ်ရင်း ဟန့် လေသည်။ ဦးစိုးကြိုင်လည်း အလိုက်သိပင် ရှောင်ထွက်သွားသည်။

"တောက်"

ဦးသန်းမြင့်ဇော် မကျေနပ်နိုင်သေး . ။

ဇနီးရဲ့ ငိုသံ .. ။

သူဘာမှ မကြားရက်နိုင်တော့ပါ ... ။

www.burmeseclassic.com

www.burmeseclassic.com



"သမီး"

သမီးဘက်လှည့်ရင်း ရင်ပွင့်စွာခေါ်လျက် ယောကျ်ားရင့်မကြီးတန်မဲ့ သမီးအတွက် ငိုချလေသည်။

သူတို့မိသားစုရင်ထဲမှာ အသည်းနှလုံး မီးလောင်နေတဲ့အဖြစ်။

မျက်ရည်တွေ အသောမတတ်၊ ငိုသံတွေလည်း မစဲနိုင်ဖြစ်ကာ ယူကြုံးမရ ငိုကြွေးနေသည်က ဒါပဲဖြစ်သည်။

"သမီးလေး။ သမီးလေး အဖြစ်ဆိုးတာ ဟိုကောင်ကြောင့် မဟုတ်လား။ ဟင့် ... ဟင့် ... တောက် ... "

♛♛♛♛♛♛

## အခန်း(၂၄)

"တောက်"

အဓိက ရင်မှာ အတော်ချည်း တင်းသွားလေသည်။ တကယ်ဆို 'မီး' အကြောက်လွန်လို့ ဖြစ်သွားရတဲ့ကိစ္စ၊ သူကိုယ်တိုင်လည်း သူချစ်သူကို အဖြစ်ဆိုးနဲ့ မတိုးစေချင်ပါ။

ဖြစ်ချင်းဖြစ် သူသာလျှင် အဖြစ်ခံလိုက်ချင်သည်။

တကယ်ပါ ။

ခုတော့ကွာ ။

သူ့ကြောင့်ဆိုတဲ့ စွတ်စွဲချက်နဲ့ ပြေးဝင်လာတဲ့ ဦးသန်းမြင့်ဖော်၏လက်သီးကို မကာကွယ်နိုင်၊ လက်သီးချက်ကြောင့် နှုတ်ခမ်းနဲ့ မေးဖျားအကွဲခံရတဲ့အဖြစ်။

www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ရာကယောင်ကိုင်းနာကြင်လေ၊ အဓိကရင်မှာတင်းသထက်တင်းလေ။ ကြပ်ပူထုတ် ကိုယ်တိုင်ထိုးရင်းက တောက်တခတ်ခတ်ဖြစ်နေသည်က ဦးသန်းမြင့်ဇော်ကို အခဲမကြေလို့ဖြစ်သည်။

"မီ မင်းလဲ စိတ်လျှော့ကွာ "

"အဖေအရွယ်ဖြစ်နေလို့ကွာ "

"ဘာပဲဖြစ်ဖြစ် မီး နဲ့ပတ်သက်နေတော့ မင်းအဖေ ဆိုလဲ ဟုတ်နေတာပဲ၊ ယောက္ခထီးဆိုလဲ ပိုမှန်တာပဲ၊ အခြေအနေအရ၊ မင်းလည်း စိတ်လျှော့ဖို့ လိုတယ်ကွ"

စာချွန်ကပြေရာ ပြေကြောင်း ပြောရင်းအနားမှာလာထိုင်သည်။

"ဟုတ်တယ် မီ "

မိုးသားကလည်းထောက်ခံလေသည်။

အဓိက ခေါင်းတစ်ချက် ရမ်းလေပြီး၊

"ဒါပေမဲ့ မီးအဖေ သိပ်ပြီး အတ္တကြီးလွန်းတယ်၊ တဖွတ် ထိုးကြီး၊ မီးက အဲဒါကို ကြောက်လွန်းလို့ ခုလိုဖြစ်ရတာ။ အသေအချာ ပြောလို့ရတယ် မီး ခုလိုဖြစ်ရတာ သူ့အဖေကြောင့်ကွ"

အဓိက ပြောတာလဲ မှန်ပါပေသည်။ ဒီအဖြစ်က သူတို့ မျက်မြင်။ အဓိက မိဘနှစ်ပါး ရောက်စဉ်က အခြေအနေက လေပြည်လေညှင်း။

'မီး'မိဘနဲ့နောက်လိုက် တပည့်တွေ ရောက်လာမှ 'မီး'ကြောက်အားလန့်အား ပြေးထွက်သွားရာမှ မုန်တိုင်းထန်သွားတဲ့အဖြစ်။

"စိတ်ပျက်တာပဲ .. "ဟု

မိုးသား ဖေ့ါပြောရင်း ထောက်ခံလိုက်သည်က အကြောင်းမဲ့ မဟုတ်ပါ။



"မိုးသား .. "

စာချွန်က တစ်မျိုးမြင်ထင်ကာ အသံမြှင့်ခေါ်သည်။ မိုးသားစာချွန်ကို၊ လက်ကာတားရင်း ဝီစကီပုလင်းအသစ်ဖွင့်ကာ ဖန်ခွက်ထဲငှဲ့ထည့်နေသည်။

အဓိက ကို ကမ်းပေးပြီး

"သောက် ကွာ .. "ဟု

အာရုံပြောင်းသွားစေဖို့ စကားလမ်းကြောင်းစသည်။ စာချွန်နားလည်သလိုရှိကာ

"ယူလေကွာ"ဟု

အဓိကကို နှိုးဆော်သည်။

"ဟင့်အင်း ငါ့ရင်ထဲ တကယ်ထိတာကွ။ ငါ့အပေါ် အထင်အမြင်သေးရုံမက စွတ်စွတ်စွဲစွဲပြောတာကို အခံပြင်းဆုံးပဲ"

အဓိကလည်း မာန ခပ်ကြီးကြီး။ ဘဝင်ခပ်မြင့်မြင့်ထဲက ဆိုတာ သူငယ်ချင်းနှစ်ယောက် သိပြီးသားဖြစ်သည်။

ဒီကိစ္စမှာ သူ့ဘက်က မှန်တယ်၊ ဘယ်သူမှားတယ်လို့ အဖြေထုတ်ဖို့ ခက်ခဲလှသည်။

"ဖြစ်သွားပြီပဲ'မီ'ရာ"

စာချွန် လေသံ နှိမ့်ချ၍ဆိုသည်။

"ငါကလဲ အဲဒါပဲပြောတာ၊ ဖြစ်သွားပြီပဲ ရင်ဆိုင်ကြမယ် ဆိုတာ 'မီး'က လုံးဝ လက်မခံဘူး။ ခုတော့ မဖြစ်သင့်တာတွေ ဖြစ်ရုံမက ခြေပါလက်ပါ တုံ့ပြန်တာ သားသမီးချင်း ကိုယ်ချင်းစာစိတ်မရှိမှန်းသိသာတယ်။ ငါ့ဖေဖေဆို အဲလိုမဟုတ်ဘူး။ မင်းတို့အမြင်ပဲ 'မီး'အတွက် တကယ့်ကို

www.burmeseclassic.com

www.burmeseclassic.com



ထပ်တူခံစားပေးခဲ့တာပဲ။ ဒါတောင် ဖေဖေ့ကို မာန်ထုတ် မောင်းထုတ် လုပ်ပစ်တာ ငါတို့သားဖအပေါ် သိပ်ရိုင်းနေတယ်ကွ"

စာချွန်နဲ့ မိုးသား သက်မကိုယ်စီချသည်။ သောက်ဝိုင်းလေး လုပ် ပြီး အမိက အာရုံပြောင်းစေဖို့ ရည်ရွယ်တာပါ။ အမိက အာရုံမပြောင်း။

သူ့မေးဖျားအဏ်ရာကို တသသကြွပ်ပွတ်ကိုယ်တိုင်ထိုးရင်း ပြောနေသည်က ခံပြင်းစိတ်မပြယ်စွာနဲ့မို့။

မိုးသားနဲ့စာချွန်လည်း တိတ်ဆိတ်နေလိုက်ရသည်။

အတန်ကြာမှ.

"တကယ်ဆို 'မီး' အခုလိုဖြစ်ရတာ ငါ့ကြောင့် ကွ"

မိုးသားက မဆီမဆိုင်ပဲပြောသည်။ 'အမိက'မျက်မှောင်ကြုပ် ကြည့်ရင်း ...

"မင်းနဲ့ ဘာဆိုင်လဲ"

မိုးသားသစ် ဝီစကီ တစ်ကျိုက်မော့သောက်ပြီးမှ ဆိုသည်။

"ဆိုင် မဆိုင်တော့ မသိဘူး၊ အဲဒီ တိုက်နဲ့ခြံ ဝယ်တုန်းက တွင်းပျက်ကြီးရှိမှန်းတော့သိတယ်၊ အန္တရာယ်မဖြစ်အောင် ဖို့ပစ်မယ်လို့လဲ စိတ်ကူးထားတယ်။ အလုပ်တွေက များတာနဲ့ ဖို့ပစ်မယ့်ကိစ္စချည်း မေ့ မေ့ နေတာနှစ်ချီနေပြီ။ ငါသာ မမေ့မလျော့နဲ့ ဝယ်ပြီး ကတည်းက၊ ဖို့ ပစ်ခဲ့ရင် ခုချိန်မှ အခြေအနေက ဒီလောက်ထိဆိုးမှာမဟုတ်ဘူးကွ"

မိုးသားသစ်စကား အဆုံးမှာ အမိက ခေါင်းတစ်ချက်ရမ်းသည်။ လေသည်။

မိုးသားကတော့ သက်မ ချပြန်သည်။

"ခုတော့ ... "ဟု



မိုးသား စကားစပြီး ချက်ချင်း ပြတ်တောက်လျင်..

"မင်းကြောင့်လဲ မဟုတ်ပါဘူးကွာ "

အမိကရဲ့ တင်းမာမှုက အနည်းငယ် လျော့သွားသလို ရှိသည်။

"ကဲ သူ့ကြောင့် ငါ့ကြောင့်တွေနဲ့ ရိုးမယ်ဖွဲ့လို့လဲ့ ဘာမှ ထူးလာဖို့ မရှိဘူးကွာ "

စာချွန်က ကိုယ်ကို ပြန်မတ်၏။ ဝီစကီတစ်ခွက် ပြန်ငှဲ့ရင်း လည်းဆိုသည်။

"ဟုတ်တယ်ကွာ 'မိ'။ မင်း စိတ်သိပ်တင်းနေလို့သာကွာ။ လျှော့ချလိုက် သူငယ်ချင်း။ ရော့ ... တစ်ခွက်လောက်ချကွာ၊ ဒဏ်ရာ ဖြေဆေးပေါ့ကွ"

မိုးသားက အသင့်ငှဲ့ထားတဲ့ ဝီစကီခွက်ကို အမိက လက်ထဲ အတင်း ထိုးထည့်ပေးလေသည်။

သူတို့သူငယ်ချင်းသုံးယောက်က တစ်ခုခု ပြဿနာဖြစ်လေတိုင်း ဒီလိုပဲ ဖေမကြရိုးဖြစ်သည်။

ခုလည်း

စာနာ ဖေးမလာတဲ့ သူငယ်ချင်းတွေရဲ့ စေတနာကို လစ်လျူမရှု ရက်နိုင်တော့ပါ။

မိုးသား ကမ်းပေးတဲ့ ဝီစကီ ခွက်ကို ယူမိလေသည်။

"အရေးကြီးတာက မင်းရဲ့'မီး'အခြေအနေ တိုးတက် ကောင်းမွန် လာဖို့ပဲကွ"

"ဟုတ်တယ်။ ခုချိန်ထိ သတိ လည်မလာသေးတာ ငါတကယ် စိုးရိမ်နေတယ်။ 'မီး'သာ တစ်ခုခုဖြစ်ရင် ငါ "

www.burmeseclassic.com

www.burmeseclassic.com



အဓိက အသံက ဝမ်းနည်း တုန်ခါလျက် ပြတ်တောက်သွားလေသည်။

"ဒီလောက်လဲစိုးရိမ်မနေနဲ့ကွာ တစ်ခုခု အကြောင်းထူးရင် တို့ကို ဖုန်းဆက်လိမ့်မယ်ကွ"

" ဟုတ်တယ် ဓိ။ ယနဲ့ အင်ကြင်းနီ ကို သေချာမှာ ထားတယ်။ ရှက်ရိပ်လည်း ရှိနေတယ်။တစ်ခုခုဆို ချက်ချင်းသိရမယ်၊ ငါ့ အထင်တော့ 'မီး' သက်သာလာမယ်။ မကြာခင်ပေါ့ကွာ။"

စာချွန်က အဓိကပခုံးကိုအားပေးစွာဆုပ်ကိုင်လျက်ဆိုသည်။

'ငါလည်း ဒါပဲမျှော်လင့်တယ်ကွ'

အဓိကရင်ထဲက ဆန္ဒအမှန်နဲ့ အလေးအနက် ထုတ်ပြော၏။

"မျှော်လင့်တဲ့အတိုင်း ဖြစ်လာမှာပါကွာ တွေ့ပူမနေနဲ့သူငယ်ချင်း မင်းစိတ်ကို လုံးဝလျှော့ထား ဟုတ်ပြီနော်။"

သူငယ်ချင်းတွေပြောတဲ့အတိုင်းပါဘဲ။

ခုချိန်မှာ'အဓိက'ရင်ထဲက၊ တင်းမာနေသမျှကိုထုတ်ပိုးပြီး တစ်နေရာ မှာပုံချထားဖို့ပဲစိတ်ဝင်စားတော့သည်။

ဟုတ်တယ်။

'မီး'သက်သာလာဖို့ပဲအရေးကြီးတယ်မဟုတ်လား။

အဓိက ခါင်းအညိတ်မှာ စာချွန်နဲ့မိုးသားလည်း စိတ်ပေါ့ပါးခံစားရကာ၊ လိုက်လှိုက်လှဲလှဲ တောင်းဆုပြုမိသည်က။

" မီးရေ မီး အမြန်ဆုံးသတိရပါစေ။ သက်သာပါစေကွာ"

♛♛♛♛♛♛

## အခန်း(၂၅)

'မီး မီးလေး သတိရလာပြီ ။ ကိုကိုရေ မီး သတိရလာပြီးတော်။ အမေ၊ အမေ့ မြေး၊ သတိရပြီ"

ဒေါ်ပန်းမာလာရဲ့ လှိုက်တုန်သော ဝမ်းသာသံနောက်မှာ၊ ဦးသန်းမြင့်ဖော် ရင်မှာအတိုင်းအဆမဲ့ ပျော်ရွှင်သွားသည်။

"မြေး မီးလေး"

ဘွားအေကလည်းခေတ်သမီးအပါးတိုးကပ်ကာ လက်ဖဝါးလေး ကိုင်လိုက် ပါးလေးကို ဖွဖွ မွှေးလိုက်နဲ့ ပျာယာခတ်လေသည်။

သတိရလာတဲ့ သမီးက၊မျက်လုံးလေးပြန်အဖွင့်မှာ မျက်ရည်များ လှိမ့်ကျလာ သည်။သမီးမျက်နှာမှာလည်း ထိတ်လန့် ကြောက်ရွံ့စိတ်တွေနဲ့ မတည်မငြိမ် ဖြစ်နေမှန်း ဦးသန်းမြင့်ဖော် ရိပ်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်မို့ ဦးသန်းမြင့်ဇော် မျက်နှာကိုအပျော့ပျောင်းဆုံးဖြစ်အောင် ပြုပြင်လေသည်။ ဒဏ်ရာတွေကြောင့်ခုတင်ပေါ်ပက်လက်ကလေး ငြိမ်သက်နေရတဲ့သမီးကို ကြင်နာစွာစိုက်ကြည့်ပြီး 'သမီး' လို့ညင်သာသိမ်မွေ့စွာ ခေါ်သည်။

ခေတ်သမီး မျက်တောင်လေးပုတ်ခတ်ကာ၊ ဘွားဘွားနဲ့မေမေထံမှအကြည့်ကို ဖခင်ဆီမဝံ့မရဲလွဲပြောင်းကြည့်၏။

ပြောပါဖေဖေလို့အသံတိတ်ပြောတဲ့နှုတ်ခမ်းလေး လှုပ်ခတ်လို့သွားသည်။ ဦးသန်းမြင့်ဇော်က သမီးခေါင်းကိုဖွဖွလေးတစ်ချက်ပွတ်၍

'သမီး' ဒဏ်ရာသိပ်မများဘူးသိလား။ မကြာခင် ကောင်းသွားမှာပါကွယ်။ ဘာကို မှတွေးပြီးဝမ်းမနည်းနဲ့။စိတ်အားမငယ်နဲ့နော်။ သမီးစိတ်ကိုဖေဖေနားလည်ပါတယ်ကွယ်'သမီးလေး'စိတ်ကိုတင်းထားဟုတ်ပလား''

''ဟုတ်တယ် မြေးရဲ့။မြေးလေးသတိရလာမှပဲ ဘွားဘွားတို့အသက်ရှုချောင်ပါတယ်ကွယ်။ မြေးလေး ဘယ်ဆီမှစိတ်မကူးနဲ့သိလား၊ အမြန်ဆုံးနေကောင်းဖို့ပဲ... ဂရုစိုက်ဟုတ်ပြီနော်။'

''ဒီမှာသမီးမေမေလည်းအနားမှာရှိတယ်ကွယ့်''

''မေမေရှိတယ်သမီးရဲ့ ဟင့်ဟင့်''

ဒေါ်ပန်းမာလာလည်း ဝမ်းသာလှိုက်လှဲစွာဆိုရင်း။ သမီးလေးကိုတယုတယ ပွေ့ဖက်နေသည်။

ဖေဖေ မေမေနဲ့ ဘွားဘွားတို့ရဲ့ အကြည့်၊ ကြည်လင်ရွှင်ပြတဲ့မျက်နှာကြောင့်'မြေး'မျက်နှာလေးလည်း လန်းကာ ကြောက်စိတ်တို့ ပြေလုနီးပါးဖြစ်လာသည်။

ဒဏ်ရာကြောင့် သမီးလေး စကားမပြောနိုင်သေးပါ။ ခေါင်းညိတ်



ခေါင်းခါဖြင့် အဘွားနဲ့ပြောဆိုနေ၏။ သမီးမျက်နှာလေးကြောင့်စိတ်တိုပြေလာမှ ဦးသန်းမြင့်ဇော်မျက်နှာ တဖြည်းဖြည်း ကြည်လင်ရွှင်ပြလာသည်။

''သမီးလေး ... နားပါစေဦး၊ အမေ။''

ဦးသန်းမြင့်ဇော်သတိပေးမှ ဒေါ်ရွှေအိမ်သတိရလေသည်။

''ဟုတ်ပါရဲ့'' လို့။

ဆိုရင်း သမီးနဖူးကိုဖွဖွမွှေးသည်။ ထို့နောက်မှာတာဝန်ကျဆရာဝန်နဲ့နပ်(စ်)ရောက်လာပြီး လိုအပ်တဲ့ဆေးရည် ထည့်သွင်းသည်၊ ကုန်သွားတဲ့သွေးပိုက်ကိုတော့ဖြုတ်လေသည်။

စိုးရိမ်စရာမရှိပေမဲ့ လူနာရဲ့ဒဏ်ရာအတွက်အချိန်ယူပြီးကုသရမှာဖြစ်ကြောင်း ဆရာဝန်ညွှန်ကြားလျှင် ဦးသန်းမြင့်ဇော်အလေးအနက်ညိတ်လျှက်။

စိတ်ချပါဗျာ စိတ်ချ။ သမီးလေး လုံးဝကောင်းသွားတဲ့အထိ ကျွန်တော်တို့ကဂရုစိုက် ကုသသွားမှာပါ''လို့။

လှိုက်လှိုက်လှဲလှဲပြောလေသည်။ ဆရာဝန်က လိုအပ်တဲ့ဆေးစာရေးပေးပြီးထွက်သွားတဲ့အခါ ဦးသန်းမြင့်ဇော် ပေါ့ပါးစွာသက်မချ၏။

''အရေးကြီးတာက သမီးလေးအကောင်းပကတိဖြစ်လာဖို့''

သူတို့တစ်မိသားစုလုံးဒါပဲ မျှော်လင့်ကြသည်။

တစ်ခြားဘာကိုစမှ ခေါင်းထဲမထည့်တော့ပါ။ ဘာဖြစ်လို့လဲဆိုတော့သူတို့သမီးသူတို့ရင်ခွင်ထဲရောက်နေပြီမို့ဖြစ်သည်။

ဆေးရှိန်ကြောင့်သမီးလေးမျက်လွှာစင်းကျသွားကာ။ မကြာခင်အိပ်ပျော်သွားရှာတဲ့ သမီးလေးမျက်နှာကို အကြင်နာပိုစွာ ကြည့်ရင်း ၊

♛♛♛♛♛

www.burmeseclassic.com

www.burmeseclassic.com



တစ်မိသားစုလုံးရင်မှာ ကြည်နူးချမ်းမြေ့သွားသည်။

"အန်ကယ်"

ခေါ်သံကြောင့်လှည့်ကြည့်တော့ လူနာခန်းဝမှာရောက်လာပြီ ဖြစ်တဲ့ဆင်းပပနဲ့ အင်ကြီးနီ၊ ရွှက်ရိုပ်စံလည်းပါသည်။

မျက်နှာချိုသွေးလာတဲ့ဟန်ပန်တွေကို ဦးသန်းမြင့်ဖော်မျက်မှောင် ကြုတ်ကြည့်လျှင်။

"မီးကို လာကြည့်တာအန်ကယ်၊ ဟင့်ဟင့်"

"ဟုတ်တယ်၊မီး သက်သာပြီဆို လမ်းကော လျှောက်လို့ရပြီလား"

"ရွှက်ရိုပ်တို့ အရမ်းစိတ်ပူတာပဲ အန်ကယ်ရယ်။ အန်ကယ်က 'မီး'အခြေအနေကောင်းမှလာကြပြောထားလို့ရွှက်ရိုပ်တို့အခုလာခဲ့တာပါ။"

ချိုချိုသာသာစကားပြောရင်း လူနာခန်းထဲလှမ်းဝင်လာတဲ့ သုံးယောက်ကို ဦးသန်းမြင့်ဖော်မကြည်လင်ပါ။

"လာ... လာ... သမီးတို့"

'မီး'ကခုလေးတင်ဆေးသောက်ပြီးအိပ်ပျော်နေပြီလေ၊ မီးနိုးလာတဲ့ အထိစောင့်ရင်စောင့်ကြလေ၊ မီးခြေထောက်ကအခြေအနေကောင်း ပါတယ် ကွယ်။ မီးနိုးလာရင် ပပတို့၊ နီနီတို့၊ ရွှက်ရိုပ်တို့ကိုမြင်ရတော့ ဝမ်းသာ သွားမယ်ကွယ် ဟင့် ဟင့် ဟင့်"

ဖနီးသည်က ဖိတ်ခေါ်သလို၊ ဘွားအေက ရှည်ရှည် ဝေးဝေး ပြော၍ နေရာထိုင်ခင်းပေးတာမို့၊ ဦးသန်းမြင့်ဖော် ဘာမှမပြောသာ။

သို့သော် ရင်ထဲမှာ ထိုသုံးယောက်ကို လုံးဝမနှစ်မြို့တာ အမှန် ပါ။ သမီးလေး ဒီလိုဖြစ်တာ ဒင်းတို့သုံးယောက် လုလုပပ၊ ညာတာကို ဦးသန်းမြင့်ဖော် ခံလိုက်ရသည်။



သမီးကို ဆေးရုံတင်ထားစဉ်အတွင်း၊ အဓိကတို့နဲ့အတူ ထို သုံးယောက်ဆေးရုံဝင်းထဲမှာ ယောက်ယက်ခတ်နေတာ ဦးသန်းမြင့်ဖော် သတိထားမိ၏။

ခုလည်း

ဆေးရုံထဲဝင်လာကြတဲ့အထဲမှာ၊ ရွှက်ရိုပ်စံတို့နဲ့အတူ အဓိက နဲ့သူငယ်ချင်းတွေ ပါလာမှန်း၊ လူနာခန်း ပြတင်းပေါက်မှတစ်ဆင့် လှမ်း မြင်ရလေသည်။

ဒီတော့မှ သမီးအဓိကနဲ့လိုက်ပြေးတာ၊ သမီးသူငယ်ချင်းတွေ အလျော်ကောင်းလို့မှန်း ဦးသန်းမြင့်ဖော်၊ ဒက်ခနဲသိလေသည်။

သိလိုက်သည်နှင့်ရင်မှာတင်းသွားပေမယ့်၊ စိတ်ကိုထိန်းထားခဲ့ သည်။ လူနာခန်းထဲကွာခြွေရရဝင်လာကြတဲ့ သမီးသူငယ်ချင်းတွေက တကယ်ကို ဘာမှမသိတဲ့အတိုင်း။

သရုပ်ဆောင်တာ ပီပြင်ပါပေ့။

သေချာတာကတစ်နေရာရာမှာ အဓိကခိုနေမည်။ အခွင့်အရေး ရရင် ဆင်းပပတို့အချက်ပြသည်နှင့်သမီးကိုဝင်တွေ့ကြမည်။

ဒီလိုလက်ဝါးရိုက်ပြီး အင်ကြီးနီတို့ရောက်လာတာပဲ။

ဦးသန်းမြင့်ဖော် အခြေအနေအရပ်ရပ်ကိုရိပ်မိတာကြောင့်၊ လူနာ ခန်းထဲဝင်လာတာမြင်သည်နှင့်မျက်မှောင်ကြုတ်ကြည့်လိုက်ခြင်းဖြစ်သည်။

သူတို့က မျက်နှာချိုသွေးပြီးဝင်လာကြတော့ ဖနီးနဲ့ယောက္ခမက လှိုက်လှိုက်လှဲလှဲခေါ်သဖြင့်၊

ဦးသန်းမြင့်ဖော် ကိုယ်ရှိန်သတ်လိုက်ရသည်။

နောက်ဆိုချက်ချင်း နှင်ထုတ်ပစ်ဖို့ စိတ်ကူးရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ခုလည်း ယိုစိတ်ကူးရှိနေဆဲပင်။

သမီးနားဝိုင်းထိုင်ပြီး ဒေါ်ရွှေအိမ်နဲ့စကားရောပြောနေတဲ့သူတို့ကို တစ်ချက်ကြည့်၍

"သမီး အိပ်ပျော်နေတယ် အမေ။ စကားမပြောပါနဲ့ ပပတို့လည်း ခုလိုလာကြည့်တာ အန်ကယ်ဝမ်းသာပါတယ်။ ဒါပေမဲ့ လောလောဆယ် ပပတို့ အပြင်မှာပဲနေပေးပါ သမီးတို့ရယ်။ နော်၊ အန်ကယ်ပြောတာ သဘောပေါက်တယ်မဟုတ်လား။"

ဦးသန်းမြင့်ဖော် အားမနာတမ်းပဲ ခပ်တည်တည်ဆိုသည်။

ရွက်ရိပ်စံတို့အခြေအနေကိုသဘောပေါက်ကာ လက်ရှိအန်ကယ့် စိတ်သဘောအတိုင်းရှိစေတော့လေ။

စိတ်လျှော့ကာ ခေါင်းညိတ်လျက် လူနာခန်းထဲကသုံးယောက် တန်းစီပြီးထွက်သွားကြသည်။

ထိုသုံးယောက်ရင်ထဲမှာတော့ အန်ကယ်သဘောထားကို လုံးဝ မနှစ်မြို့နိုင်ပါ။

ခုချိန်ထိ မာန မာန် တင်းနေတုန်း။

"ကိုကို ရယ်"

ဒေါ်ပန်းမာလာ အားတုံ့အားနာဟန်နဲ့ ဦးသန်းမြင့်ဖော် အပါး ကပ်လာလျှင်၊

"မာလာဘာမှမသိဘူး။ ခင်းတို့သုံးယောက်က အမိကတရားခံ တွေ။ အခုလာတာလဲ ရိုးရိုးသားသားမဟုတ်ဘူး ကိုကိုသိတယ်။

ခပ်ပွန်းသည်စကားအဆုံးမှာ ဒေါ်ပန်းမာလာ သဘောပေါက်ကာ သက်မချသည်။



ဒေါ်ရွှေအိမ်ကတော့ သိပ်သဘောမပေါက်ချင်။

မီးသူငယ်ချင်းတွေကို သန်းမြင့်ဖော် မျက်နှာထားနဲ့အပြင်ထွက် နိုင်းတဲ့အတွက် အားနာနေသည်။

သို့သော်ဘာမှတော့ပြန်မပြောပါ။

အားလုံးက သမီးလေးလန်းဖြန့်နိုးလာမှာစိုးလို့ပဲဖြစ်မည်။

ခုချိန်မှာ

ဒီသမီး နောက်တစ်ကြိမ် ပိုးစိုးပက်စက် မဖြစ်စေဖို့ပဲ။ ဟုတ်တယ် ဦးသန်းမြင့်ဖော် ဒါပဲ တွေးလျက်။

♛♛♛♛♛

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၆)

"အခြေအနေမကောင်းဘူး အမိက"

ရွက်ရိုပ်စံ မကျေမနပ် ပြောရင်း၊နားနေဆောင်ထဲတန်းဝင်ခဲ့သည်။ အမိကထိုင်နေရာမှထ လာပြီး

'ဘယ်လို။ 'မီး' ဘာဖြစ်လို့လဲ။"

"မီး ဖြစ်တာမဟုတ်ဘူး"

"ဟင်"

"ဖြစ်နေတာက မီးဖေဖေလေ "

"ကျွတ်"

အမိက စိတ်ပျက်စွာ ကျွတ်ခနဲ စုပ်သပ်ရင်း ခြေလှမ်းကနေရာမှာတင်တန့်သွားသည်။



'မီး'ဆေးရုံပေါ်ရောက်ပြီးကတည်းက၊ သူတို့သူငယ်ချင်း တွေ ဘယ်သူမှ တွေ့ခွင့်မရခဲ့ပါ။

စာချွန်နဲ့ မိုးသားကလည်း၊ သိချင်စိတ်ထက်သန်ကာ ရွက်ရိုပ်စံနားရွေ့လာရင်း ... ။

"အန်ကယ်ကဘာတဲ့လဲ"လို့

ဖြိုးငွေတူလိုလို မေးလေသည်။

"ပပတို့ကို 'မီး'အနားမှာ ရှိမနေစေချင်တဲ့ သဘောပေါ့"

"ဟုတ်တယ်။ နီတို့ကို လုံးဝမကြည့်ဘူး။ 'မီး'နဲ့ပြောကြဆိုကြမှာလည်း မလိုလားဘူးဖြစ်နေတယ်။"

ဆင်းပပနဲ့အင်ကြင်းနီ သွက်သွက်လေးပြောပြီးထိုင်ခုံမှာစိတ်ပျက်ဟန်နှင့်ဝင်ထိုင်ကြသည်။ ရွက်ရိုပ်စံလည်းခေါင်းဆတ်ကာ၊

"ဟုတ်တယ်။ အန်ကယ်လုံးဝမကြည့်ဘူး။ ရှေ့ဆက်'မီး'နဲ့ရွက်ရိုပ်တို့ စကားပြောခွင့်တောင် ရတော့မယ် မထင်ဘူးဟ"

ရွက်ရိုပ်စံစကားအဆုံးမှာ အမိက အရုပ်ကြိုးပြတ် ထိုင်ချလေသည်။ ထို့နောက် ခေါင်းငိုက်စိုက်ဖြစ်လျက် ငြိမ်သက်သွား၏။

သူငယ်ချင်းတွေလည်း အမိက နားဝင်ထိုင်၍၊ ဘယ်လို အကြံကောင်းပေး ရမှန်းမသိအောင်၊ ရုတ်တရက်ငြိမ်သက်နေကြသည်။

အတန်ကြာလျှင်

"မီးကတော့ 'ကိုခိ'အပေါ်ပြောင်းလဲမှာ မဟုတ်ဘူး။ နီ သိတယ်"

အင်ကြင်းနီက ထိုသို့ စပြောသည်။

"ဟုတ်တယ်ကွ။ နီပြောတာ ငါတို့ယုံတယ်၊ 'မီး' ကမင်းအပေါ် တကယ်ချစ်တာ၊ မင်းနဲ့လည်း ခွဲနိုင်မှာမဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဆေးရုံကဆင်းရင်တော့ အခြေအနေကြည့်ပြီး မီး ဆက်သွယ်မှာပဲ"

"ရွှက်ရိုပ်လည်း အဲလိုပဲယူဆတယ်၊ 'မီး'မဆက်သွယ်တဲ့ နေမှာ မဟုတ်ဘူး"

သူငယ်ချင်းတွေအားလုံး တစ်ယောက်တစ်ခွန်း ပြောကြဆိုကြလေသည်။

အမိကာဘာယ်ဘက်မှ တွေးမနေချင်တော့ပါ၊'မီး'နဲ့သာ တွေ့ချင်တယ်။ တွေ့ခွင့်လည်း ရချင်သည်။

"လောလောဆယ် အခြေအနေတစ်ခုကို စောင့်ကြည့်ရအောင်ကွာ။ နော် မိ"

မိုးသားက အမိကာပခုံးကို ပုတ်ရင်းပြောသည်။

"အခြေအနေ၊ ဟင့်အင်း "

အမိကာ ခေါင်းရမ်းကာ လေပူတစ်ချက်မှုတ်ထုတ်သည်။ မျက်နှာကိုလည်း မာနနဲ့မော့ကာ မဲ့လေပြီ ။

"ငါ ဘာအခြေအနေမှ မစောင့်ချင်ဘူး ကွ။"

"ဟေး"

အားလုံး မျက်လုံးတွေ ပြူးကုန်သည်။

"ဟုတ်တယ်။ စောင့်နေလို့ ဘာထူးမလဲ ။ တည့်တည့်ရင်ဆိုင်မယ်။ ပြတ်ပြတ်သားသား ဆွေးနွေးမယ်"

"အန်ကယ် လက်ခွခံရင်ကော"

ရွှက်ရိုပ်စံက ဝင်မေးသည်။

"လက်ခွခံလည်း နောက်ဆုတ်ဖို့ မရှိဘူး။"



အမိကာ အနိုင်အမာပြော၏။ သူငယ်ချင်းအားလုံး လေးပင်စွာ ခေါင်းရမ်းသူရမ်း၊ သက်မချသူ ချနှင့်၊ စိုးရိမ်သွေးပူကုန်သည်။

"ဟုတ်တယ်လေကွာ။ ငါတို့အခြေအနေက နောက်ဆုတ်လို့ မဖြစ်နိုင်တော့ဘူး။ နောက်ဆုတ်ဖို့လည်း မသင့်ဘူး။ မီးအဖေတင်းမာနေတိုင်း 'ငါ'ဘက်က နောက်ဆုတ်ရင် 'မီး'အရမ်းနစ်နာသွားမှာပေါ့ကွ"

"ဒါတော့လည်း ဟုတ်တယ်"

စာချွန်က ခေါင်းညိတ်ထောက်ခံလျှင်

"ဟုတ်တာတော့ ဟုတ်တာပေါ့ကွ။ ဒါပေမဲ့ မီးအဖေက တဖွတ်ထိုးသမားကြီး။ မင်းနဲ့မတူမတန်ဘူးဆိုပြီး အစကတည်းက ခါးခါးသီးသီး မီး မသေရုံတမယ်ဖြစ်သွားတော့ ပိုခါးနေပြီ။ ငါပတ်ဝန်းကျင်မှာလည်း ဒီသတင်းပျံ့နေတော့ မီးအဖေ အရှက်လွှန်ပြီး ပိုတင်းတာလေ။ တင်းနေတဲ့ စိတ်နောက်မှာ သူ့သမီး ဘယ်လောက်ပဲနစ်နာမစေ မမှုဘူးဆိုတဲ့ မာနနဲ့ ထောင့်ခံထားတော့ မခတ်ဘူးလား။ တကယ်ဆို မင်းအဖေ တောင်းပန်ပန်လမ်းခင်းတာပဲ။ တင်မားတာတွေ လျှော့ဖို့ကောင်းရက်နဲ့ မလျှော့တာ၊ မီးအဖေဘယ်တော့မှ မာနမချမယ့် သဘောဆိုတာသိသာနေတယ် မဟုတ်လား။"

မိုးသား ရှည်ရှည်ဝေးဝေး ပြောလျှင် အားလုံးတွေဝေသွားလေသည်။

အမိကာ တွေဝေမနေပါ။

"ဘာချည်းပဲ ဖြစ်ဖြစ် 'မီး'သာ ငါ့ဘက်ကရှိရင် 'ငါ'အားလုံးကို ရင်ဆိုင်ရဲတယ် ကွ"

ပြောရင်း အမိကာ လက်သီးဆုပ်ကာ မတ်တပ်ရပ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရင်ဆိုင်ရဲတယ်"

ဆင်းယပက သံယောင်လိုက်ပြောသည်။

"ဘယ်လို ရင်ဆိုင်မှာလဲ"

အင်ကြင်းနီက နားမရှင်းသောကြောင့် 'ကိုဇိ'ကို မော့ကြည့်ရင်း မေးလေသည်။

အင်ကြင်းနီမေးသံနောက်မှာ အဓိက မျက်နှာကို တင်းကာ မသိမသာ အံကြိတ်၍

"စောင့်ကြည့်"ဟု

ပြောကာ ချာခနဲ လှည့်ထွက်သွားလေသည်။

"ဇိ"

မိုးသားနဲ့ စာချုန်ပြုံင်တူ ခေါ်ရင်း နောက်ကလိုက်လေသည်။ ရှုက်ရိပ်စိတ်တို့လည်း နားမလည်စွာ ပါသွား၏။

အဓိက ဘယ်သူ့ကိုမှ ရှင်းပြမနေတော့ပါ။

ရင်ဆိုင်မှာက တစ်ယောက်တည်းကိုသာ။

ထိုတစ်ယောက်က

♛♛♛♛♛

## အခန်း(၂၄)

"အန်ကယ်"

ကားပေါ်ကအဆင်းမှာခေါ်သံနဲ့အတူအပါးရောက်လာတဲ့ လူငယ်။

ဦးသန်းမြင့်ဖော် ငဲ့ကြည့်လိုက်တော့ အဓိက။

ပန်းရိပ်ကလေးများပါတဲ့ ဆင်စွယ်ရောင်ရှပ်အင်္ကျီလက်တိုနဲ့ ဘောင်းဘီဖြူကိုဝတ်ထားတဲ့အဓိက။ မြင့်မားတဲ့အရပ်ကြောင့် လိုက်ဖက်ခန့်ညားသလို အသားအရည်ဖြူဝင်းကြည်လင်ပြီး မျက်နှာပုံကအစ လှလည်း လှပါပေသည်။

ဘေးကြည့်ကြည့် ရှေ့နောက်ကြည့်ကြည့် ဘယ်ဘက်ကပဲကြည့်ကြည့် လူချော လူလှစားရင်းဝင်သော်လည်း ဦးသန်းမြင့်ဖော် မျက်လုံးထဲမှာ ဆူးတစ်ချောင်းလိုစူးစူးရှရှဖြစ်လို့သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ်နဲ့ စကားနည်းနည်း ပြောပါရစေ"

အကြည့်ချင်းအဆုံမှာ အဓိက ဦးစွာဆိုသည်။

ဦးသန်းမြင့်ဖော် ကားတံခါးကို ဂိုန်းခနဲမြည်အောင် ဆောင့်ပိတ်လျက်

"ဒီမှာမင်းမျက်နှာငါ မမြင်ချင်ဘူး မင်းနဲ့ပြောစရာစကား လည်း မရှိဘူးကွ"

"အန်ကယ်မှာမရှိပေမယ့် ကျွန်တော့်မှာရှိတယ်"

"ဘာ"

ရှုံ့ရဲသွားတဲ့ ဦးသန်းမြင့်ဖော်ရဲ့မျက်လုံးအစုံကို အဓိက တည့်တည့် စိုက်ကြည့်လျက်

"ကျွန်တော့်မှာပြောစရာတွေ အများကြီးရှိတယ်"

"မပြောနဲ့ မင်းလုံးဝမပြောနဲ့"

"အန်ကယ် တစ်ဖက်သတ်ပိတ်ပင်လို့မရဘူး၊ ပိတ်ပင်တိုင်းလဲ ကျွန်တော်ခေါင်းငုံ့မှာမဟုတ်ဘူး"

ခပ်မိုက်မိုက်ပဲပြောနေတဲ့အဓိက။

ဦးသန်းမြင့်ဖော် ခေါင်းတစ်ချက်ရမ်းလေပြီ။

"ခေါင်းငုံ့မခံရင်၊ ခေါင်းမော့ခံလိုက်ကွ။ ဒီမှာရှေ့ဆက်ပြီး ငါ့သမီး မိုက်ဖာတ်ခင်းဖို့ သတ္တိမရှိတော့ဘူးဆိုတာ မင်းခေါင်းထဲရိုက်ထည့်ဖို့ လိုတယ်ကွ၊ ရှင်းတယ်နော်"

ဦးသန်းမြင့်ဖော် ပြတ်ပြတ်ပဲပြောပြီး ကားပါကင်မှခွာလေသည်။ အဓိက လက်သီးကျစ်ကျစ်ဆုပ်ရင်း ဦးသန်းမြင့်ဖော်နောက် ထပ်ကြပ်မကွာ လိုက်ကာ ... ။



'အန်ကယ့် .. '

"ဂုဏ်သိက္ခာနဲ့အဆင့်အတန်း၊ မင်းနားလည်လား"

"ကျွန်တော် ဘာမှနားမလည်ဘူး။ ကျွန်တော်သိတာ ခေတ်သမီးနဲ့ကျွန်တော် ကိစ္စကို အန်ကယ် နားလည်ပေးဖို့ပါ"

"ဘယ်တော့မှ နားလည်မပေးဘူးဆိုရင်ကော။"

"ရတယ်လေ၊ ကျွန်တော့်နည်းနဲ့ ကျွန်တော် ကြိုးစားမယ်"

"စိန်လိုက်စမ်းကွာ။ ဟားဟားဟား။"

စိန်ခေါ်သံနှင့် တဟားဟားရယ်ရင်း၊ ဆေးရုံအပေါ်ထပ် တက်သွားတဲ့ ဦးသန်းမြင့်ဖော်။

ရယ်သံတွေက လက်သီးနဲ့ပစ်ထိုးသလို နာကျင်လှသည်။

'တောက်'

တောက်ခေါက်ကာ အပေါ်ထပ်လိုက်တက်သွားတဲ့ အဓိက ခြေလှမ်းတွေ ရှေ့ဆက်ခွင့်မရတော့ပါ။

"မင်းကို ငါတို့ ပြောသားပဲကွ"

မိုးသားက အနားသို့ရောက်လာရင်း အဓိကကိုဆွဲကာ ဝင်ပြောသည်။

"ခုချိန်မှာ 'မီး' ကို အန်ကယ် အပြတ်သိမ်းသွင်းထားမှာကွ၊ အချိန်တစ်ခုထိ စောင့်ကြစို့ကွ"

စာချွန်လည်း ပြောရင်း ဆွဲခေါ်ပြန်သည်။

အဓိက စာချွန် ဆွဲတဲ့ လက်ကိုဖယ်ချရင်း. ဦးသန်းမြင့်ဖော် တက်သွားတဲ့ အပေါ်ထပ်ဆီ လှမ်းခနဲတက်လေသည်။

" ဟာ၊ ဟေ့ မီ။"

www.burmeseclassic.com

www.burmeseclassic.com



"အမိက။ နေဦးလေ ကွာ"

စာချွန်နဲ့မိုးသား အတော်ချည်းစိုးရိမ်ကာ အမိက နောက်ခြေလှမ်းလှမ်းကျဲနဲ့ ပြေးလိုက်သည်။ လှေကားထစ်တွေကို နှစ်ဆင့်သုံးဆင့် ကျော်လှမ်းတက်ပြေးရင်း အမိကကို နှစ်ယောက်စလုံး အမိအရဖမ်းဆွဲလေသည်။

"နေစမ်းပါကွာ။ ငါ့ကိုဒီလောက်စိန်ခေါ်ရင် ငါလည်း စိန်ခေါ်ဖို့ ဝန်မလေးဘူးကွ၊ ဖယ်ကွာ။"

အမိက ပြောရင်း မိုးသားတို့လက်ထဲကရုန်းထွက်သည်။

မိုးသားနဲ့စာချွန်အလွှတ်မပေးပါ။

လူနာခန်းထဲ အမိက ရောက်မသွားဖို့ နှစ်ယောက်သားတက်ညီလက်ညီဆွဲကာ။ ဆေးရုံဝင်းအပြင်ဘက်အရောက် ဆွဲတား ခေါ်ဆောင်လာခဲ့သည်က စိန်ခေါ်ပွဲတွေနဲ့ ပြင်းထန်မနေစေဖို့ပင်။

"မင်းကွာ"။ ငါတို့ပြောတာတစ်ဆိတ်နားထောင်ဦးကွ"

" မီး ဆေးရုံကမဆင်းရသေးဘူးဆိုတာ သတိထားဦး။ ဖွတ်တိုးလွန်းရင်အခြေအနေဆိုးသွားနိုင်တယ်။ မင်းအတွက်ငါတို့ကောင်တွေကြိုးစားနေပါတယ်ကွ၊ 'ရွက်ရိပ်'က 'မီး'ဘွားဘွားနားချဉ်းကပ်ထားတယ်။ စိတ်ချ မင်းဖြစ်ချင်သလို ဖြစ်ရမယ်။ အချိန်နည်းနည်း လေးတော့စောင့်ရမယ်"

အတင်းအကျပ် ဆွဲထားကြတဲ့သူငယ်ချင်းနှစ်ယောက်ကြားမှာ အမိက ရင်ထဲရှိတဲ့အတိုင်း ဦးသန်းမြင့်ဇော်နဲ့ရင်ဆိုင်ခွင့်မရတော့ပါ။

"တောက်"

အမိကရင်မှာ အချိန်နဲ့အမျှတောက်ခတ်ရင်း အံတကြိတ်ကြိတ်ရှိနှင့်လေသည်။



မီး ။

အချစ်ဟာ ခွဲခွါခြင်းသင်္ကေတ မဟုတ်ဘူး နော် ။

♛♛♛♛♛♛

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၈)

ည ... ။

လေပြည်လေး နေ့လျှင်အေး၏။

ညပန်းရနံ့လည်းမွှေး၏ လဆန်းရက်မို့ ညက ပျပျလေး လင်းလျက် ကောင်းကင်ကြီးပြာကာ ကြယ်ပွင့်ကလေးများအရောင်နဲ့ အကြည့်မလွှဲချင်အောင် လှပခြင်းတွေယစ်မူးနေလေသည်။

ညကို တိတ်ဆိတ်စွာငေးမောကြည့်နေရင်း ခေတ်သမီးရင်မှာ အချစ်ကိုလွမ်းဆွတ်သသခံစားမိလေပြီ

ထိုစဉ်

သံစုံမြည်လက်ကိုင်ဖုန်းလေး ထမြည်လာသည်။

ပြတင်းပေါက်မှတစ်ဆင့် ကောင်းကင်ကြီးကိုငေးနေတဲ့ 'မီး'



မျက်ဝန်းအသိဝင်လေသည်။ ကုတင်ဘောင်မှာမှီထိုင်နေရင်း၊ 'မီး' လက်ဆန့်ကာ ခေါင်းရင်းစားပွဲပေါ်က လက်ကိုင်ဖုန်းလှမ်းယူ၏။

မေဂျာမှာ ပေါ်နေတဲ့ဖုန်းနံပါတ်တစ်ခု။

ထိုနံပါတ်က 'မီး' နှလုံးသားထဲ စွဲနေတဲ့ ဖုန်းနံပါတ်။

မောင့် ဖုန်းနံပါတ်မြင်လိုက်ရတော့ လွမ်းစိတ်ဝင်နေတဲ့ 'မီး' နှလုံးသားမှာဝမ်းနည်းကာ။ မျက်ရည်တို့ မျက်ဝန်းအိမ်ဆီ ဝေ့တက်လာလေသည်။

"ဟင့် အင်း"

'မီး' ခေါင်း တစ်ချက်ရမ်းကာ။ ဖုန်းခလုတ်ကို ပိတ်ပစ်လေပြီး တင်းအောင်ဆုပ်ကိုင်ထားလေသည်။

မျက်ရည်ဝေ့နေတဲ့ 'မီး' မျက်ဝန်းက၊ 'မီး' ခြေထောက်ဆီရောက်ကာ ငြိမ်သက်လျက်။

ဆေးပတ်တီးစည်းထားဆဲဖြစ်တဲ့ 'မီး' ခြေထောက်က၊ ခုတင်ပေါ်မှာ ဆန့်လျက်သားရှိနေဆဲပါ။ နောက်တစ်ပါတ် နေရင် ပတ်တီးဖြေလို့ရမှာပါ၊ သို့သော်လည်း လမ်းလျှောက်လို့ ရသေးမယ် မထင်ပါဘူး။

ဒီဒဏ်ရာတွေကိုကြည့်ရင်း 'မီး' အရာရာကိုပိုပြီး ကြောက်ရွံ့လာကာ ဖေဖေကိုလည်း အသနားပိုနေခဲ့သည်။

ဖေဖေဟာ သိပ်သနားဖို့ကောင်းပါတယ်ကွယ်။

မောင်ကတော့ သိမှာမဟုတ်ပါဘူး။

'မီး' ကြောင့် ဖေဖေဘယ်လောက်ထိ အရှက်ကွဲရတယ် ထင်လဲဟင်။ 'မီး' တွင်းပျက်ထဲကျလို့ သေကောင်ပေါင်းလဲ ဖြစ်ရတဲ့အချိန်မှာ ဖေဖေဟာ ပတ်ဝန်းကျင်အသိုင်းအဝိုင်းရဲ့ ကဲ့ရဲ့ ရှုတ်ချမှုတွေကို မခိုးခံနိုင်

www.burmeseclassic.com

www.burmeseclassic.com



ခံခဲ့ရရှာတယ်။

"ကိုသန်းမြင့်ဖော် သမီးက ခပ်နီနီနီမ့်အဆင့်ထဲက ကောင်လေးနဲ့ လိုက်ပြေးတာ ဟဲ့။ ကိုသန်းမြင့်ဖော် မရအရ လိုက်ခွဲရာက ခုလိုသူ့သမီး အဖြစ်ဆိုးရတာလေ။"

"ဟုတ်လား။ မသေကောင်း မပျောက်ကောင်းဟာယ်"

"ဒါနဲ့ ဟိုကောင်လေးရော"

"အေး။ အဲဒီကောင်က ခပ်ဂျစ်ဂျစ် ခပ်မာမာတဲ့တော်။ အခြေ အနေမရှိရုံမက မွေးစားသားလဲဖြစ်လေတော့ ကိုသန်းမြင့်ဖော် မျက်နှာ ကြီး ဘယ်နားသွားထားမလဲ"

"ဟင့်... ဟင့် ... ဟင့် ... ဟုတ်ပ့ါ။ ခုတော့ ပင်တိုင်စံ မင်းသမီးလေးက အပျိုရှည်လဲပျက် ဘဝလည်းမလှဆိုသလို ပေါ့ကွယ်။ ခြေထောက်တွေ ပြန်မကောင်းရင် ဒုက္ခိတအစစ်ဖြစ်ဦးမှာ"

"အသေအချာပေါ့ မမကြင်ရဲ့။ ခုတောင် ပတ်ဝန်းကျင်မှာ ဒီသတင်းက ပျံ့နေပြီ၊ ကိုသန်းမြင့်ဖော် ဖုံးဖို့ ဖိဖို့ ကြိုးစားပါသေးတယ်။ ရမတဲ့လား၊ ဒီသတင်းကို 'မွှန်မွှန်'က စသိတာလေ။"

"ဟယ် မွှန်မွှန်သိသွားရင် ဘီဘီစီထက် ဆိုးတယ် မဟုတ်လား။ ခင်လေးရဲ့ "

"ဟုတ်ပ့ါ၊ ဟုတ်ပ့ါ၊ ခုတော့ အားလုံး အဖုံးဖွင့်ပြသလို ဘွားခနဲ သိကုန်ပြီလေ"

"အေးနော် ခင်လေး။ ရှေ့ဆက်ဘယ်လိုဖြစ်ကြမလဲ၊ အခြေမဲ့တဲ့ မွေးစားသားနဲ့ချာချာကောင်နဲ့ ကိုသန်းမြင့်ဖော် သမီးကိုပေးစားရတော့ မယ့် သဘောဆောင်နေပြီး မဟုတ်လား။"



"အမလေး အဲသလိုကောင်နဲ့ပြန်ပေးစားလို့ကတော့ ကိုသန်းမြင့်ဖော် မျက်နှာ ၊ ကြွက်ကိုက်ခံရသလို အသိုင်းအဝိုင်းကြားထဲပဲ့ရွဲ့ သွားမှာလေ။ 'ကိုဦး'ကို သိတယ်မဟုတ်လား။"

"အင်း အင်း ။ စတီးစက်ရုံ ထောင်ထားတဲ့ ကိုဦး မဟုတ်လား"

"ဟုတ်တယ်လေ၊ ကိုဦးသမီးက ကိုဦးရဲ့ မန်နေဂျာကောင်လေး နဲ့ ကြိုက်ကြတုန်းကဆို ကိုသန်းမြင့်ဖော် ပြောလိုက်တာများ နှိမ်နှိမ်ချချ လေ၊။ ဒီလိုကောင်မျိုးနဲ့ ကြိုက်ရသလား၊ သူ့သမီးသာဆို အသတ်ပဲဆိုပြီး ရှုတ်ချတာအေ၊ ခုတော့"

"ဝဋ်လည်တာအေ့၊ ဝဋ်လည်တာ။ ရှေ့ဆက် ကိုသန်းမြင့်ဖော် ဘယ်လိုမျက်နှာနဲ့ ကြင်ကြင်တို့အသိုင်းအဝိုင်းထဲ မျက်နှာပြမလဲဆိုတာ ကြည့်ကြတာပေါ့။ ကိုဦးကတော့ ခဲထားတယ်"

"ဒါဆို ကိုဦးနဲ့ကိုသန်းမြင့်ဖော်ဆုံရင်တော့၊ ဖဲ့ကြ၊ ရွဲ့ကြ ပွဲက ကြည့်ကောင်းဦးမှာ။"

"ဒါပေါ့ အားလုံးကလည်း ကိုဦးနဲ့ ကိုသန်းမြင့်ဖော် ဆုံမယ့်ပွဲကို စိတ်ဝင်တစားဖြစ်နေကြတာခင်လေးရဲ့"

"ဟင့် ဟင့် ဟင့် "

ပြောသံဆိုသံတွေနောက်မှာ ခနဲ့သော ရွဲ့သော ရယ်သံများ ညံ့စီသွားလေသည်။ 'မီး'ကိုဆေးရုံမှာလာကြည့်ကြတဲ့ ဖေဖေ့ မိတ်ဆွေ အသိုင်းအဝိုင်းက တစ်ယောက်နဲ့ တစ်ယောက် ဆုံကြသည်နှင့် ထိုသို့ ပြောကြဆိုကြတာတွေ နေ့တိုင်းလိုလို ကြားနေရသည်။

ထိုအသံတွေကြောင့် ဖေဖေ့ခမျာ မျက်နှာကြီး ညိုပုတ်ကာ အံတွေ ကြိတ်ကြိတ်နဲ့ အရှက်တပြန်းပြန်းကွဲရလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



မောင်ကမွေးစားသားတဲ့ . . ။

အဲဒီအတွက်လည်းအတော်ဂယက်ရိုက်လျက်ရှိသည်။

"ဟဲ့မွေးစားသားဆိုမှတော့ မိစစ်ဖစစ်တယ် ဟုတ်မလဲ၊ ဖအေက ဝရမ်းပြေးလား၊ မအေက ပြည့်တန်ဆာလား"

"ဟုတ်တယ်နော် . . . အမေကလင်နိုးမဆို ဖအေကကြာကူလီ ကောင်မျိုးလဲဖြစ်နိုင်တာပဲ။ အဲသလိုဟာတွေပဲ ကလေးမွေးမွေးပြီး ဟိုလူ့ပေး ဒီလူ့ပေးနဲ့လေ။"

"အင်း၊ စာရိတ္တလဲ ယုတ်ယုတ်ညံ့ညံ့ဖြစ်မှာပဲ၊ ဒီလို သွေးမစစ်၊ သားမစစ်ကောင်စားမျိုးနဲ့မှ ခေတ်သမီးက လိုက်ပြေးရတယ်လို့ဟယ်။ ခုတော့ ဒုက္ခိတဖြစ်နိုးနိုး ဘာနိုးနိုးနဲ့။"

ဒေါ်မာလာကျော်နဲ့ ဒေါ်သရဖီစိုးတို့ မျက်နှာထိ မျက်နှာထားနဲ့ ပစ်စလက်ခတ် ပြောကြဆိုကြတာ။

မောင်ဟာလည်း 'မီး'တို့အသိုင်းအဝိုင်းမှာ ပိုးစိုးပက်စက် ဖြစ်ရသည်လေ။

"တောက်၊ ခင်ဗျာတို့ တော်တော်တရားလွန်နေပြီးနော်"

ဖေဖေမှာရှက်လွန်းလို့ ဆေးရုံမှာတင် ဝုန်းဒိုင်းကြဲကာ။

'ဟဲ့၊ ဟုတ်လို့ဟုတ်တိုင်းမှန်လို့ မှန်တိုင်းပြောတာလေ၊ နှစ်ရက်နဲ့တစ်ပိုင်း တော်လိုက်ရတဲ့ ကိုသန်းမြင့်ဇော်ရဲ့သားမက်က တကယ့်သွေးစစ်သားစစ် မိစစ် ဖစစ် ဟုတ်လို့လား မဟုတ်ဘဲနဲ့ အေ"

ဒေါ်မွှန်မွှန် ရန်ခံတွေ့သလိုပြောလျှင် ဖေဖေ ဒေါ်သမထိန်းနိုင်တော့ပါ။ ထိုင်ခုံနဲ့ ကောက်ရိုက်လို့ ပြဿနာ ပိုကြီးကျယ် သွားခဲ့တဲ့ အဖြစ်။



အသိုင်းအဝိုင်းကြားထဲ မေမေနဲ့ဘွားဘွားမျှ ဖေဖေ့အတွက် လိုက်ရှင်းရတာတွေနဲ့ ဗျာများလေသည်။

မီးကြောင့် ဖေဖေ မေမေတို့ ခုလို အရှက်တကွဲဖြစ်ရတာ။

မောင်လည်း ဘာဘာညာညာ အပြောခံရနဲ့။

'မီး'ရှက်လို့သေတာ သေပစ်ချင်စိတ်ပေါက်တယ်။တွင်းပျက်ထဲ ကျသွားစဉ်က'မီး'တစ်ခါတည်းသေသွားရင်အေးမှာ . . . ။

ဒုက္ခိတမဖြစ်ရုံတမယ် ဖြစ်နေတဲ့ မီး။

'မီး'ကြောင့် ဖေဖေနဲ့မေမေမျက်နှာကို 'မီး'မကြည့်ရဲသလို သနားလည်း သနားလှသည်။ တစ်သက်လုံးအသိုင်းအဝိုင်းကြားထဲ မျက်နှာမော့နေခဲ့တဲ့ ဖေဖေနဲ့မေမေရယ်။

"မြေးရယ်။ မီး ဖေဖေနဲ့မေမေကို စာနာပါကွယ်။ သမီးဖေဖေဟာ တစ်သက်လုံး ဘွားဘွားကို နှုတ်လှန်မပြောခဲ့ဖူးဘူး။ ဒါပေမဲ့ 'မီး' ကြောင့် 'မီး'ဖေဖေ ဘွားဘွားကို နှုတ်လှန်ပြောခဲ့တယ်။ ခုလည်း အသိုင်းအဝိုင်းကြားထဲမှာ အရှက်တကွဲအကျိုးနည်းခံရရှာတယ်။ ဒါကြောင့် 'မီး' နောက်တစ်ခါ မစဉ်းစား မဆင်ခြင်ဘဲ ဘာမှမလုပ်ပါနဲ့ အေ။ 'မီး'ဖေဖေအတွက် ဘွားဘွားမခံစားရက်လို့ပါကွယ်၊ မခံစားရက်လို့ပါ။ 'မီး' ဖေဖေက 'မီး'ကို သိပ်ချစ်တာ မြေးရဲ့။ ဒါကြောင့်'မီး'ကို ငယ်ငယ် ကတည်းက အရိပ် တကြည့်ကြည့် ထိန်းလာတာ။ မီးဖေဖေအုပ်ထိန်းမှု လွတ်သွားတဲ့ တစ်လခွဲ ဆိုတဲ့အချိန်တို အတွင်းမှာ 'မီး' "

"တော်ပါတော့ဘွားဘွားရယ်"

ဘွားဘွားရဲ့ဖျောင်းဖျစကားကို 'မီး'နားမဆင်ရက်တော့ပါ။

"ဘွားဘွားက မြေးကို အပြစ်ပြောနေတာ မဟုတ်ပါဘူး။ ပင်ပန်း

www.burmeseclassic.com

www.burmeseclassic.com



ကျင်ဆိုတာက တစ်ခုခုမြင်ရင် တစ်မျိုးပြောကြမယ်။ သူတို့ ပြောတာကွေကလည်း ဟုတ်နိုးနိုးဆိုတော့၊ ဘွားဘွားတို့ ဘယ်လို လုပ်ပြီး အာခံရဲမလဲကွယ်။ ဒါတွေကို မြေးလေး မစဥ်းစားတတ်အောင် စိတ်နှလုံးနုနယ်ခဲ့တယ်။ ဟောခုတော့ ပြောကြဆိုကြတာ 'မီး' ကြားရ သိရပြီပဲ။ 'မီး'မိဘနောက ထပ် အရှက်တကွဲ မဖြစ်အောင် 'မီး' လေးစာနာပါနော်၊ နောက်တစ်ကြိမ် မိုက်ဖတ်ကြီး မခင်းပါနဲ့တော့ကွယ်တဲ့''

'မီး'ဘာမှပြန်မပြောနိုင်တော့ပါ။

ဝမ်းနည်းလွန်းလို့ မျက်ရည်တွေပဲ ဒလဟောကျကာ။ ဘွားဘွားလက်ကို တင်းနေအောင် ဆုပ်ကိုင်ထားရင်း အသံတိတ် ကတိတွေပေးနေသည်က

ဖေဖေ့ ဆန္ဒအတိုင်းပါပဲလို့။

မောင်ရယ်။

'မီး'ကို နားလည်ပေးပါ ... ။

'မောင်'က ဘာချည်းပဲဖြစ်ဖြစ် 'မီး'အချစ်တွေ မပြောင်းလဲပါဘူး။

မီးအချစ်ဟာ မောင်မွေးစားသားဖြစ်တာနဲ့ မပတ်သက်ဘူး။ မောင့်မှာဘာပိုင်ဆိုင်မှုမှမရှိတာနဲ့လည်း အကျုံးမဝင်ပါဘူး။

မီးနှလုံးသားဟာ လဝန်းပွဲတော်ကအစပြုခဲ့တာ စင်ကြယ်သောရင်ခုန်သံစစ်စစ်နဲ့ဖြစ်သလို၊

မောင်လက်ဆောင်ပေးတဲ့ အလှမီးပန်းလေးပြီးတော့ ပန်းစည်းလေး လက်ခံခဲ့တာက နိုင်မာလေးနက်တဲ့ နှလုံးသားခံစားနဲ့ပါကွယ်။

တစ်ခြား ဘာဆို ဘာမှမပါဘူး။



မောင်နဲ့လည်း ခွဲမနေနိုင်ပါဘူး။

ဒါပေမဲ့ ။

ဟင့် ဟင့် ဟင့် ... ။

ထိုညက မီးမျက်ရည်တို့ တအိအိပြိုကျကာ။

မောင်ဖုန်းကို ပိတ်ပြစ်လိုက်သည်က မချစ်လို့မှမဟုတ်ဘဲ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၉)

ကျွတ် ... ။

အမိက ဖုန်းနံပါတ်တွေနှိပ်ရင်းနဲ့ လက်ချောင်းတွေလဲကြွင်လှပြီ၊ ဖုန်းဝင်ဝင်ချည်းနဲ့ မကိုင်မှန်းသိဘာနေသည်။

ဘာသဘောလဲ 'မီး' ရယ်။

မောင့်မှာကြိုးစားခွင့်မရှိတော့ဘူးလား။

နောက်ဆုံးစက်ပိတ်လိုက်တဲ့'မီး'သဘောက မောင်တို့နှလုံးသား ဓာတ်လမ်းကို ပြီးပြီလို့စာတန်းထိုးလိုက်တာမျိုးလား .. ။

အဲဒါဆို

မောင်က

အချစ်တွေနဲ့ အထီးကျန်ရတော့မယ့် ခေါင်းစဉ်အောက်မှာလား။



မဖြစ်ရဘူးကွာ ။

လုံးဝမဖြစ်ရဘူး ။

လက်ထဲကဖုန်းကိုလွှတ်ချရင်း အမိက ခြေလှမ်းတွေဦးတည်ရာ မဲ့လေသည်။

မောင့်အချစ်ကို ရက်ရက်စက်စက် စွန့်ပစ်လိုက်တာလား မီးရယ်။

'မီး'

အမိက အသံအကျယ်ကြီး အော်ဟစ်ခေါ်ဆိုမိလေသည်။

ညမို့ အသံက ပိုကျယ်ကာ တလောကလုံး ပဲ့တင်ထပ်လေပြီ။

'ဗိ'

တွင်းပျက်ကြီးနားရောက်နေတဲ့ 'အမိက'ကို မိုးသားပြေးလာရင်း ခေါ်သည်၊ စာချွန်ကလည်းစိုးရိမ်စွာ ရောက်ရှိလာသည်။

တွင်းပျက်ကြီးကတော့ မှောင်နေဆဲ။

ထိုအမှောင်က

အမိက နှလုံးသားနဲ့ မခြားနားပေ ။

" ဗိ လာပါကွာ"

"တစ်ခြားနည်းနဲ့ကြိုးစားလို့ရပါတယ်ကွ။ မင်းစိတ်လိုက်မာန် ပါဘာမှမလုပ်ပါနဲ့ ၊ မင်းတစ်ခုခုဖြစ်ရင် 'မီး'ပဲရင်ကွဲမှာကွ"

အမိက နာကြင်စွာမဲ့လေသည်။

"ခုကော ဘာထူးလို့လဲ။ ဒီတွင်းပျက်ကြီးကြောင့် ငါလည်း ရင်ကွဲရတာပဲ။ 'မီး'က 'ငါ'ဆက်သွယ်တာကို လက်မခံတော့ဘူး။ ဒီတော့ ငါ ဘာလုပ်သင့်လဲ"

အမိက မေးပေမယ့် စာချွန်နဲ့မိုးသားမဖြေနိုင်။

www.burmeseclassic.com

www.burmeseclassic.com



''တွင်းပျက်ကြီးကအဖြေတစ်ခုခုတော့ပေးနိုင်လိမ့်မယ်လို့ 'ငါ' ထင်တယ်။ ဒါကြောင့် တွင်းပျက်ကြီးကို ကြည့်ပြီး 'ငါ'စဉ်းစားနေတာကွ၊ ငါ့ကိုယ်ငါ တွင်းပျက်ထဲ ခုန်ချသေပစ်ဖို့အထိ'ငါ' မမိုက်မဲဘူး။ ဒါပေမဲ့ ဒီတွင်းပျက်ကြီးကငါ့နှလုံးသားလိုပဲ အကျည်းတန်နေတယ်။ ငါ့ အချစ်ဟာလဲ 'မီး'ဘဝအတွက် ဒီတွင်းပျက်ကြီးလို အဆိုးတရားတွေဖန်တီးပေးတာမျိုး ဖြစ်နေတာလား။ ငါအလေးအနက်စဉ်းစားနေတာပါကွ''

မိုးသားနဲ့စာချွန်က ယောကျ်ားတန်မဲ့ တွင်းပျက်ထဲခုန်ချ သေပစ်ဖို့ အမိက ကြံစည်နေတာလား။ ထိုအတွေးနဲ့ စိုးရိမ်ပြီး ပြေးလာကြခြင်းပါ။ ခုတော့

အမိကအတွေးက လေးနက်ခိုင်မာနေသည်။ တွင်းပျက်ကြီးကို ကြည့်ပြီး အကောင်းဆုံးအဖြေတစ်ခုရဖို့စဉ်းစားနေတဲ့ သူငယ်ချင်းအဖြစ်ကို သိရမှ ကိုယ်စီသက်မချလျက်။

တွင်းပျက်ကြီးနဲ့မလှမ်းမကမ်းမှာ ရှိနေတဲ့ သရက်ပင်အိုကြီး အောက်က ခုံတန်းမှာဝင်ထိုင်ကြသည်။

'အမိက'က တွင်းပျက်နှုတ်ခမ်းအပြင်ဘက်က မြေမို့မို့လေး ပေါ်မှာ ဒီအတိုင်းထိုင်ချကာ။

''ငါ့ကြောင့် ဒီလိုဖြစ်ရတယ်လို့ 'မီး'ခံစားမိတယ်ဆိုရင်''

''မဟုတ်ဘူးထင်တယ် ဓိ''

အမိက စကားမဆုံးခင် စာချွန်ဝင်ပြောသည်။ အမိက စာချွန် ဘက် ငဲ့စောင်းကြည့်လေပြီ ။

''မင်း ဘယ်လိုထင်တာလဲ''

''အင်း 'မင်း'ဟာ သူတို့အသိုင်းအဝိုင်းမှာ မွေးစားသားကလေး



ကချေလို့ အတော်သတင်းကြီးနေတယ် ငါထင်တာတော့ အဲဒါကြောင့်ပဲ''

အမိက မျက်နှာမဲ့ကာ ခေါင်းရမ်း၏

''မဆိုင်လိုက်တာ ကွာ''

''ဆိုင်တာ မဆိုင်တာက တစ်ခြား။ အဲဒီသတင်းက အတော့်ကို အရှိန်ကောင်းနေတာ 'ဓိ' ''

မိုးသားလည်း ခေါင်းဆတ်ရင်းပြောသည်။

'ဘာကြောင့်ဖြစ်ဖြစ် 'မီး'က နစ်နာတယ် ထင်ရင်၊ မဟုတ်ဘူး။ နစ်နာတယ် ယူဆပြီး ငါ့ကို ပြန်အဆက်အသွယ် မလုပ်ဘူးဆို့တော့''

အမိက စကားရှေ့ဆက်မပြောလိုတော့ပါ။

ထိုင်နေတဲ့ဘေးနားကမြေကြီးခဲလေးကောက်ကာ တွင်းထဲ ပစ် ပေါက်လိုက်သည်။ မြေကြီးခဲသံည်အတန်ကြာမှတွင်းပျက် အောက်ခြေမှာ ကျကာ အသံလှိုက်တက်လာသည်။

''မင်း က' မီး'ကို စွန့်လွှတ်ပေးလိုက်မယ် အဲလိုလား''

မိုးသား အားမလိုအားမရဖြစ်လျက် ထိုင်နေရာမှ ထလာရင်း မေးသည်။

''အခြေအနေက အဲဒီအဆင့်ရောက်နေပြီ ကွ''

''ကျွတ် ၊အမိပ္ပါယ်မရှိတာတွေကို မင်း ဘာမှဆုံးဖြတ်နေစရာ မလိုဘူး။ မင်းကိစ္စ မင်းအဖေလိုက် ဆွေးနွေးနေတယ်''

''ဟုတ်တယ် ဓိ။ 'မီးအဖေ' အရှက်လွှန်ပြီးတင်းမာ နေတာ မျိုးဖြစ်မယ်။ မင်းအဖေ ဆွေးနွေးရင် အခြေအနေ၊ ပြောင်းလဲဖို့ရှိတယ်။ မင်းဘာမှလောလောလတ်လတ်ဆုံးဖြတ်ဖို့မလိုဘူး''

စာချွန်လည်း လက်မခံနိုင်စွာ ဝင်ပြေးရင်း ထလာပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



အမိက မြေကမူမှာ ထိုင်နေရာမှထပြီး။

''ငါတော့ ဘာမှ မမျှော်လင့်တော့ဘူး။ 'မီး'အဆက်အသွယ် လုပ်ခွင့်မပေးတာက'ငါ'ဆုံးဖြတ်ရတော့မယ်လို့ အချက်ပြလိုက်သလိုပဲ''

''မဟုတ်သေးဘူး 'မိ' ''

စာချွန်နဲ့မိုးသား လုံးဝလက်ခံချင်ပါ။

အမိကပြောသမျှကို ချေပဖို့ပဲ တာဆူနေသည်။ အမိက လက်ကာ ဟန်တားရင်း ချေပခွင့်မပေးဘဲ တစ်ဆက်တည်းပြော၏။

''တော်ပြီကွာ။ မင်းတို့လည်း ငါ့ကြောင့်စိတ်ပန်း လူပန်း ဖြစ်နေပြီ။ ငါလည်း မင်းတို့ကို အားနာတယ်။ ရှေ့ဆက်ပြီး ငါ့နှလုံးသားအတွက် 'ငါ'ပဲစဉ်းစားဆုံးဖြတ်မယ်။ ငါဆုံးဖြတ်ချက်မှန်သမျှက 'မီး' ဖြစ်စေချင်သလို ဖြစ်ခွင့်ပေးလိုက်ဖို့ပဲ၊ ကဲ တော်ပြီ နားကြကွာ''

အမိက ရှေ့ဆက်အပြောမခံ။

စကားအဆုံးအထိ ပိတ်ပြောကာ သူငယ်ချင်းနှစ်ယောက် ရှေ့မှ ဦးစွာထွက်သွားလေသည်။

မိုးသားနဲ့စာချွန်လည်း ပြောခွင့်မသာတော့ပါ။

သူတို့ရင်ထဲမှာလဲ တွင်းပျက်ကြီးခံနေတာနဲ့ မခြားနား သလိုပင်။

♛♛♛♛♛♛

## အခန်း(၃၀)

'သန်းမြင့်ဇော်'

ဒေါ်ရွှေအိမ်တင်းမာစွာဖိခေါ်လေသည်။ထိုအခါညှော်ခန်းထဲကထွက်သွားနေဆဲ ဦးသန်းမြင့်ဇော် ခြေလှမ်းတုန့်ခနဲ့ တန့်သွားပါ၏။

ဒေါ်ရွှေအိမ် မာန်ပါပါနဲ့လက်တစ်ဖက်ကိုခါး ထောက် ပြီး ညှော်ခန်းထဲလှမ်းဝင်ကာ ။

''မင်း ဆုံးဖြတ်ချက်တွေ သိပ်လွဲနေပြီကွဲ့''

''အဟွန့်''

ဦးသန်းမြင့်ဇော် မဲ့မဲ့ချည်းပဲ မျက်နှာကိုတင်းကာ။

''ဦးစိုးကြိုင် မျက်နှာငယ်လေးနဲ့လာပြောရုံနဲ့တင် အမေ့စိတ် ဟိုဘက် ယိုင်ချင်ယိုင်မယ်။ ကျွန်တော့်ဘက်ကလုံးဝပဲ၊ ကျွန်တော့်သမီး

www.burmeseclassic.com

www.burmeseclassic.com



ကိစ္စကို ကျွန်တော့်စိတ်ကြိုက်စီရင်ဆုံးဖြတ်ပါရစေ အမေ ဘာမှဝင်မပြောနဲ့"

"ကိုကို"

မိခင်နဲ့ခင်ပွန်းသည်ကြား တင်းမာနေပြီမို့ ဒေါ်ပန်းမာလာမနေသာ တော့ပါ။ စာဖတ်ခန်းထဲရှိ နေရာမှ ကမန်းကတန်းထလာပြီး ခေါ်သည်။ ဟန့်တားလိုသော ဖန်းသည့်ခေါ်သံကိုလည်း ဦးသန့်မြင့်ဇော် ဂရုမမူတော့ပါ။

'ဒီကိစ္စ မင်းဝင်မပါနဲ့ မာလာ။ ဘယ်သူမှလည်း ဝင်မစွက်ဖက်ကြနဲ့ ဒါပဲ။"

ဦးသန့်မြင့်ဇော် ပြတ်ပြတ်သားပြောသည်က ဖန်းရော ယောက္ခမရော အားမနာစရာဖြစ်လေသည်။

"တောက် မာလာ ညည်းယောကျ်ားကို 'ငါ' စိတ်နဲ့ လုံးဝမတွေ့တော့ဘူးအေ။"

ဒေါ်ရွှေအိမ် အံတကြိတ်ကြိတ် လက်ညှိုးတရမ်းရမ်းနဲ့ ပြောလေသည်။

ဦးသန့်မြင့်ဇော်က ယောက္ခမ တောက်ခတ်ပြောတာလဲ မမှုတော့။ အပြတ်ပြောပြီးသည်နှင့် ဧည့်ခန်းထဲက ထွက်သွားလေသည်။

ဒေါ်ပန်းမာလာ ခမျာ မိခင်နဲ့ခင်ပွန်းသည်အကြား ဗျာများသွားလေသည်။ မိခင်ရှေ့မှာလည်း မျက်နှာမော့ကာ ပြန်ပြောလို့မရ ဖြစ်သလို ခင်ပွန်းသည် နားလည်လက်ခံအောင် ဖျောင်းဖျပေးနိုင်စွမ်း မရှိတဲ့အဖြစ်။

ဒေါ်ပန်းမာလာ စိတ်ပျက်လက်ပျက်ဖြစ်သလို ဝမ်းလည်းနည်းကာ

"မာလာလည်း စိတ်ပျက်လှပြီး အမေရယ်"

"အေး။ စိတ်ပျက်တယ်ပြောရုံနဲ့ ပြီးသွားမတဲ့လား"

သားမက်ကို ပြောခွင့်မရလိုက်တဲ့စကားတွေ သမီးကို ဖိပြောနေတဲ့



ဒေါ်ရွှေအိမ် နည်းနည်းလေးမှ မလျော့နိုင်တော့ပါ။

သမီးကို တည့်တည့်ကြည့်ပြီး ဆက်တိုက်ပြောလေသည်။

"ညည်း စဉ်းစားကြည့်စမ်း မာလာရယ်။ ကောင်လေးဘက်က ဂုဏ်သိက္ခာရှိရှိဖြစ်ဖို့ အစစအရာရာ လိုက်လျောပေးမယ်လို့ ခြေထောက်မကိုင်ရုံတမယ် လာပြောတာတောင် ညည်းယောကျ်ား အတ္တကြီး နေတာ ငါ့မြေးလေးဘဝ အညွန့်တုံးအောင် လုပ်ပစ်တာနဲ့ အတူတူပဲ။ ညည်းခေါင်းနဲ့စဉ်းစားကြည့်စမ်း ဟဲ့ "

ဒေါ်ပန်းမာလာ မျက်လုံးစုံမှိတ်ကာ ခေါင်းတွင်တွင်ရမ်းမိလေသည်။

အမေပြောရင်လည်း ပြောစရာပဲ။

ဦးစိုးကြိုင် လာပြောတဲ့စကားတွေက တကယ့်ကို သမီးဘဝအတွက် တန်ဖိုးကြီးလှပါတယ်။

"လူငယ်ချင်း နီးပြေးတဲ့ကိစ္စမှာ မမျှော်လင့်ဘဲ ဆိုးဆိုးဝါးဝါးတွေ ဖြစ်တည်ခဲ့တဲ့အတွက် ကျွန်တော်လည်း ဖခင်ချင်းကိုယ်ချင်းစာတယ် နားလည်ပါတယ်၊ ဒါကြောင့် ကိုသန်းဇော်မြင့်ဘက်က နာကြင်တာတွေကို ကျွန်တော် မျှဝေခံစားပေးနိုင်ပါတယ်"

"နေပါဦး။ ခင်ဗျားက ဘာကိစ္စ ဒါတွေ လာပြောနေတာလဲ"

ဦးသန့်မြင့်ဇော်မနှစ်မြို့စွာ ခပ်တင်းတင်းမေးချသည်။ ဦးစိုးကြိုင်လေသံဖျော့ဖျော့လေးနဲ့ပဲ တစ်ဖက်သားနားဝင်လက်ခံလာအောင် ဆက်ပြော၏။

"အခုလောလောဆယ် ကိုသန့်မြင့်ဇော်တို့ အသိုင်းအဝိုင်းကြားမှာ ဂယက်ရိုက်နေတဲ့ကိစ္စ၊ ကိုသန့်မြင့်ဇော်တို့ ဂုဏ်သိက္ခာထိပါးသလိုဖြစ်နေတဲ့ကိစ္စတွေကြောင့် သားအပေါ်လည်းအထင်အမြင်အသေးစေချင်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



သားကလည်း အထင်အမြင်သေး နှုတ် သိမ်ဖျင်းတဲ့ အဆင့်အတန်းထဲက မဟုတ်ပါဘူး။ သားဟာ မျိုးကောင်းမျိုးသန့်က မွေးဖွားလာတဲ့ သွေးစစ်စစ် သားစစ်စစ်ပါ။ သားမိဘနှစ်ပါးဟာ အခြေကြီးကြီး အနေကြီးကြီးပါဗျာ။ အကြောင်းကြောင်းကြောင့် ကျွန်တော်တို့ရဲ့မွေးစားသားဖြစ်နေတဲ့အပေါ် အသိုင်းအဝိုင်းကြားမှာ ကိုသန်းမြင့်ဇော်တို့အရှက်ရစရာ ဖြစ်သွားရတယ်ဆိုရင် အဲဒီအရှက်တရားတွေကို သားမိဘများက ပြန်ဆယ်ပေးကြမှာပါ။ သားမိဘရင်းကို ကျွန်တော်အကြောင်းကြားထားပြီးပြီ။ သူတို့မကြာခင် ရောက်လာကြမယ်။ ကိုသန်းမြင့်ဇော် တောင်းဆိုသမျှကို လိုက်လျောပေးမယ် ဗျာ။''

ဦးစိုးကြိုင်စကားမဆုံးခင် ဦးသန်းမြင့်ဇော် လက်ကာဟန့်၏။ ထိုအခါ ဦးစိုးကြိုင် စကားမဆုံးသေးသည်မို့

''တစ်ဆိတ်သည်းခံပြီး ကျွန်တော့်စကားဆုံးအောင် နားထောင်ပေးပါဗျာ။ ကိုသန်းမြင့်ဇော်တို့ တောင်းဆိုလာရင် သားတို့မင်္ဂလာပွဲမှာ ပန်းမကြဲပါနဲ့၊ စိန်တွေကြဲပေးပါဆိုရင်တောင် သားမိဘက အပြုံးမပျက် ဘဲ၊စိန်တွေကြဲပေးနိုင်တဲ့ အခြေအနေမျိုးပါ။ ကိုသန်းမြင့်ဇော်တို့ ပတ်ဝန်းကျင်မှာ သတင်းပျံ့နေသလို''

''တော်စမ်း ဦးစိုးကြိုင်။ စိန်တွေကြဲရုံပေးရုံမက ရတနာကိုးပါး ကြဲနိုင်တဲ့ ဒိတ်ဒိတ်ကြဲဖြစ်ပစေ။ ကျုပ်သဘောမတူနိုင်ဘူးလို့၊အစကတည်းက ကြော်ငြာပြီးသား။ ခင်ဗျား ခုချက်ချင်း ထွက်သွား''

ဦးသန်းမြင့်ဇော် ဝုန်းခနဲ့ထရပ်ရင်း အမိန့်ပေးသလိုပြော၏။

ဦးစိုးကြိုင်လည်း ထရပ်၍

''ကိုသန်းမြင့်ဇော်''



''ခင်ဗျားကို ထွက်သွားလို့ပြောနေတယ်နော် မသွားဘူးလား''

လက်ညှိုးထိုးပြောနေတဲ့ ဦးသန်းမြင့်ဇော် ကျန်လက်တစ်ဖက်က စားပွဲတင်ပန်းအိုးကိုဆွဲကိုင်ပြီး ဦးစိုးကြိုင်ကို တကယ်ပစ်ပေါက်လေသည်။ ဦးစိုးကြိုင်အရှောင်မြန်ခင်လို့ လက်မတင်လေးလွဲကာ နံရံမှာထိပြီး ကွဲကြေသွားတဲ့ပန်းအိုးက ကတ္တီပါကော်ဇောစိမ်းကြီးပေါ်မှာ အကျည်းတန်စွာ ပြန့်ကြဲကျလေသည် ။

''ခင်ဗျား၊ ဗျာ''

မျက်နှာအောက်ခံပြီး ပြောဆိုရှင်းပြနေတာတောင် နည်းနည်းလေး မှပျော့ပျောင်းမလာတဲ့ ဦးသန်းမြင့်ဇော်ကို ကြည့်ရင်း ဦးစိုးကြိုင်စိတ်ပါတ်ကျသလို ရင်ဆိုင် ဖျောင်းဖျလို့လည်းရမှာမဟုတ်ကြောင်းသိသွားလေသည်။

ထို့ကြောင့်

စိတ်ပျက်လက်ပျက်ရေရွတ်ကာ။ ဧည့်ခန်းထဲက ထွက်သွားရရှာတဲ့ ဦးစိုးကြိုင်ရဲ့အဖြစ်။

ပြန်မြင်မိရင်း ဒေါ်ပန်းမာလာ ငိုင်တွေသွားစေသည်။

ဦးစိုးကြိုင်က ကိုကို့နဲ့နှစ်ယောက်တည်း စကားပြောချင်တယ်ဆိုလို့ သူမနဲ့မိခင် စာဖတ်ခန်းထဲဝင်နေခဲ့သည်။

အခြေအနေကိုလည်းစောင့်ကြည့်နားဆင်နေခဲ့ပါသည်။

တစ်ဖက်ကလှိုက်လှိုက်လှဲလှဲပြောဆိုဆွေးနွေးတာကို လက်ွခံခဲ့တဲ့ အပြင် ရင့်သီးကြမ်းတမ်းလာတဲ့ 'ကိုကို့' အပေါ် အမေ မကျေမနပ်ဖြစ်တာ မဆန်းတော့ပါ။

သူမလည်း ကိုကိုသဘောကို သိပ်နားမလည်အောင် ဖြစ်ရ၏။

'တစ်ကယ်ဆို သားရှင်ဘက်က ဒီလောက်လိုက်လိုက် လျောလျော

www.burmeseclassic.com

www.burmeseclassic.com



ပြောဆိုလာတဲ့ကိစ္စ ဟုတ်၏၊ မဟုတ်၏ဆိုတာ စဉ်းစားပေးရမယ့် ကိစ္စပါ မာလာရယ်။ ခုတော့ စဉ်းစားပေးဖို့နေနေသာသာ တုန့်ပြန်လိုက်တာက လူရမ်းကားဆန်နေတယ်။ အဲဒါကို ငါမကျေနပ်ဆုံးပဲ မာလာ"

အမေပြောတာလဲ ဒေါ်ပန်းမာလာ လက်ခံနိုင်လေသည်။

"ကိုကိုစိတ်က တစ်ခါတစ်ခါနားလည်ရခက်တာပဲအမေရယ်"

"တစ်ခြားကိစ္စမှာ ခက်တာအရေးမကြီးဘူး။ ခုကိစ္စမှာ ခက်နေတာက ငါ့မြေးဘဝအစွန်းအထင်းဖြစ်စေတယ်ဟယ်"

အစကတော့ ခင်ပွန်းသည်နဲ့သူမ တစ်သဘောတည်းပါ။

ခုကိစ္စမှာတော့အမေနဲ့ တစ်ထပ်တည်းကျကာ။

"ဟုတ်တယ် အမေ။ အသိုင်းအဝိုင်းကြားမှာ အရှက်တကွဲဖြစ်နေတဲ့ကိစ္စ ကိုကိုးကြိုင်ပြောသလို အဓိက မိဘက စိန်တောင်ကြဲပေးနိုင်တဲ့ ဒိတ်ဒိတ်ကြဲအဆင့်ထဲက တကယ်ဖြစ်နေရင် သမီးအတွက် ဘယ်လောက် ဂုဏ်ရှိစေမလဲ ကွဲခဲ့တဲ့အရှက်တွေလည်း ပြန်ဆယ်နိုင်မယ် မဟုတ်လား။ အမေရယ်"

"အဲဒါထက် မြေးနဲ့ကောင်လေးကလည်း လူငယ်ချင်း ချစ်ကြမြတ်နိုးကြတာလေ။ သူတို့တွေရဲ့ခံစားချက်ကိုလည်း ထည့်စဉ်းစားပေးရမယ်။ ခုတော့ဘာမှမစဉ်းစားဘဲ၊ လူရမ်းကားဆန်နေတာ ငါ သည်းမခံချင်တော့ဘူး မာလာ။ ညည်းလင် ညည်း ကြည့်ကျက်ပြောဦး။"

အမေက ဘွင်းဘွင်းချည်းပြောချလျှင် ဒေါ်ပန်းမာလာ ဘာမှဆက်ပြောချင်စိတ်မရှိတော့ပါ ။

အမေ့ရှေ့က သိမ်ငယ်စွာပဲလှည့်ထွက်ခဲ့သည်ကခင်ပွန်းသည်ရှိရာသို့။

♛♛♛♛♛♛

## အခန်း(၃၁)

"ရလားဟင် မမမီး။"

ကျိုင်းထောင့်နှစ်ဖက်နဲ့လမ်းလျှောက်ကျင့်နေတဲ့ ခေတ်သမီး။ ခင်ရီကမေးမကူညီမလို့အပါးက တကောက်ကောက်လိုက်ရင်းမေးလေသည်။

"ရပါတယ် ခင်ရီရယ်။"

'မီး' ... တိုးတိုးလေးပြောရင်း၊ ကျိုင်းထောက်နှစ်ဖက်ကို အားပြုလျှောက်လေသည်။ မြက်ခင်းစိမ်းပေါ်ကျိုင်းထောက်နဲ့တစ်လှမ်းပြီး တစ်လှမ်းဖြေးညင်းစွာ လျှောက်ရင်း ဒီမြက်ခင်းမှာ ပျော်ရွှင်စွာ ဂေါက်သီးနဲ့ ကျင်းစိမ် ကစားခဲ့တာကို မီးသတိရလာသည်။

ခုတော့ ။

ဂေါက်သီးစိမ်တမ်း ကစားလို့မရတာ အားငယ်သလိုလိုရှိလေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ သုံးလအတွင်း 'မီး' ဘဝကအပြစ်အနာအဆာတွေအနည်ထကာ နလုံးသားမှာလည်း ဒဏ်ရာတွေ စွန်းလို့နေလေပြီ။

ဖုန်းအဆက်အသွယ်တောင်မလုပ်မိတဲ့ 'မီး' ကို မောင် မုန်းသွားမှာလား။ နာကြည်းနေမလား။ ဒါတွေလည်း တွေးရင်း မျက်ရည်တွေ မထိန်းနိုင်။

"ထိုင် မလို့လား၊ မမမီး"

ခုံတန်းရှေ့မှာ ဂျိုင်းထောက်နဲ့ခြေစုံရပ်လျှင် ခင်ရီအလိုက်တသိမေးသည်။ ခေတ်သမီးခေါင်းလေးပဲညိတ်၏။

ခင်ရီ ဂျိုင်းထောက်ကို 'မီး' ဆီမှယူပြီး ကူတွဲကာ ထိုင်ခုံမှာအသာထိုင်စေသည်။ 'မီး' ထိုင်ချလျှင် ပြည့်ဝိုင်းနေတဲ့ မျက်ရည်ဥကလေးများ 'မီး' မျက်ဝန်းဆီမှအိခနဲ့ကြွေသက်လေသည်။

'မီး' မျက်နှာလေးလွှဲကာ ခင်ရီ မမြင်အောင် လက်ညှိုးကလေးနဲ့ တို့သုတ်၏။ 'မီး' ကိုတိုက်အပေါ်ထပ်ဝရံတာမှ လှမ်းကြည့်နေတဲ့ ဘွားဘွားရဲ့ ကရုဏာမျက်ဝန်းကြောင့် 'မီး' မျက်ရည် ပိုလိုပင်ကျရလေသည်။

တိုက်ရှေ့မျက်နှာစာမှာစောင့်ကြည့်နေတဲ့ ဖေဖေ မမြင်အောင်၊ 'မီး' မျက်ရည်တွေသုတ်လျှင် ခင်ရီက အလိုက်သိသိတစ်ရှူး နုနုလေး ကမ်းပေးသည်။

မေမေကတော့သက်ပြင်းတစ်ချချနဲ့ ဖေဖေအပါးမှာရှိနေပါသည်။ ဖေဖေတပည့်တပန်းများလည်း ဖေဖေခိုင်းတဲ့ကိစ္စနဲ့အပြင်က ပြန်ရောက်လာပြီး။ ဖေဖေနဲ့အလုပ်ကိစ္စတွေပြောဆိုမလို့စကားဝိုင်းစလျှင်၊

ဖေဖေ့လက်ကိုင်ဖုန်းထမြည်၏။

ဖေဖေလက်ကိုင်ဖုန်း ကောက်ပြီး၊ နားထောင်တဲ့အခါ ဖေဖေ



မျက်နှာသိသိသာသာ ပျက်နေလေသည်။

ပြီးတော့ထိုင်ရာကထလာကာ၊ 'မီး' နဲ့နီးနီးလေးမှာရှိတဲ့ ရွက်လှပန်းချုံဘက်လျှောက်လာရင်း ဖုန်းစကားပြော၏။

ပြောတဲ့အသံက အောင့်သက်လျက်။

"ကိုတင့်မောင် ဘာမှမပြောပါနဲ့ဗျာ။ ကျွန်တော် တောင်းပန်တယ်၊ ကျွန်တော့်ဘက်က ကတိပျက်တယ်လို့ပဲ သဘောထားလိုက်၊ ကျွန်တော်တို့ စီစဉ်ထားသမျှ ပျက်ရတာ ကလေကချေကောင်ကြောင့်ဗျ။ အခုလက်ရှိ ကျွန်တော့်သမီးဘဝမှာဒဏ်ရာတွေနဲ့ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ကိုတင့်မောင်နဲ့ကျွန်တော် ခမည်းခမက်တော်ကြမယ့်ကိစ္စ ဆက်မပြောပါနဲ့တော့။ နောက်လည်း ကျွန်တော်နဲ့ မဆက်သွယ်ပါနဲ့ ဒါပဲ"

ဖေဖေအရှက်သည်းစွာမငြိမ်မသက်ပြောရင်းဖုန်းပိတ်လိုက်၏။ 'မီး' ဖေဖေကို မကြည့်ရဲလောက်အောင် ဝမ်းနည်းသွားလျက် ခေါင်းကို အလိုလို ငုံ့ချလေသည်။

"သန့်ကို ခိုင်းထားတဲ့ကိစ္စအားလုံးရယ်ဒီဖြစ်ပြီလား"

"ပြီးပြီ ခင်ဗျ"

'ဖေဖေကတပည့်တွေဆီ လျှောက်သွားရင်းမေးလိုက်တဲ့အသံ 'မီး' နားက ကြားနေရသည်။ ဖေဖေတပည့်တွေလည်း အပီအပြင်ဆိုလျှင် . . . ။

"မာလာ"

ဖေဖေ နောက်လိုက်လာတဲ့မေမေကိုခေါ်၏။ မေမေ တစ်ခုခုကို ရိပ်မိနေဟန်တူပါသည်။ မျက်နှာမကောင်းစွာ ဖေဖေအလိုကျထူး၏။

"ပြောပါ ကိုကို"

"ကိုတင့်မောင် ဖုန်းတဂျီဂျီ ဆက်နေတတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာတဲ့လဲ ဟင်"

"သူဘာမှမပြောခင် 'ကိုကို'ပိတ်ပြောလိုက်ပြီ။ ငြင်းလည်း ငြင်းလိုက်ရတယ်။ မငြင်းလို့မှမရတော့ဘဲ"

"ကိုကို့ရယ်"

ဒေါ်ပန်းမာလာသက်မချ၏။ ဦးသန်းမြင့်ဖေ လက်နှစ်ဖက်ကို ခါးပေါ်ထောက်သလိုတင်ရင်း ဆက်ပြော၏။

"ကိုတင့်မောင်က ဒီထိလိုက်လာဖို့ စီစဉ်ချင်၊စီစဉ်ဦးမှာ။ ကိုကိုတော့ အတွေ့မခံချင်ဘူး ရှက်တယ်ကွာ။ ကိုတင့်မောင်တို့လာရင် ရှောင်နေတဲ့ သဘောဖြစ်အောင်'ကိုကို'တို့မိသားစု စင်္ကာပူထွက်ကြမယ်။ သမီးကို ဆေးလည်းဆက်ကုရင်းပေါ့။ ပြင်ဆင်စရာရှိတာ အမြန်ဆုံး ပြင်ဆင်ကွာ"

ဖေဖေဒါပဲပြောပြီးသက်မချသည်။

မေမေက ဖေဖေ့ကို ဘာမှပြောခွင့်မသာသည်မို့ ဘာမှမပြောဘဲ ခေါင်းညိတ်နားခံရတာ။

မျက်ဝန်းက 'မီး'ကိုကြင်နာစွာ လှမ်းကြည့်၏။

'မီး' မျက်ရည်သုတ်ရင်းအကြည့်လွှဲမိသည်။

မေမေအကြင်နာမျက်ဝန်းနဲ့ 'မီး'ရင်မဆိုင်ချင်တော့ပါ။ဝမ်းနည်းတာပဲသိသလို ကြေကွဲတာတွေမျှပြည့်နှက်နေလေသည်။

မောင်ရယ်။

တကယ်ဝေးကြ တော့မှာလေ။

♛♛♛♛♛♛

## အခန်း(၃၂)

ဖေဖေတပည့်တွေအားလုံး ခရီးဆောင်အိတ်တွေ ကားပေါ် တင်နေကြသည်။

"ငါကတော့၊ နင်တို့နောက် မလိုက်နိုင်ဘူး သန်းမြင့်ဖေ"

ဘွားဘွားကခပ်မာမာပဲ တုန့်ပြန်ခဲ့သည်။ ဖေဖေကလည်း တင်းပါ၏။

"အမေ့ သဘော"လို့

ဆိုလေသည်။

မေမေကလည်းငြင်းဆန်လိုတဲ့ ဆန္ဒရှိဟန်တူပါသည်။

"ကိုကို "

ဖေဖေကိုခေါ်သည်နှင့် ဖေဖေ တင်းတင်းပြတ်ပြတ်ဆိုလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ သွားခါနီးလာခါနီး နာပူနာဆာဘာမှမလုပ်ပါနဲ့။ 'မင်း' လည်းမလိုက်ချင်ရင် နေခဲ့လို့ရတယ် မာလာ။ အရေးကြီးတာ ငါ့သမီးကို ငါခေါ်သွားဖို့ပဲ။ ကြားတယ်နော်၊ လိုက်မယ်ဆိုရင် သွားပြင်ဆင်"

မေမေကို အပြတ်အသားပြောတဲ့ ဖေဖေ။ ဘွားဘွား မျက်စောင်း ထိုးသည်ကိုလည်း ဖေဖေမမှုချေ။

"သမီး ပြီးရင်ထွက်လာခဲ့လေ။ ဖေဖေ စောင့်နေတယ် သမီးရဲ့"

အခန်းဝမှာလာရပ်ပြီး ဖေဖေခေါ်လေသည်။

မေမေနဲ့ဘွားဘွားအပေါ် တင်းတင်းမာမာဆိုနေတဲ့ဖေဖေ။ 'မီး' ကိုပြောလိုက်တိုင်း၊ ညင်သာသိမ်မွေ့လျှက်ရှိလေသည်။

မီးမှန်တင်ခုံရှေ့ရှိနေရာမှ ဖေဖေအလိုကျခေါင်းညိတ်ရလေသည်။

မီးအလှပြင်ချင်စိတ်လည်းမရှိပါ။

မောင်လက်ဆောင်ပေးထားတဲ့ မီးပန်းလေးကို သတိရ၏။ ဘယ်သူမှမမြင်မိစေဖို့အံ့ခွဲထဲ ထည့်ဝှက်ထားတဲ့၊ အလှမီးပန်းလေးကို နောက်ဆုံးအနေနဲ့ မီးခလုတ်ဖွင့်ကြည့်မိ၏။

'ချစ်တယ်'ဆိုတဲ့

စာလုံးပုံဖန်တီးလေး လင်းလျှင်၊ မီးနှလုံးသားမှာ လွမ်းဆွတ်ရီဝေသွားလေပြီ။

ခွဲခြားခြင်းဟာ ပန်းလေလား။ ရင်ခုန်ခြင်းလေလား။

သေချာတာက

ပြင်းပြတဲ့နှလုံးသားဟာတောင့်တခြင်းတွေနဲ့ယှိစိမ့် ကျလှာကာ နောက်ဆုံးအနေနှင့် မျက်နှာချင်းဆိုင် နှုတ်ဆက်ခွင့်ရချင်တဲ့ ရင်ခုန်သံတို့ မြန်လေသည်။



ဒါပေမဲ့

မောင်နဲ့ မျက်နှာချင်းဆိုင် နှုတ်ဆက်ခွင့်မရနိုင်မှန်း 'မီး'သိပါသည်။ မီးပန်းလေးကို ငေးကြည့်နေတဲ့'မီး'မျက်ဝန်းဟာချစ်စိတ်ကြောင့်၊ မှိုင်းညို့လာကာ၊ လက်ကိုင်ဖုန်းဖွင့်ပြီး မောင့်ဖုန်းနံပါတ်ကို တရစပ်နှိပ်မိလေသည်။

မောင့်အသံလေးတော့ကြားပါရစေကွယ်။

ဖုန်းဝင်ပေမယ့် ပြန်ကြားခြင်းမရှိသည့်က ၊'မောင်'လည်း 'မီး'ကိုတန်ပြန် မဆက်သွယ်တော့တဲ့သဘော သက်ရောက်နေသလို ခံစားရလေသည်။

ထိုအခါ'မီး'နှလုံးသားမှာ မခံစားနိုင်ဖြစ်ကာ ချစ်မျက်ရည်တို့ အိသွဲ့ ခုန်ဆင်းလာလေပြီ။

'ကိုသန်း'

ဘုရားခန်းဆီ ဒုတိယအကြိမ်ဦးတည်သွားတဲ့ ဦးသန်းမြင့်ဖော် ခြေလှမ်းတန့်သွား၏။

တစ်ဆက်တည်းလည်း နောက်ပြန်လှည့်ကြည့်လျှင် ပေါ်တီကို အောက်မှာ ထိုးရပ်လာတဲ့ ကားပေါ်မှ သွက်သွက်ဆင်းလာရင်း လှမ်းခေါ် လိုက်တဲ့ ဦးတင့်မောင်။

'ဟင်'

ဒေါ်နုနုရီလည်း နောက်ကပါလာသည်။

မထင်မှတ်ဘဲ မြင်လိုက်ရတော့အံ့ဩလွန်းကာ တစ်ကိုယ်လုံး တောင့်မတ်သွားလေသည်။ ချက်ချင်းလည်းအရှက်သည်းကာ။

မျက်နှာချင်းမဆိုင်ချင်လို့ ရှောင်ထွက်ရန်ကြိုးစားရာမှ လက်မတင့်

www.burmeseclassic.com

www.burmeseclassic.com



လေး ရောက်လာကြတဲ့ ထိုဖန်းမောင်နှံ။

ဦးသန်းမြင့်ဇော် ရှက်တာတွေပဲ ထပ်တလဲလဲခံစားရကာ။

"ကိုတင့်မောင် ကိုယ်အပြတ်ပြောပြီးပြီပဲ။ မဖြစ်နိုင်ဘူးဆိုတာ"

"ဒါက ကိုသန်းအမြင်လေ"

"နုနုတို့ကိုလည်း ပြောခွင့်ပေးပါဦး၊ ကိုသန်းရယ်"

ထိုလင်မယား ဦးသန်းမြင့်ဇော် ရှောင်ထွက်သွားလို့ မရအောင် ဝိတ်ဆိုရင်း ပြောကြဆိုကြလေသည်။

"ကိုသန်း စကားပူရှောင်ထွက်ဖို့ စီစဉ်နေတာ ကိုသန်းယောက္ခမ ပြောလို့ ကိုယ်တို့လင်မယား ကမန်းကတမ်းလာခဲ့ကြတာကွ"

"ဘာ"

ဦးသန်းမြင့်ဇော် မယုံနိုင်အောင်ဖြစ်ကာ၊ ယောက္ခမကို ဒေါ်နုမောနဲ့ လှမ်းကြည့်သည်။ ယောက္ခမက မျက်နှာထားနဲ့ ကြည့်လျှင် ဦးသန်းမြင့်ဇော် အရှက်ပိုသည်းကာ တင်းမာသွားပြီး။

"အမေ"လို့

မကျေမနပ်ဖိခေါ်ရင်း အနားတိုးသွား၏။

ဦးတင့်မောင်နဲ့ဒေါ်နုနုရီက ဦးသန်းမြင့်ဇော်ကို လက်တစ်ဖက်တစ်ချက်ကဆွဲထားလေသည်။

"ကိုသန်းရယ်၊ ကိုယ်ပြောပါရစေဦး"ဟု

ဆို၍ ဦးသန်းမြင့်ဇော်ကို ဆိုဖာမှာ အတင်းထိုင်စေသည်။ ဦးသန်းမြင့်ဇော်မထိုင် တောင့်တောင့်ချည်းရပ်လျက်။

"ကိုတင့်မောင်နဲ့နုနုကို 'ကိုယ်' တောင်းပန်ပြီးပြီပဲ။ ဘာဖြစ်လို့ ကိုယ်အရှက်တကွဲ ဖြစ်နေတာကို လာကြည့်ချင်ရတာလဲ။ ဘာလဲ ကိုယ့်ကို



ဒီထက်အရှက်ကွဲစေချင်လို့လား။"

"မဟုတ်ပါဘူး ကိုသန်း။"

"တကယ် မဟုတ်ရပါဘူး ကိုသန်းရယ်။ နုနုတို့ လာတာ ကိုသန်းရဲ့ အရှက်သိက္ခာကိုပြန်ဆယ်ပေးကြဖို့ပါ မာလာရေ 'မာလာ ကိုကို့'ကို ကူပြောပေးပါဦးကွယ်"

ဦးတင့်မောင်နဲ့ဒေါ်နုနုရီ ဦးသန်းမြင့်ဇော်နားလည်လက်ခံလာအောင်၊ သွေးအေးအေးပြော၏။ ထို့ပြင် ဒေါ်ပန်းမာလာကိုလည်း ဒေါ်နုနုရီ တစ်ဆက်တည်း အကူအညီတောင်းလေသည်။

"ကိုကိုရယ်။ နုနုတို့ပြောတာကို ခဏ နားထောင်ပေးလိုက်ပါကွယ်"

ဒေါ်ပန်းမာလာလည်း ခင်ပွန်းသည်အနားတိုးလာရင်း ဆိုဖာပေါ် ထိုင်ပါဦးလို့ တောင်းပန်သလို ဆိုလေသည်။

ဦးသန်းမြင့်ဇော်ငြင်းဆန်ဖို့ ပါးစပ်ပြင်လျှင်

'ဒီမှာ သန်းမြင့်ဇော်နေရာတကာမှာ 'မင်း'ထင်သလို လုပ်နေသမျှ 'မင်း'စိတ်ပဲပူလောင်ခေါက်ကွဲနေရမယ် ဟဲ့။ တင့်မောင်နဲ့ နုနုရီလာတာ ဘာကိစ္စလဲဆိုတာ 'မင်း'နားထောင်ပေးလိုက် စမ်းပါ။ မင်းဘာမှ ဂယနဏ မသိဘဲ၊ ထင်တိုင်း ဖွတ်ကြမနေနဲ့။"

ယောက္ခမ ပြင်းပြင်းထန်ထန်ပြောချ၏။

ဦးသန်းမြင့်ဇော်ရင်မှာ ရှက်တာရော ဝမ်းနည်းတာပါရောကာ။

"အမေ၊ ဘာမှ မသိဘဲနဲ့ဗျာ။" ဟု

အသံအက်ကြီးနဲ့ တုန်ခါမတတ် ပြောလေသည်။

"မင်းကသာ ဘာမှမသိတာ ငါသိလို့သိသိချင်း သိသိချင်း နုနုရီ

www.burmeseclassic.com

www.burmeseclassic.com



ကို အကြောင်းကြားလိုက်တာပဲ"

ယောကျ်ားမက လုံးဝမလျော့တဲ့အသံနဲ့ တရစပ်ပြောခလသည်။

ထိုအခါ ဦးသန်းမြင့်ဖော်မှာ ရှက်လွန်း ခံပြင်းလွန်းလို့ မျက်နှာကို လက်ဖဝါးနဲ့ဖိပွတ် ရင်းခေါင်းငိုက်စိုက်နဲ့ ထိုင်ချလေသည်။

အားလုံးလည်းဝင်ထိုင်ကြတော့၏။

ဦးသန်းမြင့်ဖော်ဘယ်သူနဲ့မှမျက်လုံးအဆိုင်မခံ။

ဦးတင့်မောင်နဲ့ဒေါ်နုနုရီ နားလည်ပေးနိုင်သော မျက်လုံးနဲ့ စာနာစွာ ကြည့်လေပြီး စကားစ၏။

"ကိုသန်း။ ကိုသန်းရင်ထဲမှာ ကိုသန်းသမီးအတွက် အရှက်သည်း ရ ယူကျုံးမရဖြစ်ရနဲ့ ဗျာများပြီး ဆူပူပေါက်ကွဲနေမယ်ဆိုတာ ကိုယ်သိ တယ်။ ကိုယ်တို့ချင်း ကတိပေးထားတဲ့ကိစ္စ ပျက်ရပြီးလို့ ယူကျုံးမရဖြစ်စိတ်နဲ့ မျက်နှာချင်းမဆိုင်ချင်ဖြစ်နေတာ 'ကိုယ်' နားလည်ပါတယ်ကွာ"

ဦးသန်းမြင့်ဖော် ဘယ်သူနားချ၊ ဖျောင်းဖျတာကိုမှ မခံချင်။ အတင်းအကျပ် ပြောနေလို့သာ နားကကြားနေရတာ။

ခံပြင်းပြင်းနဲ့ ခေါင်းသာရမ်းလျင်

"ဒီလို ကိုသန်း ကိုယ့်သားအကြောင်း ကိုသန်း သိသင့်သလောက် ကိုယ်ကြိုပြောပူးပါတယ်"

'ကျွတ်၊ ဘာဖြစ်လို့ ဒါတွေ အစဖော်နေရတာလဲကွာ"

ဦးသန်းမြင့်ဖော် ထိနိုက်ကြေကွဲစွာ ဆိုသည်။

အဖြစ်အပျက်က တိမ်မယောင်နဲ့နက် လွယ်မယောင်နဲ့ခက် ဆိုသလိုဖြစ်ရတာ ဒါမျိုးပဲထင်ရဲ့။

ကျန်းမာရေးစစ်ဖို့နဲ့ အလုပ်ကိစ္စအတွက် သူတို့ဖနီးမောင်နှံ



ဆစ်ဒနီကို ရောက်စဉ်က ဦးတင့်မောင် ဒေါ်နုနုရီတို့နဲ့ Lucky Moon စင်တာမှာ မထင်မှတ်ဘဲ ဆုံခဲ့ကြသည်။

♛♛♛♛♛

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃၃)

နုနုရီနဲ့ သန်းမြင့်ဇော်က အထက်တန်းကျောင်းတုန်းက အတူတူပင်။ သူနဲ့နုနုရီက စိတ်တူကိုယ်တူ သူငယ်ချင်းတွေ ဖြစ်ခဲ့ကြသည်။ ပထမနှစ် စတက်တော့ ကိုတင့်မောင်နဲ့နုနုရီ ခိုးရာလိုက်ပြေး၏။ နုနုရီ မင်္ဂလာဆောင်ပြီးတော့လည်း နှစ်ဖက်မိဘအသိအမှတ်မပြုပါ။ ဒီတော့ အခက်အခဲဖြစ်ကာ ကျောင်းဆက်မတက်တော့ပါ။ ထိုအခါ သူငယ်ချင်းတွေ အနေဝေးနေခဲ့သည်။

သူကလည်း ကျောင်းတစ်ဖက် အလုပ်ကိစ္စတစ်ဖက်နဲ့မို့ 'မလေး' ရောက်လိုက်၊ 'ထိုင်ဝမ်'ရောက်လိုက်နဲ့ နုနုရီနဲ့ အဆက်ပြတ်နေခဲ့၏။

နုနုရီတို့လင်မယား အမေရိကားရောက်သွားတာ နောက်ဆုံး သတင်း သဲ့သဲ့မျှသာ ကြားလိုက်ရသည်။ လူချင်းမဆုံဖြစ်တော့ပါ။



သူလည်းကျောင်းပြီးလို့ ငါးနှစ်လောက်ကြာမှ ပန်းမာလာနဲ့ လက်ထပ်ကာအခြေကျခဲ့သည်။ သူမင်္ဂလာဆောင်တာလဲ နုနုရီ မသိပါ။ သူလည်း အကြောင်းမကြားခဲ့ပါ။

မမျှော်လင့်ဘဲ Lucky Moon မှာ ပြန်ဆုံတော့ အံ့သြဝမ်းသာလျက် 'သူ့'အကြောင်း ကိုယ့်အကြောင်း ပြောကြ၏။

နုနုရီတို့ လင်မယားမှာ သားသမီး အကျိုးမပေးလှပေ။ ကိုယ်ဝန်ရတိုင်း ပျက်ကျတာတွေ များသည်။ ဂရုတစိုက်နဲ့ နေထိုင်ပြီး ကိုယ်ဝန်ပျက်မကျအောင်ထိန်းသိမ်းတဲ့ အခါမှာလည်း ကလေးက အဖတ်မတင်။

သားတစ်ယောက်နဲ့သမီးတစ်ယောက်အရှင်မွေးခဲ့ပါသည်။ သို့သော်လည်း ဘာရောဂါမှ ကြီးကြီးမားမားမရဘဲ သားဦးက တစ်လပင်မခံ ဆုံးပါး၏။

သမီးကအခါလည်အရွယ် လမ်းလျှောက်တတ်စမှာ ခလုတ်တိုက်လဲကျရာက အသက်ပါ ပါသွားလေသည်။

ဒီလိုတွေဖြစ်လာတော့ နုနုရီတို့လင်မယား စိတ်နှလုံးထိခိုက်လေသည်။

သားသမီးလည်းလိုချင် မွေးလည်းမမွေးရဲ ကိုယ်ဝန်လည်း မဆောင်ရဲ အောင်ဖြစ်ခဲ့ပါသည်။

"သားသမီးကို မိဘကပိုင်ဆိုင်ရတာ ပဋိသန္ဓေဆက်ရှိမှပါ။ ပဋိသန္ဓေဆက်နည်းရင် ဒီလိုပဲပျက်စီးကိန်းဆိုက်လေ့ရှိတယ်။ တင့်မောင်နဲ့နုနု တို့မှာ သားသမီးရကိန်းသာရှိပြီး၊ ပိုင်ဆိုင်ကိန်းက သိပ်အားနည်းနေတယ်။

သူတို့ လင်မယားပစ္စည်းလေးပါး ထောက်ပံ့ထားတဲ့ ယောဂီဝတ်မယ်တော်က ထိုသို့ဆိုလျှင်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို နုနုတို့မှာသားသမီးပိုင်ဆိုင်ခွင့် ပဋိသန္ဓေ ဆက်မရှိဘူး ဆိုတာမျိုးလား "

"အဲဒီသဘောပဲကွယ်"

'မယ်တော်ရယ်။ နုနုကတော့ သားသမီး အရမ်းလိုချင်ပါတယ်။ မွေးလိုက်တိုင်း အဖတ်မတင်တော့ စိတ်ထိခိုက်ရပါတယ်။ ခုလည်း နုနုဆီမှာ သန္ဓေတည်နေပါတယ်။ ဒီရင်သွေးလေးကို ကိုပိုင်ဆိုင်ခွင့်ရဖို့ ပဋိသန္ဓေဆက် ရှိနိုင်ပါ့မလား"

"အိန်း။ မယ်တော် အကြံပေးချင်တာက ရင်သွေးလေး မွေးလာရင် တင့်မောင်နဲ့နုနုတို့ ဒီရင်သွေးလေးကို လက်ဝယ်မထားပါနဲ့"

"ရှင်။ ရှင် ဘယ်လို သဘောပါလဲ မယ်တော်"

ဦးတင့်မောင်နဲ့ဒေါ်နုနုရီ နားမရှင်းစွာ မေးလေသည်။

မယ်တော်က သားသမီးပိုင်ဆိုင်ခွင့်ရရန် ပဋိသန္ဓေဆက် အားနည်းလှတဲ့ ထိုဖနီးမောင်နှံရဲ့ဇာတာကို တွက်ချက်မိတာကြောင့်။

"ဒီလို တင့်မောင်ရဲ့။ နုနုဝမ်းက ကျွတ်တာနဲ့ အဲဒီရင်သွေးကို တစ်ခြားမိဘရင်ခွင်ထဲပြောင်းပေးလိုက်ဖို့ပဲ"

'ဟင်'

"တစ်ချို့ဖနီးမောင်နှံတွေက သားသမီးပိုင်ဆိုင်တဲ့ ပဋိသန္ဓေဆက် အားက သိပ်ကောင်းတယ်။ အဲဒီပဋိသန္ဓေဆက်စွမ်းအားကောင်းတဲ့အတွက် ကြောင့် သူတို့ လက်ထဲရောက်ရင် သေလုမျောပါးဖြစ်နေတဲ့ ရင်သွေးများ တောင် အသက်ရှင်ကျန်းမာလာတာမျိုး မယ်တော်ကြုံဖူးတယ်။ မြင်လည်း မြင်ဖူးတယ်။ ဒါကြောင့် တင့်မောင်တို့ကို မယ်တော်အကြံပေးမိတာကွယ်။ ကိုယ့်သွေးသားတော့ ကိုယ့်သွေးသားပဲပေါ့။ ကိုယ့်လက်ထဲမှာ သက်စိုးရှည်



ခွင့်မရပေမယ့် သူတို့လက်ထဲရောက်လို့သက်စိုးရှည်တာမျိုးက အဲဒီ ရင်သွေးနဲ့ သူတို့ရဲ့ပဋိသန္ဓေဆက်ချင်း ချိတ်ဆက်လာတဲ့ အတိတ်ကံအကြောင်း ဟာ ပစ္စုပ္ပန်အထိအကျိုးခံစားခွင့်ရတဲ့သဘောမျိုးလို့ပေါ့"

မယ်တော် စကားအဆုံးမှာ ကိုတင့်မောင်တို့ဖနီးမောင်နှံ နားလည် စပြုကာ ခေါင်းတဆတ်ဆတ်ညိတ်လေသည်။

ကိုယ်ဝန်သုံးကြိမ်တိုင်တိုင်ပျက်ဖူးကာ အရှင်မွေးတဲ့ သားသမီး နှစ်ဦးမှာလဲအဖတ်မတင်ဖြစ်ခဲ့ရသည်။

နောက်ထပ်ဖြစ်တည်နေတဲ့ ရင်သွေးလေး ရှေ့ရင်သွေးများလို တိမ်းပါးကုန်မှာလဲ ဖနီးမောင်နှံအထူးစိုးရိမ်လျက်ရှိ၏။

မယ်တော်ဆိုတဲ့အတိုင်း တစ်ခြားမိဘရင်ခွင်ပြောင်း ထားကြည့် ချင်စိတ်လည်း ထက်သန်လှသည်။

ဒါကြောင့် မယ်တော်ကိုပဲ အကူအညီ တောင်းရလေသည်။ မယ်တော်ကလည်း ကြားဝင်ကူညီရှာသည်။

နုနုဝမ်းက ကျွတ်လာတဲ့သားကို မယ်တော်ရဲ့ မိတ်ဆွေရင်း ဖနီးမောင်နှံဆီကို လက်ပြောင်းပေးလိုက်လေသည်။

သားအတွက် ငွေကြေးကအစ အစစအရာရာ သူတို့လင်မယား ထောက်ပံ့ပေးသော်လည်း ထိုဖနီးမောင်နှံ လက်မခံပါ။

သူတို့ရဲ့သားအရင်းလို သူတို့ပဲတာဝန်ယူပြုစုပျိုးထောင်သွားမယ်လို့ ပြောကာ ငွေကြေးပံ့ပိုးသမျှကို ငြင်းဆန်ခဲ့သည်။

ကံကပဲအကျိုးပေးတာလား။ တိုက်ဆိုင်တာလားမသိပါ။

မိခင်နို့ရည်တစ်ပေါက်မှ မသောက်သုံးရသလို မိခင်ရင်း ရင်ခွင် မှာလဲ မနိုလှုံ့ရပါဘဲ တစ်ပါးမိဘ ရင်ခွင်ထဲမှာ ကျန်းမာရေး ကောင်းစွာ

www.burmeseclassic.com

www.burmeseclassic.com



ရှင်သန်ခဲ့တဲ့ သားရယ်။

ဝမ်းနဲ့လွယ်မွေးရတဲ့ သားဖြစ်ခဲ့ပေမယ့် မေတ္တာတံတိုင်းခြားနေရတဲ့ သားနဲ့သူမတို့ မိသားစုအဖြစ်က ဝမ်းနည်းရမှာလား။ ဝမ်းသာရမှာလား။

တွေးရခက်လှပါတယ်။

သားက ဟိုမိဘအပေါ်သာ မေတ္တာပိုခဲ့ကာ။

သူမတို့ မိဘရင်းအပေါ် အသိအမှတ်ပြုရုံသာ ဆက်ဆံခဲ့တာ ငယ်ငယ်ကတည်းကပါ။

ဘာပဲဖြစ်ဖြစ်လေ။

သူတို့ဖနီးမောင်နှံမှာ ရှားရှားပါးပါး ရှင်သန်နေတဲ့ ရင်သွေးလေး ရှိနေတာပဲ ဆိုတဲ့အသိနဲ့ ဖြေသိမ့်ကာ။ ဝေးဝေးကပဲ ချစ်နေရတဲ့အဖြစ်။

သူတို့ အမေရိကမှာ စီးပွားရေး အခြေကျတော့ပို၍ အနေဝေးသွားစေသည်။

ဒါပေမဲ့

သားရဲ့မွေးစားမိဘများကတော့

"နုနုတို့သားဟာ နုနုတို့သားပါပဲ"လို့

တတွင်တွင်ထုတ်ပြောလျက် သားရင်းလို ချစ်ခင်ကြင်နာစွာ ပြုစုစောင့်ရှောက်ခဲ့လို့၊ ခုဆို သားက ဘွဲ့ရပြီးပြီ ဖြစ်သည်။

"ကိုယ်တို့ရဲ့တစ်ဦးတည်းသော သားအတွက်၊ ကိုယ်တို့ မိဘရင်းအနေနဲ့ဝတ္တရားရှိတဲ့အတိုင်းဆောင်ရွက်ပေးချင်တယ်"



"နုနုက ကိုသန်းရဲ့သမီးနဲ့ပဲ သဘောတူတယ်။ နုနုတို့ဒီမှာရှာဖွေသမျှက နည်းနည်းနောနောမဟုတ်ဘူး။ ဒါတွေကို သားကို ခံစားစေချင်တယ်။ ကိုသန်းရဲ့သမီးကိုပဲ ရစေချင်တယ်။ ကိုသန်းမငြင်းနဲ့နော် နုနုကတော့ ဖွင့်ပြောတော့ ဖွတ်ပဲ"

သမီးကို မမြင်ဖူးကြဘဲ သူတို့လင်မယား အတင်းအကျပ်ပဲ တောင်းဆို လေသည်။

ဦးသန်းမြင့်ဇော်နဲ့ ဒေါ်ပန်းမာလာတို့ ကတိမပေးချင်း တဖွဖွပြောဟကိုကိုယူသောနဲ့။

နောက်ဆုံးတော့

ဦးတင့်မောင် ဒေါ်နုနုရီတို့ရဲ့သားကို ဦးသန်းမြင့်ဇော်နဲ့ ဒေါ်ပန်းမာလာ မမြင်ဖူးဘဲနဲ့ ၊သူ့ငယ်ချင်းရင်းသံယောဇဉ်ကြောင့် ခေါင်းညိတ်လက်ခံခဲ့ရသည်။

နုနုရီရဲ့သားမို့ လှည့်ကြည့်စရာမလို။ အစစ အရာရာ ဂုဏ်အဆင့်အတန်းရှိသလို ဒိတ်ဒိတ်ကြဲဖြစ်နေတာကြောင့် ဖခင်စိတ်နဲ့ လိုလိုလားလား ကတိပေးကာ သဘောတူခဲ့ကြသည်။

တကယ်တမ်းတော့ ထင်သလိုဖြစ်မလာ။

သမီးကို အသိပေးဖို့စီစဉ်ကာရှိသေးတယ်။ သမီးက ရည်းစားနောက်လိုက်ပြေးတော့ ဦးသန်းမြင့်ဇော် အရှက်ကွဲလေသည်။

ဦးတင့်မောင်နဲ့နုနုရီ မျက်နှာချင်းဆိုင်ဖို့ မဖြစ်နိုင်တော့ပါ။

ဒါကြောင့် စင်္ကာပူမှာသွားရှောင်နေဖို့ အဆင်သင့်ဖြစ်ကာမှ။

"သားဟာ ကိုယ်တို့လက်ထဲမှာ မဟုတ်ဘူး။ မွေးစား မိဘရင်ခွင်ထဲမှာဆိုပေမယ့် အဲဒီမွေးစားမိဘဟာ တစ်ခြားမဟုတ်ဘူး ကိုသန်း။

www.burmeseclassic.com

www.burmeseclassic.com



ဦးစိုးကြိုင်နဲ့ဒေါ်မိမိဦးပေါ့ ကွ''။

'ဟင်'

ဦးတင့်မောင်စကားအဆုံးမှာ ဦးသန်းမြင့်ဇော်မယုံနိုင်၊ မျက်လုံးဝိုင်းကာ နှုတ်ခမ်းတွေပွင့်ဟ သွားလေသည်။

''ဟုတ်တယ် ကိုသန်းရဲ့။ နုနုသားက ကိုစိုးနဲ့ မမိမိတို့ရဲ့ မွေးစားထားတဲ့သားပါကွယ်''

ဒေါ်နုနုရီ ဝမ်းသာဝမ်းနည်း စိတ်နဲ့ရောရောထွေထွေဆိုလေသည်။

''ကျွန်တော်တို့က ကိုသန်းမြင့်ဇော်နဲ့ ကိုတင့်တို့ ဆစ်ဒနီမှာ သားရေး သမီးရေးသဘောတူတဲ့ကိစ္စကို သိမထားပါဘူး။ သားကိစ္စမှာ ကိုသန်းမြင့်ဇော်တို့ဘက်က လက်ခံနိုင်တာတွေနဲ့ ပြင်းထန်လာတော့ သားမိဘအရင်းကို အကြောင်းကြားတော့မှ အကြောင်းစုံသိရတာပါဗျာ''

ဦးစိုးကြိုင်လည်း ဝင်လာရင်း ပြောရှာသည်။

''ဒါဆို အဓိက က ကိုတင့်နဲ့မမနု သားရင်းပေါ့နော်''

ဒေါ်ပန်းမာလာ ဝမ်းသာစိတ်နဲ့ ကတုန်ကရင် မေးလေသည်။

''အသေအချာပေါ့ဗျာ''

''သိပ်သေချာတာပေါ့ မာလာရယ်''

ဦးတင့်မောင်တို့ဇနီးမောင်နှံ ပြိုင်တူပြောလျှင် ဦးစိုးကြိုင်နဲ့ဒေါ်မိမိဦး တကယ့်ကို အလေးအနက် ခေါင်းညိတ်ရှာလေသည်။

ဒေါ်ရွှေအိမ်ကတော့

'ဘယ်နှယ်ရှိစ' ဆိုတဲ့

သဘောနဲ့ သားမက်ကို ကြည့်သည်။

'ကိုတင့်မောင်နဲ့နုနုရီရဲ့သားဆိုတဲ့အသိကြောင့် ဦးသန်းမြင့်ဇော်



မျက်ဝန်းမှာ လှိုက်မြူးဝမ်းသာရိပ်တွေလင်းချင်းလာသည်။

ဒါပေမဲ့

ယောက္ခမ မျက်စောင်းထိုးတာကို မခံချင်တာမို့ ဟန်အပြည့်နဲ့ထိန်းကာ။

''အဓိက က နုနုသားဆိုရင် အစကတည်းက ကိုယ်လက်ခံထားတဲ့အတိုင်းစီစဉ်တာပေါ့ကွ။'' ဟု

ပုံမှန်သံနှင့် ဆိုမိလေသည်။

ဦးသန်းမြင့်ဇော်ရင်ထဲမှာတော့ သမီးအတွက် အတိုင်းအဆမဲ့ဂုဏ်ယူဝမ်းမြောက်ကာ။ လက်ခမောင်းခတ်လိုက်ချင်သည်အထိ လှိုက်လှိုက်လှဲလှဲချည်း ခံစားရလေသည်။

သမီးရယ်။

သမီးတို့ ချစ်ခြင်းကို ဖေဖေမခွဲတော့ပါဘူး ကွယ်လို့ အသံတိတ်ကတိတွေ အကြိမ်ကြိမ်ပေးရင်း။

♛♛♛♛♛♛

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃၄)

'မောင်က ဖေဖေတို့ လက်ခံထားတဲ့ ဦးတင့်မောင်နဲ့ ဒေါ်နုနုရဲ့သားအရင်းတဲ့။

အို။

တိုက်ဆိုင်လွန်းလှတဲ့အဖြစ်ရယ်။

'မိး'နှလုံးသားမှ ဝမ်းသာလွန်းလို့ မျက်ရည်တွေ အသောမတတ်လှိုက်လာကာ မျက်ဝန်းဆီမှ တစ်ဝေါဝေါ ပြိုကျလာသည်က ချစ်မျက်ရည်ရေတံခွန်လေးနှယ်။

'ဒါနဲ့ သား အမိကရော''

ဘွားဘွားဝင်မေးသံ 'မိး' ကြားလိုက်လေသည်။ မောင့်ဘယ်မှာလည်း 'မိး' လည်း သိလိုလှသည်။ မိးပန်းလေးကို ရင်မှာ ပွေ့ပိုက်ထားရင်း



နားစွင့်လျှင်

ကားရပ်သံနဲ့အတူ တစ်ဆက်တည်းကြားရတဲ့အသံ။

ဒေါ်မိမိဦး ကားပေါ်က ကမန်းကတန်းဆင်းလာကာ ဧည့်ခန်းထဲဝင်လာပြီးပြောတဲ။

"လုပ်ကြပါဦး။ သားကထင်ရာတွေ လုပ်ပြန်ပြီ"

"ဘာ ဘာ လဲ မိ"

"သားက ဘာလုပ်လို့လဲ"

ဒေါ်မိမိဦးကို ဝိုင်းမေးကြတဲ့ အသံတွေ ညံစီ သွားလေသည်။ ဒေါ်မိမိဦး ရင်မှာမကောင်းဖြစ်သလို ဝမ်းလည်းနည်းကာ။

"မိုးသားနဲ့စာချွန် လာပြောတယ်လေ။ ဟင့် ဟင့် ဟင့်"

ပြောနေရင်း ဒေါ်မိမိဦး ငိုလေသည်။

ဦးစိုးကြိုင်စိတ်က ပူလောင်သွားသည်။ ကားပေါ် ပါလာကြတဲ့ မိုးသားကို လှမ်းကြည့်ပြီး။

"မောင်မိုးသား။ သား သား ဘာဖြစ်လဲ။ ခု ဘယ်မှာလဲ။"

"မြန်မြန်ပြောကြပါ မောင်တို့ရယ်"

လူကြီးတွေအားလုံး ခြေမကိုင်မိ လက်မကိုင်မိနဲ့ ပျာယာခတ်ကာ အလုအယက်မေးကြလေသည်။ မိုးသား ကားပေါ်က ဆင်းလာရင်း ပြောသည်။

" 'မိ'ကို ကျွန်တော်တို့လဲ တားမရဘူး"

"ဘယ်လို"

"ဟုတ်ပါတယ်။ 'မိး'နဲ့ 'မိ'ကို သဘောမတူတာ၊ 'မိ'မှာဘာပိုင်ဆိုင်မှုမှ မရှိတာရယ်၊ 'မိး'ကလည်း အနိုကယ်သန်းတို့ စကားနားထောင်

www.burmeseclassic.com

www.burmeseclassic.com



ပြီး ပြန်မဆက်သွယ်တာတွေကြောင့် 'မီး' မိဘလက်ခံနိုင်တဲ့ အခြေအနေ တစ်ခုရအောင် ကိုးရီးယားမှာ အလုပ်သွားလုပ်မယ်ဆိုပြီး ထွက်သွားတယ်''

''ဟင်''

အားလုံးမျက်လုံးတွေ ပြူးကျယ်ကုန်သည်။

''သားရယ်၊ သားဟာ မိဘရင်းကို အားမကိုးဘူး၊ ကိုယ့်မိဘမှာ စည်းစိမ်ဥစ္စာအလျှံပယ်ရှိနေတာ သိလျက်နဲ့ကွယ် ဟင့်ဟင့်ဟင့်''

ဒေါ်နုနုရီ ဒိတ်ထိခိုက်လျက်ငိုလေသည်။

သားရယ်၊ သားကို ဒက်ဒီခွင့်မပြုနိုင်ပါဘူးကွယ်။

''အခု သားဘယ်မှာလဲ''

ဦးတင့်မောင်စိတ်လှုပ်ရှားစွာ မေး၏။

'''လေဆိပ် ဆင်းသွားပြီ''

''ဟင်''

'မီး' ဘာမှဆက်မကြားလိုတော့ပါ။

လူကြီးမိဘတွေအားလုံး လိုက်ကြဖို့ပြင်ဆင်ကြချိန်မှာ 'မီး' ဘာမှတွေးမနေတော့ပါ။

ရင်ခွင်ထဲပွေ့ကိုင်ထားတဲ့အလှမီးပန်းလေးကို မှန်တင်ခုံမှာ တယု တယတင်လျက်။

အခန်းထဲက ထွက်ကာ ဖေဖေ၊ မေမေ၊ ဘွားဘွားနဲ့ မောင့်မိဘ များ ရှေ့ကလှစ်ခနဲပြေးထွက်လျှင်။

''ဟင်''

''ပြေး''

'မီး' မိဘနဲ့ဘွားဘွားရဲ့စိုးရိမ်သံတွေ လွှမ်းမိုးလေသည်။



''အိုး သမီး၊ နေဦးလေ။''

အားလုံးရဲ့ တားမြစ်သံတွေကို 'မီး' နားမဆင်တော့ပါ။

မိုးသား ကားကို'မီး' ကိုယ်တိုင်မောင်းကာ မောင့်ဆီဦးတည်ခဲ့ လေပြီ။

မောင်ရယ်

'မီး'ကို နာကြည်းသွားလို့ မဟုတ်လား။ 'မီး'ကလေ မောင့် ဆီက ဂုဏ်တွေ ငွေတွေ ပကာသနတွေ လိုချင်ခဲ့တာ မဟုတ်ဘူး။

ရင်ထဲအသည်းထဲက အချစ်တွေပြည့်သိမ့်နေတဲ့ ချစ်သူမောင့်ကိုပဲ လိုချင်တာပါကွယ်။

♛♛♛♛♛♛

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၅)

"မောင်"

လေဆိပ်ခန်းမဆောင်ထဲ ရောက်သည်နှင့် ခေတ်သမီးမျက်လုံးအစုံက မောင့်အရိပ်ကို ရှာဖွေကာ။

ရင်ထဲမှ လှိုက်လှိုက်လှဲလှဲခေါ်မိသည်။

'မောင်'

'မီး'ကိုခွဲမသွားပါနဲ့ ချစ်ရယ်။

မီးကို နာကြည်းစိတ်နဲ့ ကြောခိုင်းမသွားပါနဲ့ကွယ်။ မောင့်ဆီ မီး'အချစ်တွေနဲ့လိုက်ခဲ့ပြီလေ။

"မောင်"

မီးခေါ်သံက ဧည့်ခန်းမဆောင်ထဲ ပျံ့လွင့်လေပြီ ဧည့်ခန်းမဆောင်



ထဲက၊ ခရီးသွားဧည့်သည်များ 'မီး'ကို တအံ့တသြလှည့်ကြည့်ကြပေမယ့် 'မီး'ဘာကိုမှ မမှုနိုင်တော့ပါ။

မောင့်ကိုပဲ တကြော်ကြော်ခေါ်ရင်း ရှာဖွေနေစဉ်။

"ဟော။ တွေ့ပြီ "

"မောင်။"

ပြည်ပထွက်ခန်းဆီ သွားနေတဲ့ မောင်က အနောက်တိုင်းဝတ်စုံခဲပြာရောင်လေးနဲ့ စမတ်ကျနေပါသည်။

မောင့်ကိုမြင်လိုက်တော့ 'မီး'ခမျာ ကလေးလေးလို မြူးတူးခုန်ပေါက်ကာ။

"မောင်"

အသံမြှင့် ခေါ်ကာ မောင့်နောက် ခြေလှမ်းကြဲနဲ့၊ သွက်သွက်ကလေး သွားလျှင်။

ကောင်းစပဲရှိသေးတဲ့ 'မီး' ခြေထောက်ဒဏ်ရာက အောင့်အက်နာမျက်လာပြီး ခြေလှမ်းတွေ ဆက်လှမ်းလို့ မနိုင်တော့ပါ။

နာကျင်နေတဲ့ခြေလှမ်းကိုလည်း ထိန်းလို့မရဖြစ်ကာ။

ဒဏ်ရာအရှိန်တတ်လာလျှင် မောင့်နောက်လိုက်ပါနေတဲ့ ခြေလှမ်းက လိမ်ခေါက်ကာ။

'ဝုန်း' ခနဲဆို

'မီး'ကိုယ်လုံးလေး ပစ်ချကျသွားလေပြီ။

"မောင်"

နာကျင်အက်ကွဲသော 'မီး'ခေါ်သံ ကျယ်လောင်သွားကာ နာကျင်ကြေကွဲသော ငိုသံပါ ပါသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟီး ... ဟီး ... ဟီး "

ခေါ်သံနှင့် ဝုန်းခနဲကျသံ နောက် ငိုသံတွေကြောင့် 'အမိက' လှည့်ကြည့် မိလျှင်

"မီး"

အမိကနှလုံးသားက မာနတို့ရုတ်ချည်း ကွာကျလေသည်။

အတက်မှီကျော့စ်အိတ်လေး လက်ထဲကလွတ်ကျကာ ပြေး လာတဲ့ မောင့်ခြေလှမ်း။

"မီးရယ်"

ခွေခေါက်ပုံကျနေရှာတဲ့ 'မီး'ကိုယ်လေးကို ကြင်နာစွာ ပွေ့ပိုက် ထူမပြီး ရင်ခွင်မှာ ကပ်ထားမိတာ ချစ်တဲ့စိတ်ကြောင့်ပဲ မဟုတ်လား။

"မောင်။ မီးကို နာကြည်းသွားလား ဟင်"

အမိက ခေါင်းရမ်းကာ မီးနဲ့ပါးချင်းကပ်ထားမိလေပြီ။

ဖေးမကူတွဲထားတဲ့ မောင့်ရင်ခွင်ထဲမှ မောင်ဆွဲထူထစေသည့် အတိုင်း မီးအလိုက်သင့်ထလေသည်။

"သား"

ခေါ်သံတွေနဲ့ စိုးရိမ်ပြီး ရောက်လာကြတဲ့မိဘတွေ။

"အန်ကယ်က အန်ကယ့်သမီးနဲ့သဘောမတူနိုင်တာ ဘာကြောင့် ညာကြောင့်မှ မဟုတ်ဘူးကွ။ နုနု သား မဟုတ်လို့ပါ။အခုသားက နုနုနဲ့ ကိုတင့်မောင် သားရင်းဆိုတော့ အန်ကယ့်အနေနဲ့ ငြင်းစရာအကြောင်း မရှိတော့ဘူး။ အန်ကယ်သမီးအတွက် မောင်မိ တကယ်လိုအပ်ပါတယ်။ မောင်မိ ဘယ်မှသွားပြီး စီးပွါးရှာနေဖို့ မလိုဘူးကွ"

ဦးသန်းမြင့်ဇော် လိုလိုလားလား လှိုက်လှိုက်လှဲလှဲ ဆိုချေသည်။



"သားရယ်။ မီးကို ထားရစ်ပြီး ထွက်မသွားပါနဲ့ကွယ်။ ဒက်ဒီ တို့အစီစဉ်အတိုင်း မင်္ဂလာဆောင်ပေးပါရစေနော် သား"

"ကဲ သား။ မေမေလည်း သားနဲ့မခွဲနိုင်ပါဘူး။ သားလည်း မေမေတို့နဲ့ မခွဲနိုင်တာ မေမေသိပါတယ်။ လာပါ သားရယ်"

ဒေါ်နုနုရီနဲ့အတူ ဒေါ်မိမိဦး မခွဲနိုင်စွာ ပြောလေသည်။

"ကဲပါ ကွာ။ လူကြီးတွေ စိတ်ညစ်အောင် ထွက်မသွားနဲ့တော့ သူငယ်ချင်း"

စာချွန်တို့လည်း ပြောကြလျှင် 'အမိက'ခေါင်းသာ ညိတ်မိလေသည်။ အမိက ခေါင်းညိတ်မှ အားလုံးပျော်ရွှင်သွားကာ ခုမှပဲ သောကတွေ ငြိမ်း၏။

"လာ"ဟု

လူကြီးတွေ ရှေ့က ဦးဆောင်လေဆိပ်ဧည့်ခန်းမဆောင်ကို ကြော ပေး သွားလေသည်။

မီးသူငယ်ချင်းတွေရော မောင့်သူငယ်ချင်းတွေရော မီးနဲ့မောင်နဲ့ ကပ်လာပြီး ပြောသည်။

"မင်းတို့နှစ်ယောက်ကို ကိုယ်တို့အထူးပွဲလုပ်ပေးမယ်"

မိုးသား ဦးစွာဆိုသည်။

'ဘာပွဲ လဲ' လို့

မီး နဲ့ မောင် ရှက်ရိပ်လေးနှင့် မေးဆတ်မေး၏။

မိုးသားက ရှက်ရိပ်စံကို မျက်စနဲ့ အချက်ပေးကာပြောလိုက်ဟု အသံတိတ်ဆိုလျှင် ။

"ဘာပွဲလဲ ဆိုတော့"

"လဝန်းပွဲတော် လား"

www.burmeseclassic.com

www.burmeseclassic.com



ပပနဲ့ အင်္ကြင်းနီ သီချင်းစိတ်နဲ့ လောလောချည်းမေး၏။ ရွက်ရိုပ်စံ ခေါင်းလေးရမ်းကာ။

"မဟုတ်ဘူး" တဲ့ ။

"ဘာပွဲလဲ 'ရွက်ရိုပ်' "

မောင်က သည်းမခံချင် ချက်ချင်းကောက်မေးပြန်၏။

"အင်း။ လဝန်းပွဲတော်ကစတဲ့ 'မိ'တို့နှစ်ဦးလုံးအတွက် ခုချိန်မှာ အလိုအပ်ဆုံးပွဲတစ်ပွဲက တစ်ခြားမဟုတ်ဘူး"

"ဘာ"

"ဘာပွဲ လဲ ။"

သူငယ်ချင်းအားလုံး မေးတဲ့အခါ။

"မင်္ဂလာဦးပွဲ" တဲ့ ။

မမရွက်ရိုပ်စံ ပြောတဲ့နောက်မှာ 'မိး'နဲ့ မောင့် မျက်ဝန်းချင်းအဆုံးမှာ တကယ်ကို ချိုမြိန်သွားလေသည်။ သွေးလည်ပတ်မှုလည်း နွေးကာ လက်ဖဝါးချင်း ထပ်အပ်ဆုပ်ကိုင်လျှင်။

"ကဲ။ မြန်မြန် လာကြ"

ခေါ်သွားတဲ့သူငယ်ချင်းနောက်မှာ မောင်က 'မိး' ကို ကြင်နာစွာ ဖေးကူတွဲသွားသော်လည်း။ မိး ခြေထောက်ဒဏ်ရာ နာရှိန်ရှိတာမို့ 'မိး'လမ်းမလျှောက်နိုင်ဖြစ်ကာ မျက်နှာလှုလှုလေး မဲ့သွားလေသည်။

ထိုအခါ

မောင်က အလိုက်သိသိနှင့် ဇွေ့ခနဲ ပွေ့ချီလျှင်

"အို"

ရင်ခုန်သံမြန်စွာ 'မောင့်'လည်တိုင်ကို 'မိး'လက်နှစ်ဖက်နဲ့သိုင်းဖက်



မိ၏။

ထို့နောက်မှာ မျက်လုံးချင်းလည်း ဆုံသည်။

နှုတ်ခမ်းချင်းပါ နီးကပ်သွားလျှင် နှစ်ဦးစလုံးရဲ့ နှလုံးသားမှ ပြုံးတူတောင်းဆိုသည်က တစ်ခြားမဟုတ်ပါ။

"အချစ်တွေပေးမယ့်၊ ချစ်သူပဲလိုတယ်" တဲ့

♛♛♛♛♛♛

ချစ်ခြင်းနဲ့အတူ ပျော်ရွှင်ချမ်းမြေ့ပါစေ၊

မိန်းကလေး

အမှတ်(၄၅)၊ (၆–A)

ဦးလွန်းလမ်း၊ အရှိုးကုန်းရပ်ကွက်

တာမွေမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း– ၀၉၈၀၂၁၁၃၇

၀၉၄၉၈၀၅၇၁၀

www.burmeseclassic.com